# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၅) ရက် ၊ စနေနေ့ ၊ (24-8-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၁၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## တောင်ငူမြို့ ကေတုမတီမြို့ဟောင်းရှေးဟောင်းအမွေအနှစ်ဆိုင်ရာနေရာများ ပြုပြင်ထိန်းသိမ်းရန်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ငူမြို့ ကေတုမတီမြို့ဟောင်း မြို့ရိုးတူးဖော်ထိန်းသိမ်းထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဩဂုတ် ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်နှင့် ဦးမျိုးသန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ တောင်ငူမြို့ ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်နေရာများ ပြုပြင်ထိန်းသိမ်းရန် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တောင်ငူမြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိကြရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁** ⚐




ရတနာပုံ

၂၀၂၄ ခုနှစ် ဩဂုတ် ၂၄ ရက်

## အယ်ဒီတာ့အာဘော်

# မြန်မာစာပေဖွံ့ဖြိုးမှု သက်တမ်းရှည်ပုဂ္ဂလိကစာပေဆု

မြန်မာစာပေလောက ရှင်သန်ဖွံ့ဖြိုးရေးကြိုးပမ်းကြရာတွင် စာပေများပြုစုရေးသားနေကြသည့် စာဆိုတော်ကြီးများ၏အခန်းကဏ္ဍသည် အရေးပါသကဲ့သို့ စာပေပညာရှင်ကြီးများကို ချီးမြှင့်သည့် နိုင်ငံတော်အစိုးရနှင့်ပုဂ္ဂလိကစာပေဆု တည်ထောင်သူများ၏ အားစိုက်ထုတ်မှုသည်လည်း အဓိကကျပါသည်။ နိုင်ငံတော်အပိုင်းက အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုတို့ကို နှစ်စဉ်ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိပြီး လူသိများသည့်စာပေဆုအမျိုးအစားတစ်ခုဖြစ်သော ပခုက္ကူဦးအုံးဖေစာပေဆုသည် ၁၉၉၄ ခုနှစ်ကစတင်ချီးမြှင့်ခဲ့သော သက်တမ်းရှည်ပုဂ္ဂလိကစာပေဆု တစ်ခုပင်ဖြစ်သည်။

စာဖတ်ပရိသတ်ပြည်သူများအတွက် အကျိုးပြုစာပေများ ရှင်သန်ထွန်းကားရေးနှင့် မြန်မာစာပေဖွံ့ဖြိုးရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဟူသော ရည်ရွယ်ချက်ဖြင့် ပခုက္ကူမြို့ ဗိုလ်ချုပ်လမ်းနေ သိန်းတစ်ရာဆေးပေါင်းရုံပိုင်ရှင် ဦးအုံးဖေက စာပေဒါနမတည်လှူဒါန်းငွေများ လှူဒါန်းခဲ့သည်။ သူ၏စာပေဒါနမတည်လှူဒါန်းငွေများဖြင့် ၁၉၉၄ ခုနှစ်မှစ၍ နှစ်စဉ်ချီးမြှင့်ခဲ့ကြရာ ယခုနှစ်တွင် အကြိမ် ၃၀ မြောက် ပခုက္ကူဦးအုံးဖေစာပေဆုချီးမြှင့်ပွဲထိပင် အောင်မြင်စွာကျင်းပနိုင်ပြီဖြစ်ပါသည်။

မြန်မာစာပေဖွံ့ဖြိုးရေးအတွက် ပခုက္ကူဦးအုံးဖေသည် သူ၏ရည်ရွယ်ချက်အတိုင်း စာပေဒါနဆောင်ရွက်လိုသောကြောင့် ၁၉၉၁ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ထံသို့ နှုတ်ဖြင့်ရော၊ စာဖြင့်ပါ ကမ်းလှမ်းခဲ့ရာ စာပေဆုနှင်းသဘင်ဖြစ်မြောက်ရေးအတွက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကလည်း လိုအပ်သည်များပံ့ပိုးကူညီပေးခဲ့သည်။ ဦးအုံးဖေသည် ပခုက္ကူစာပေဆု မတည်ရန်ငွေကျပ် ၇၆၀၁၂၇၉ ကို ၁၉၉၂ ခုနှစ်တွင် လွှဲအပ်လှူဒါန်းခဲ့ရာ ၁၉၉၃ ခုနှစ်တွင် ပခုက္ကူစာပေဆုပြိုင်ပွဲစတင်ဖိတ်ခေါ်ကာ စာပေဆုချီးမြှင့်ခြင်းကို ၁၉၉၄ ခုနှစ်တွင် စတင်ကျင်းပနိုင်ခဲ့သည်။

ပခုက္ကူဦးအုံးဖေစာပေဆုတွင် ထူးခြားချက်မှာ စာပေဆုအပြင် ၁၉၉၄ ခုနှစ်မှစ၍ ပညာသင်ဆုအဖြစ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူ နှစ်ဦးစီကိုပါ ချီးမြှင့်ခြင်းဖြစ်သည်။ စာပေဆုများစတင်ချီးမြှင့်စဉ်က ဘာသာရပ်တစ်ခုချင်းစီတွင် တစ်ဆုစီသာချီးမြှင့်ခဲ့ရာမှ ၁၉၉၄ ခုနှစ်တွင် ဒုတိယဆုများ၊ ၁၉၉၆ ခုနှစ်တွင် တတိယဆုများကိုပါ တိုးမြှင့်ချီးမြှင့်ခဲ့သည်။

ယခုအကြိမ် ၃၀ မြောက် ပခုက္ကူဦးအုံးဖေစာပေဆုချီးမြှင့်ပွဲတွင် ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆု၊ ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ဆုတို့ကို ချီးမြှင့်မည်ဖြစ်သည်။ ဘဝတစ်သက်တာလုံး စာပေအကျိုးကို တစိုက်မတ်မတ် စွမ်းစွမ်းတမံသယ်ပိုးဆောင်ရွက်ခဲ့သည့် စာရေးဆရာကြီးများ၊ စာရေးဆရာမကြီးများကို တစ်သက်တာစာပေဆုအဖြစ် ဂုဏ်ပြုချီးမြှင့်ခဲ့သည်မှာ ပုဂ္ဂလိကစာပေဆုထဲတွင် ပခုက္ကူဦးအုံးဖေစာပေဆုများသည် ၂၀၂၃ ခုနှစ်ထိဆိုလျှင် ၃၅ ဦးထိပင် ရှိခဲ့ပြီဖြစ်သည်။ ပညာရေးပိုင်းတွင်လည်း ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆုရရှိခဲ့သည့် သား၊ သမီးများသည် ယခုအခါ ပညာရပ်နယ်ပယ်အသီးသီးတွင် နိုင်ငံအကျိုးပြုလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်နေကြပြီဖြစ်သည့်အတွက် ပခုက္ကူဦးအုံးဖေ၏ရည်ရွယ်ချက်များ အောင်မြင်နေသည့်အပြင် ဆက်၍ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပါသည်။

လူသားများအတွက် အဖိုးအတန်ဆုံးအရာသည် အသိပညာဖြစ်ပါသည်။ အသိပညာကို အတွေ့အကြုံနှင့်စာပေက ရရှိနိုင်သည့်အတွက် စာကောင်းပေမွန်၊ စာအုပ်စာပေများသည် လူသားတို့၏ထာဝရမိတ်ဆွေများဖြစ်ကြပါသည်။ စာအုပ်စာပေ လူ့မိတ်ဆွေဆိုသည့်အတိုင်း နိုင်ငံနှင့်ပြည်သူ့အကျိုး၊ မြန်မာစာပေဖွံ့ဖြိုးရေးအကျိုးပြုသော တိုင်းကျိုးပြည်ပြု စာပေများကို ရေးသားခဲ့သည့် စာပေ ပညာရှင်များ၊ စာဆိုတော်များ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်စွမ်းသရွေ့ အားပေးချီးမြှောက်မှုဖြစ်သည့် အကြိမ် ၃၀ မြောက် ပခုက္ကူဦးအုံးဖေစာပေဆုချီးမြှင့်ပွဲကျင်းပမှုကို ဂုဏ်ပြုအားပေးပါကြောင်း မုဒိတာပွား ရေးသားလိုက်ရပါသည်။

# မန္တလေးဈေးချိုတော်တွင် ကုန်ခြောက်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများ အရောင်းအဝယ်ကောင်းမွန်နေ



**မန္တလေး ဩဂုတ် ၂၃**

မန္တလေး ဈေးချိုတော်တွင် ကုန်ခြောက်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများ ဩဂုတ်လ တတိယပတ်မှစ၍ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မန္တလေးဈေးချိုတော်ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့ရှိ စည်ပင်ပိုင်ဈေးပေါင်း ၄၀ ကျော်ရှိသည့်အနက် ဈေးချိုတော်မှာ အဝတ်အထည်၊ လူသုံးကုန်၊ စားသောက်ကုန်၊ အသီးအနှံအပါအဝင် အခြားပစ္စည်းအမျိုးမျိုးကို မြန်မာနိုင်ငံအနှံ့သို့ လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချပေးနေသည့် ဈေးတစ်ခုဖြစ်ကြောင်း၊ ဈေးချိုတော်တွင် ယခုလက်ရှိ ကုန်ခြောက်နှင့် လူသုံးကုန်ပစ္စည်းများ အရောင်းအဝယ် ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

"ဈေးချိုတော်မှာ ကုန်ခြောက်တွေနဲ့ လူသုံးကုန်ပစ္စည်းတွေ အရောင်းအဝယ် ပိုပြီးဖြစ်လာတယ်။ လတ်တလော ကုန်ခြောက်ကတော့ ဝယ်ယူမှုများနေလို့ အရောင်းအဝယ် အကောင်းဆုံး အနေအထားမှာရှိနေပါတယ်"ဟု ဦးအောင်မြင့်သိန်းက ပြောပြသည်။

အလားတူ မန္တလေးဈေးချိုတော်သို့ တရုတ်နိုင်ငံဘက်မှဝင်ရောက်လာသည့် အဝတ်အထည်ပစ္စည်းများအပါအဝင် အခြားလူသုံးကုန် ပစ္စည်းများလည်း အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံ တစ်နိုင်ငံလုံးကို အဝတ်အထည်၊ စားသောက်ကုန်နဲ့အခြားလူသုံးကုန်ပစ္စည်းအမျိုးမျိုး ဖြန့်ချိပေးနေတာက ဈေးချိုတော်ပဲဖြစ်ပါတယ်။ အခု ဈေးချိုတော်မှာ ငရုတ်၊ ကုလားပဲ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ စတဲ့အခြေခံစားသောက်ကုန်ပစ္စည်းတွေက ရောင်းအားအကောင်းဆုံးဖြစ်နေပြီး အဝတ်အထည်၊ လူသုံးကုန်နဲ့ အလှကုန်ကတော့ ဒုတိယရောင်းအားအကောင်းဆုံးကုန်စည်တွေပဲဖြစ်ပါတယ်"ဟု ဦးအောင်မြင့်သိန်းက ပြောပြ၍ သိရသည်။ (၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဩဂုတ် ၂၃**

မန္တလေး အိမ်ခြံမြေဈေးကွက်တွင် အရောင်းအဝယ် အေးနေဆဲဖြစ်သော်လည်း အငှားဈေးကွက်ဖြစ်နေသေးပြီး မြို့စွန်ရပ်ကွက်များနှင့်ကျေးရွာများထိ ငှားရမ်းလိုမှု ပို၍မြင့်တက်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ငှားရမ်းရမှုများတွင် လူနေထိုင်မှုနှင့်ဆိုင်ခန်းဖွင့်လှစ်ရန်ကောင်းမွန်သည့် အဓိကလမ်းမကြီးများပေါ်ရှိ အဆောက်အအုံပါနေရာများ၊ ဈေး၊ ကျောင်းနှင့်နီးသော ရပ်ကွက်များအပြင် မြို့စွန်ရပ်ကွက်များနှင့် ကျေးရွာများတွင်ပါ ငှားရမ်းနေရကြောင်း သိရသည်။

“မြေဈေးကွက်အရောင်းအဝယ် ဖြစ်တာနည်းနေပေမဲ့ အငှားတွေကတော့ လက်ရှိအချိန်ထိ ဖြစ်နေဆဲပါပဲ။ ဈေးနှုန်းတွေလဲ မြင့်လာတယ်။ အရင်က လူပါနေလို့ရတဲ့ ဆိုင်ခန်း တစ်ခန်းဆိုရင် ငွေကျပ် ၂၅၀၀၀၀၊ ၃၀၀၀၀၀ လောက်သုံးနိုင်ရင်ရတယ်။ အခုက အနည်းဆုံးကို ငွေကျပ် ၃၀၀၀၀၀ ကျော်မှ ရတော့တယ်။ ပြီးတော့ ငှားဖို့အတွက် သီးသန့်ဆောက်ထားတဲ့ အခန်းတွဲတွေလဲ အခန်းလွတ်မရှိသလောက်ထိငှားရတယ်။ အရောင်းအဝယ်က ရောင်းချင်တာတွေများနေပြီးတော့ အဝယ်နည်းနေတာမျိုးပေါ့"ဟု ချမ်းမြသာစည်မြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဝင်းက ပြောပြသည်။

ငှားရမ်းမှုဈေးနှုန်းများအနေဖြင့် တစ်လလျှင် ငွေကျပ် ၈၀၀၀၀ မှ ၅၀၀၀၀၀ ခန့်ထိရှိနေကြောင်း၊ အိမ်ခြံမြေအရောင်း၊ အဝယ်၊ အငှားများကို အွန်လိုင်းမှတစ်ဆင့်ပြုလုပ်လာကြပြီး စလစ်မြေ၊ ဂရန်မြေများ ပို၍စိတ်ဝင်စားမှုများလာကာ အမည်ပေါက်ဂရန်မြေများဝယ်ယူမှုများရှိနေကြောင်း သိရသည်။

ဂရန်မြေကွက် ဈေးနှုန်းများအနေဖြင့် ပေ(၄၀x၆၀) မြေကွက်များမှာ ငွေကျပ် သိန်း ၉၀၀ ခန့်မှ သိန်း ၅၀၀၀ ကျော်ထိ ပေါက်ဈေးရှိနေပြီး အချို့သောမြေကွက်များတွင် မြေနေရာကျယ်ဝန်းမှု၊ နေရာအချက်အချာကျမှု၊ လမ်းမတန်းများနှင့် မူလအမည်ပေါက်စသည့် အချက်အလက်များပေါ်မူတည်၍ ဈေးနှုန်းကွာခြားချက်များရှိရာ ပေါက်ဈေး ငွေကျပ်သိန်း သောင်းဂဏန်းပိုင်းထိရှိကြောင်း သိရသည်။

ထို့ပြင် အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ နှင့်အထက်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ နှင့်အထက်ရှိကြောင်း အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးဌေးဝင်းထံမှ သိရသည်။

(၁၇၃)

# ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၇၈၅၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ပုသိမ် ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၇၈၅၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၁၄၃၆ ကေစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၆၇၈၅၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ စိုက်ပျိုးရန်ကျန်သည့် စပါးများကို ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးစပါးစိုက်ပျိုးရာသီမှာ မိုးစပါး ၉၁၄၃၆ ဧက လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ ဒီနေ့ထိ စပါး ၆၇၈၅၈ ဧက ထိစိုက်ပျိုးပြီးပြီဖြစ်ပါတယ်။ မိုးစပါးတွေ လျာထားဧကပြည့်မီဖို့ နည်းပညာပိုင်းကို ပံ့ပိုးပေးထားပါတယ်။ တောင်သူတွေ ရွှေခရုနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်သိရှိစေဖို့အတွက် အသိပညာပေးဆိုင်းဘုတ်တွေကို စိုက်ထူပေးထားပါတယ်။ ဒါ့ပြင် ကွင်းဆင်းသရုပ်ပြနိမ်နင်းရေးလုပ်ငန်းတွေကိုလဲ လက်တွေ့လုပ်ဆောင်ပေးနေပါတယ်''ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၉၁၄၃၆ ဧက စိုက်ပျိုးရာတွင် ပုသိမ်ပေါ်ဆန်းရှင်၊ ဘေးကျား၊ ထိုင်းဘေးကျား၊ ဆင်းသုခ၊ မနောသုခ၊ နှစ်လခွဲ၊ ရက်ကိုးဆယ် စသည့် စပါးအမျိုးအစားကို အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် သာယာကပ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မလှိုင် ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆုံတွင်းကျေးရွာအုပ်စု သာယာကပ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ သာယာကပ်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးသည်။

သာယာကပ်ကျေးရွာ၌ အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် နိုင်ငံတော်ပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၂ ဒသမ ၄ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ တတိယပတ်မှစ၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဧဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၆၇ လမ်းဘီ၊ ၁၁၈-၁၁၉ လမ်းကြားနေ ကိုထက်အောင်ရှိုင်း မွေးနေ့အထိမ်းအမှတ်ဖြစ် ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးလှထွေးနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၄၆၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၄၆၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း ဧက ၁၁၀ နှင့်မိုးပဲတီစိမ်း ၁၁၃၂ ဧက စုစုပေါင်း ၁၁၃၄၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးကြိုပဲတီစိမ်း ၄၈ ဧကနှင့် မိုးပဲတီစိမ်း ဧက ၅၄၂၀ စုစုပေါင်း ၅၄၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ပဲတီစိမ်း ၁၁၃၄၂ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၅၄၆၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ယခုနှစ် ဘုတလင်မြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ စိုက်ပျိုးရာတွင် ပဲတီစိမ်းအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။(၂၀၆)

# ပုသိမ်ကြီးမြို့နယ် မင်းရဲလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုသိမ်ကြီး ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းရဲလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ သတ္တမအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါအကြောင်းအရာများ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးအရင်းနှင့် စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများထားရှိရမည့်ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၅ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက မင်းရဲလှကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းများ လုပ်ကိုင်သည့် စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **မင်းမြင့်မိုရ်**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ထိုင်းဘေးကျား စပါးတင်းရေ ၈၈၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ထိုင်းဘေးကျားစပါးအမျိုးအစားတင်းရေ ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လက ထိုင်းဘေးကျားစပါးအမျိုးအစား တင်းရေ ၆၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက် ထိ တစ်လအတွင်း ထိုင်းဘေးကျားစပါးအမျိုးအစား တင်းရေ ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ကျိုက်လတ်မြို့နယ်ကနေ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ထိုင်းဘေးကျားစပါးတင်းရေ ၈၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့ကနေလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘေးကျားအမျိုးအစားကအကြမ်းအုပ်စုထဲမှာပါတဲ့စပါးအမျိုးအစားဖြစ်ပါတယ်။ အဲ့ဒီစပါးတွေကို ရန်ကုန်ဈေးကွက်ဝယ်လက်တွေက ဝယ်ယူမှုများနေလို့ တင်ပို့မှုများခဲ့တာဖြစ်ပါတယ်။ ပြည်တွင်းဆန်၊စပါးဈေးကွက်မှာကို ထိုင်းဘေးကျားစပါးက အဝယ်လိုက်နေပါတယ်''ဟု ကျိုက်လတ်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘေးကျားစပါးအမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ်၁၉သိန်း၅သောင်းထိပေါက်ဈေးရှိကြောင်း၊ အဆိုပါ ထိုင်းဘေးကျား စပါးအမျိုးအစားများ အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် တောင်သူများ၊ ကုန်သည်များ ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကြောင်း ကျိုက်လတ်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်ထံမှ သိရသည်။

**ကျော်ကျော်လင်း**



# ကျန်းမာရေးကောင်းမွန်ဖို့ ရုံးပတီသီးစားကြစို့

**ဒေါက်တာလပြည့်ခင်**

"လောကကြီးမှာရှိတဲ့ လူမှန်သမျှ အစာအာဟာရ ပြည့်မှ စွမ်းအင်ပြည့်ဝမယ်။ ကိုယ်ခန္ဓာလှုပ်ရှားမှုတွေ တက်ကြွမြန်ဆန်မယ်။ စွမ်းအင်ပြည့်ဝဖို့သင့်တင့် မျှတတဲ့အစာအာဟာရတွေကို ရွေးချယ်စားတတ်ဖို့လဲလိုတယ်။ သစ်သီးနဲ့အသီးအနှံ၊ ဟင်းသီးဟင်းရွက်လေးတွေကတော့ လူတိုင်းနေ့စဉ်မဖြစ်မနေစားသင့်တဲ့အာဟာရထဲမှာပါပါတယ်။ အရည်ရွှမ်းပြီး ဗီတာမင်၊ သတ္တုဓာတ်နဲ့ အမျှင်ဓာတ်ပေါကြွယ်ဝတဲ့အသီးအရွက်လေးတွေက လူရဲ့ခန္ဓာကိုယ်ကြံ့ခိုင်မှုအတွက် အရေးပါလှတယ်။

**Lady’s Finger (အမျိုးသမီးရဲ့လက်ချောင်း)**

မြန်မာနိုင်ငံမှာ ရေရနိုင်တဲ့နေရာနဲ့ ရာသီဥတုမရွေး၊ မြေမရွေးဘဲစိုက်နိုင်ပြီး ဈေးမှာအလွယ်တကူဝယ်ယူရနိုင်တဲ့ ဟင်းသီးဟင်းရွက်အမျိုးအစားတွေအများကြီးထဲက အသီးအနှံလေးတစ်မျိုးအကြောင်းကို မျှဝေချင်ပါတယ်။ အင်္ဂလိပ်စကားပြောတဲ့နိုင်ငံတွေမှာတော့ အဲဒီအသီးလေးက လက်သည်းရှည်ထားတတ်တဲ့အမျိုးသမီးလေးတွေရဲ့ လက်ချောင်းလေးနဲ့တူလို့ Lady’s Finger လို့လည်း တင်စားခေါ်ဝေါ်ကြတယ်။ ဒီအသီးလေးကတော့ လူတိုင်းရင်းနှီးနေတဲ့ Okra ခေါ်တဲ့ အစိမ်းရောင်ရုံးပတီသီးပဲဖြစ်ပါတယ်။ ရုံးပတီသီးမှာရေဓာတ် ၉၀ ရာခိုင်နှုန်း၊ ပရိုတင်း၂ ရာခိုင်နှုန်း၊ ကစီဓာတ် (ကာဗိုဟိုက်ဒရိတ်) ၇ ရာခိုင်နှုန်းပါဝင်ပြီး အဆီဓာတ်ပါဝင်မှုအလွန်နည်းပါးပါတယ်။

**ရုံးပတီသီးရဲ့မူလပေါက်ဖွားရာဇာတိ**

ရုံးပတီသီးရဲ့သိပ္ပံအမည်ကတော့ Abelmoschus esculentus ဖြစ်ပါတယ်။ မူရင်းပေါက်ရောက်ရာဒေသက အနောက်အာဖရိကဒေသ၊ အီသီယိုးပီးယားနဲ့ တောင်အာရှဒေသတွေဖြစ်တယ်။ ပူနွေးစိုစွတ်သောရာသီဥတုရှိတဲ့ ကမ္ဘာ့နိုင်ငံအများအပြားမှာပေါက်ရောက်တယ်။ မြန်မာနိုင်ငံအနေနဲ့ဆိုရင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်တဲ့ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ထဲကကျေးရွာလေးတွေမှာ မုန်းချောင်းရေကိုအမှီပြုပြီး ရုံးပတီသီးနှံအပါအဝင် အခြားဟင်းသီးဟင်းရွက်မျိုးစုံကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးလေ့ရှိတယ်။ ရုံးပတီသီးပင်က ရေအလုံအလောက်ရရှိမယ်ဆိုရင် နွေ၊ မိုး၊ ဆောင်း ရာသီမရွေးတစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်တယ်။

**ရုံးပတီသီးမှာပါဝင်တဲ့ဓာတ်သဘာဝများ**

ရုံးပတီသီးမှာ ဆဲလ်လူလိုစ့်အမျှင်ဓာတ် (Fiber Cellulose) ၆၇ ဒသမ ၅ ရာခိုင်နှုန်း၊ ဟီမီဆဲလ်လူလို့စ် (Hemi–cellulose) ၁၅ ဒသမ ၄ ရာခိုင်နှုန်း၊ လစ်နင် (Lignin) ၇ ဒသမ ၁ ရာခိုင်နှုန်း၊ Pectic matter ၃ ဒသမ ၄ ရာခိုင်နှုန်း၊ အဆီဓာတ်နှင့်ဖယောင်းဓာတ် (Fatty and Wax matter) ၃ ဒသမ ၉ ရာခိုင်နှုန်း၊ ပျမ်းမျှအားဖြင့် ရေထုတ်နှုတ်မှု (Aqueous extract) ၂ ဒသမ ၇ ရာခိုင်နှုန်းပါဝင်တယ်။ ရုံးပတီသီးက ပိုတက်ဆီယမ်ကြွယ်ဝပြီး ဖောလစ်အက်ဆစ်၊ ဗီတာမင်ဘီနဲ့စီ၊ ကယ်လ်စီယမ်နဲ့ အမျှင်ဓာတ်တွေ ပါဝင်တယ်။ ထိုအာဟာရဓာတ်တွေကကျန်းမာရေးအတွက် အများကြီးအကျိုးရှိစေတယ်။ ရုံးပတီသီးက ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါတွေကို ကာကွယ်ပေးနိုင်တဲ့အပြင် အစာချေဖျက်ရေးနဲ့ဆိုင်တဲ့ ဝမ်းဗိုက်ရောဂါတွေကိုလဲ သက်သာပျောက်ကင်းစေပြီး ပန်းနာရင်ကျပ်ရောဂါတွေကိုလည်းသက်သာစေနိုင်တယ်။ ဒ့ါပြင် အခုခေတ်မှာဖြစ်နေတဲ့ အဝလွန်လို့ ကိုယ်အလေးချိန်လျှော့ချချင်နေတဲ့သူတွေအတွက်လဲ ကိုယ်လက်စထရောကိုထိန်းပေးနိုင်လို့ အမှန်တကယ်စားသင့်တဲ့အစာအာဟာရတစ်ခုဖြစ်တယ်။

**ရုံးပတီသီး၏ ကျန်းမာရေးဆိုင်ရာကောင်းကျိုးများ**

ရုံးပတီသီးကိုကြော်စားတာ၊ အတို့အမြှုပ်လုပ်စားတာ၊ ကင်စားတာ၊ အချဉ်ရည်ဟင်းထဲထည့်စားတာမျိုးတွေစသဖြင့် မိမိကြိုက်နှစ်သက်သလို ပြုပြင်စားသောက်လို့ရပါတယ်။ ရုံးပတီသီးမှာကျန်းမာရေးကိုအထောက်အကူပြုတဲ့ အာဟာရဓာတ်များစွာပါဝင်နေပါတယ်။ ခန္ဓာကိုယ်အတွက် နေ့စဉ်လိုအပ်တဲ့



အမျှင်ဓာတ်တွေ ကြွယ်ဝစွာပါဝင်နေပြီးဝမ်းချုပ်တာကိုသက်သာစေနိုင်လို့ သဘာဝဝမ်းနုတ်ဆေးတစ်ခုလို့တောင်ခေါ်လို့ရတယ်။ ရုံးပတီသီးမှာပါတဲ့ ချွဲပျစ်ပျစ်အစေးလေးတွေက အူမကြီးအတွင်းချေဖျက်ပြီး အစာတွေကိုပို့ဆောင်ရာမှာ ချောဆီအနေနဲ့ လုပ်ဆောင်ပေးတာကြောင့် ဝမ်းသွားရတာကိုလွယ်ကူစေတယ်။ ရုံးပတီသီးမှာပါတဲ့အမျှင်ဓာတ်ကအူအတွင်းမှာရှိတဲ့ အကျိုးပြုဗက်တီးရီးယားတွေအတွက် အစာအာဟာရဖြစ်စေပြီး အစာခြေလမ်းကြောင်းရဲ့ ရေဓာတ်ကိုထိန်းညှိပေးတယ်။ ရုံးပတီသီးမှာ အမြင်အာရုံနဲ့ အရေပြားကျန်းမာရေးကိုအထောက်အပံ့ပေးတဲ့ ဗီတာမင်အေနဲ့ အခြားဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေလဲ ကြွယ်ဝစွာပါဝင်တယ်။ ခန္ဓာကိုယ်ရဲ့ကိုယ်ခံအားစနစ်ကိုအထောက်အကူပြုတဲ့ ဗီတာမင်စီကြွယ်ဝစွာပါဝင်တယ်။ ဗီတာမင်စီကြွယ်ဝမှုက ရောင်ရမ်းမှုကိုလျှော့ကျစေနိုင်သလို ပန်းနာရင်ကျပ်ဝေဒနာဖြစ်နိုင်ခြေကိုလဲ လျှော့ချပေးပါတယ်။ ပန်းနာရင်ကျပ်ရောဂါရှိသူတွေကို သက်သာစေနိုင်တယ်။ ကိုယ်ဝန်ဆောင်ကာလအတွင်း လိုအပ်တဲ့အာဟာရဓာတ်တွေကို ဖြည့်တင်းပေးပြီး ကလေးငယ်တွေကို မွေးရာပါချို့ယွင်းချက်မပါအောင်ကာကွယ်ပေးနိုင်တဲ့ ဖောလစ်အက်စစ်လဲပါဝင်နေတယ်။ ဖောလစ်အက်စစ်က အဆုတ်တွေကိုသန့်စင်ဖို့လဲ အထောက်အကူပြုတယ်။

ရုံးပတီသီးမှာသံဓာတ်၊ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်၊ မဂ္ဂနီးစ်အပါအဝင် ခန္ဓာကိုယ်အတွက်မရှိမဖြစ်လိုအပ်တဲ့အခြားသတ္တုဓာတ် များစွာပါဝင်တယ်။ ရုံးပတီသီးကအရိုးကျန်းမာရေးအတွက် အရေးပါသလို ကိုယ်တွင်းရှိအဆစ်အမြေးပါးတွေကိုလည်း ကောင်းမွန်စေတယ်။ ရုံးပတီသီးမှာပျော်ဝင်နိုင်တဲ့ အမျှင်ဓာတ် (Fiber)များစွာပါဝင်နေတယ်။ ပျော်ဝင်နိုင်တဲ့အမျှင်ဓာတ်တွေက အစာခြေစနစ်ကိုကောင်းမွန်စေပြီး အစာစားချင်စိတ်ကိုလျှော့ကျစေနိုင်ပါတယ်။ ဗိုက်ပြည့်တယ်လို့ မြန်မြန်ဆန်ဆန်ခံစားရစေနိုင်ပြီး အချိန်အတော်ကြာအောင်အဆာခံစေနိုင်တာကြောင့် ကယ်လိုရီစားသုံးမှုပမာဏကိုတိုင်းတာရာမှာ အထောက်အကူပြုစေနိုင်တဲ့အပြင် ကိုယ်အလေးချိန်ကျအောင် လုပ်ဆောင်နေသူတွေအတွက်လဲ သင့်တော်လှတယ်။ အမျှင်ဓာတ်ပေါများစွာပါဝင်တာက အူမကြီးကင်ဆာဖြစ်ပွားဖို့ အခွင့်အလမ်းနည်းပါးစေနိုင်တယ်။ သွေးထဲက သကြားဓာတ်ကိုထိန်းပေးနိုင်ပြီး Myricetin ဓာတ်ပါဝင်တာကြောင့်သွေးထဲကသကြားစုပ်ယူမှုပမာဏနဲစေတာကြောင့် ဆီးချိုသမားတွေအတွက် အထူးသင့်တော်ပါတယ်။

ရုံးပတီသီးမှာပါတဲ့အမျှင်ဓာတ်က သွေးထဲက မကောင်းတဲ့ ကိုလက်စထရောတွေကိုကျစေဖို့ ကူညီပေးနိုင်တာကြောင့် နှလုံးကျန်းမာရေးကို အထောက်အကူဖြစ်စေတယ်။ အမျှင်ဓာတ်ကြွယ်ဝတဲ့ ရုံးပတီသီးက နှလုံးသွေးကြောကျဉ်းရောဂါနဲ့ လေဖြတ်တဲ့အန္တရာယ်ကို လျှော့ကျစေနိုင်တယ်။ မဂ္ဂနီဆီယမ်ဓာတ်လဲပေါများတဲ့အတွက် ပုံမှန်သွေးဖိအားပမာဏဖြစ်အောင်ထိန်းပေးနိုင်ပြီး သွေးခဲတာကိုလျှော့ချနိုင်တာကြောင့် နှလုံးကိုလဲကာကွယ်ပေးနိုင်တယ်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေဖြစ်တဲ့ Flavonoids နှင့် Isoquercetin အပါအဝင် ပိုလီဖီနော အပြင် ဗီတာမင် A နှင့် C (7) တို့ပါဝင်ပါတယ်။ ပိုလီဖီနောများတဲ့အစားအစာကို စားသုံးမှုက သွေးခဲမှုနှင့် ဓာတ်တိုးဆန့်ကျင်ပျက်စီးမှုဖြစ်နိုင်ခြေကို လျှော့ချပေးတာကြောင့် နှလုံးကျန်းမာရေးကို တိုးတက်စေနိုင်ကြောင်း သုတေသနပြုချက်များအရ သိရှိရပါတယ်။

ရုံးပတီသီးမှာ လက်တင်(Lectin)ဆိုတဲ့ ပရိုတင်းဓာတ်တစ်မျိုးပါဝင်တယ်။ အဲဒီဓာတ်က ရင်သားကင်ဆာဖြစ်စေတဲ့ဆဲလ်တွေကို တိုက်ဖျက်ရာမှာ ကူညီနိုင်တယ်။ ကင်ဆာဆဲလ်ကြီးထွားမှုကို ၆၃ ရာခိုင်နှုန်းထိ လုံးဝအမြစ်ဖြတ်နိုင်တယ်လို့ လေ့လာတွေ့ရှိခဲ့တယ်။ ဖောလစ်ဓာတ် (Folic) လဲကြွယ်ဝတဲ့အတွက် ကင်ဆာကိုကာကွယ်ဖို့ မရှိမဖြစ်ဓာတ်ဖြစ်တယ်။ ဖောလစ်ဓာတ်ချို့တဲ့သူတွေမှာ ရင်သားကင်ဆာ၊ ပန်ကရိယကင်ဆာ၊ သားအိမ်လည်တံကင်ဆာနဲ့ အဆုတ်ကင်ဆာဖြစ်ပွားမှုအန္တရာယ် များတယ်လို့ ဖော်ပြကြတယ်။ ဖောလစ်ဓာတ်က ကိုယ်ဝန်ဆောင်ချိန်အတွင်း အလွန်လိုအပ်ပြီး အရေးကြီးတဲ့ဓာတ်တစ်မျိုးဖြစ်တယ်။ ကိုယ်ဝန်ဆောင်လမစေ့ဘဲမီးဖွားတာကို လျှော့ကျစေနိုင်တယ်။ ဗီတာမင်စီလဲပါဝင်တဲ့အတွက် သံဓာတ်စုပ်ယူမှုအားကောင်းစေပါတယ်။ အဲဒါကြောင့် သံဓာတ်မပြည့်ဝလို့ ကိုယ်ဝန်ဆောင်ချိန်အတွင်းဖြစ်နိုင်တဲ့ သွေးအားနည်းတာ၊ သန္ဓေသားဖွံ့ဖြိုးမှု၊ ကြီးထွားမှုနောက်ကျတာမျိုးပြဿနာတွေ မဖြစ်စေနိုင်တော့ဘူး။ သန္ဓေသားကြီးထွားမှုအတွက် လိုအပ်တဲ့ သွေးနီဥတွေတိုးပွားစေတယ်။

ရုံးပတီသီးမှာ ဗီတာမင်အေကြွယ်ဝစွာပါဝင်နေသလို ဗီတာကလိုဒီနွိုက်၊ ဇူူတင်း စတဲ့ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ ကြွယ်ဝစွာပါဝင်တာကြောင့် ရုံးပတီသီးက ဓာတ်တိုးဆန့်ကျင်ပစ္စည်းအရင်းအမြစ်တစ်ခုလဲဖြစ်တယ်။ ရုံးပတီသီးနဲ့ သူရဲ့အစေ့အတောင့်တွေမှာ Catechins နှင့် Quercetin ကဲ့သို့သောဖီနိုလစ်ဒြပ်ပေါင်းတွေနဲ့ Flavonoid Derivatives အပါအဝင်ဓာတ်တိုးဆန့်ကျင်ဒြပ်ပေါင်းများစွာပါရှိတယ်။ ဒ့ါပြင် ရုံးပတီသီးမှာပါတဲ့ စေးကပ်တဲ့အချွဲတွေက အူထဲမှာရှိတဲ့အကျိုးပြုအဏုဇီဝပိုးမွှားတွေကို အစာကျွေးတဲ့ ကော်လာဂျင်နဲ့ မြူကိုပိုလီစခရိုက်စ်လိုမျိုး ပိုလီစခရိုက်စ်တွေနဲ့ဖွဲ့စည်းထားတာကြောင့် ရုံးပတီသီးက အစာခြေစနစ်အတွက် အလွန်ကောင်းမွန်ပြီး အစာခြေစနစ်ရဲ့လုပ်ဆောင်မှုတွေကို တိုးတက်ကောင်းမွန်အောင် ကူညီပေးနိုင်တာဖြစ်တယ်။ ရုံးပတီသီးမှာ ကြွယ်ဝစွာပါဝင်နေတဲ့ ဗီတာမင်အေ နဲ့ ဘီတာကရိုတင်းဓာတ်က အမြင်အာရုံကို ကောင်းမွန်စေတဲ့အာဟာရဓာတ်နှစ်မျိုးဖြစ်တယ်။ ဘီတာကရိုတင်းက အရေပြားထဲရှိ ခရမ်းလွန်ရောင်ခြည်၊ လေထုညစ်ညမ်းမှုနှင့်ဆေးလိပ်သောက်တာလိုမျိုး ပတ်ဝန်းကျင်ဆိုင်ရာအချက်တွေကြောင့် ဖြစ်ပေါ်လာတဲ့ မတည်မငြိမ်မော်လီကျူးတွေဖြစ်တဲ့ ဖရီးရယ်ဒီကယ်များကိုချေဖျက်ရာမှာ အထောက်အကူဖြစ်စေတဲ့ အစွမ်းထက်ဓာတ်တိုးဆန့်ကျင်ပစ္စည်းဖြစ်တာကြောင့် အရေပြားပျက်စီးတာကို ကာကွယ်ပေးနိုင်စွမ်းရှိတယ်လို့ လေ့လာတွေ့ရှိခဲ့ကြတယ်။ ဘီတာကရိုတင်းဓာတ်ကအရေပြားကိုလဲ ကြည်လင်စေတယ်။ ဗီတာမင်အေကတော့ အရေးအကြောင်းတွေနဲ့ အိုမင်းရင့်ရော်တာကိုကာကွယ်ပေးနိုင်တယ်။ ဗီတာမင်အေက ပုံမှန်အမြင်အာရုံ၊ ကိုယ်ခံအားစနစ်၊ မျိုးပွားမှုနဲ့ကြီးထွားဖွံ့ဖြိုးမှုတို့အတွက်အရေးကြီးသလို နှလုံး၊ အဆုတ်နဲ့အခြားအင်္ဂါတွေ ကောင်းမွန်စွာအလုပ်လုပ်နိုင်ဖို့ကူညီပေးနိုင်ပါတယ်။

**ကျန်းမာရေးအတွက် သတိပြုရန်**

ဘယ်အရာမဆိုအကောင်းအဆိုး ဒွန်တွဲနေတတ်တာကို လူတိုင်းသိထားကြမှာပါ။ ကျန်းမာရေးအတွက် ကောင်းကျိုးတွေအများကြီးရှိတဲ့ ရုံးပတီသီးမှာလဲ ဆိုးကျိုးအနည်းငယ်တော့ရှိနေတယ်။ တန်ဆေးလွန်ဘေးဆိုသလို လိုတာထက်ပိုစားမိရင်တော့ ဆိုးကျိုး လေးတွေခံစားရမှာမို့ သတိထားနိုင်အောင် ဖော်ပြလိုပါတယ်။ ရုံးပတီသီးမှာ ကြွယ်ဝစွာပါဝင်တဲ့

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၉၁၀၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကလေး ဩဂုတ် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၉၁၀၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၂၇၁၅၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇူလိုင်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၁၀၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ မိုးစပါးဧက တစ်သိန်းကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧကိုးသောင်းကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးတွေသတ်မှတ်လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် မိုးစပါးစိုက်တောင်သူများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မိုးစပါးစိုက် တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေးနှင့် မိုးစပါးများအချိန်မီလျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေးတို့အတွက် အသိပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ကလေးမြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

အမျှင်ဓာတ်က အစာချေဖျက်မှုအတွက်ကောင်းမွန်ပေမဲ့ အမျှင်ဓာတ်အများအပြားစားသုံးမှုက တချို့လူတွေမှာ ဝမ်းချုပ်စေနိုင်ပါတယ်။ အထူးသဖြင့် အမျှင်ဓာတ်ကြွယ်ဝတဲ့ အစားအစာတွေစားသုံးမိပါက ဝမ်းပျက်တာအထိဖြစ်နိုင်တယ်။ ရုံးပတီသီးစားမယ်ဆိုရင် သတိထားရမဲ့အချက်တစ်ခုက ရုံးပတီသီးမှာ Oxalate ပမာဏများစွာပါဝင်တာပဲဖြစ်တယ်။ Oxalate က ကျောက်ကပ်ကျောက်တည်တာနဲ့ သည်းခြေကျောက်တည်ဝေဒနာခံစားနေရတဲ့သူတွေမှာ ကျောက်တွေကိုကြီးလာစေပြီး ရောဂါအခြေအနေကိုတိုးလာစေနိုင်တယ်။

ရုံးပတီသီးမှာပါတဲ့အမျှင်ဓာတ်နဲ့ တခြားအာဟာရဓာတ်တွေကြောင့် သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းညှိပေးနိုင်တဲ့အလားအလာအတွက်ကောင်းမွန်ပေမဲ့ ဆီးချိုရောဂါရှိသူတွေမှာ ရုံးပတီသီးကို အလွန်အကျူးစားသုံးမှုက သွေးတွင်းသကြားဓာတ်တက်လာနိုင်ပြီး ရောဂါတိုးပွားနိုင်တယ်။ လူတချို့မှာ ရုံးပတီသီးနဲ့ဓာတ်မတည့်တဲ့လက္ခဏာတွေရှားရှားပါးပါးဖြစ်တာတွေ့ရပါတယ်။ အနည်းငယ်ယားယံတာနဲ့ အရေပြားနီမြန်းတာအပြင် အသက်ရှူရခက်တာ ဒါမှမဟုတ် ဓာတ်မတည့်တာတို့လို ပိုမိုပြင်းထန်တဲ့တုံ့ပြန်မှုတွေအထိဖြစ်နိုင်တယ်။ ရုံးပတီသီးက ဗီတာမင်ကေအရင်းအမြစ်ကောင်းတစ်ခုဖြစ်ပြီး အရိုးကျန်းမာရေးနဲ့သွေးခဲမှုအတွက် အခန်းကဏ္ဍတစ်ခုမှပါဝင်နေတယ်။ သွေးကျဲဆေးသောက်သုံးနေသူတွေအတွက် ရုံးပတီသီးအများအပြားစားသုံးမှုက ဆေးရဲ့ထိရောက်မှုကိုအနှောင့်အယှက်ဖြစ်စေနိုင်တယ်။ ရုံးပတီသီးကိုကြော်စားရင် ကိုလက်စထရောပမာဏတိုးစေနိုင်တာကြောင့် ခန္ဓာကိုယ်ရဲ့ကိုလက်စထရောပမာဏကို ထိန်းညှိချင်သူတွေအနေနဲ့ ရုံးပတီသီးကိုကြော်မစားမိဖို့လိုတယ်။ ရုံးပတီသီးမှာပါဝင်တဲ့ ဆိုလမင်က အဆိပ်အတောက်ဖြစ်စေတဲ့အတွက် တချို့လူတွေမှာ အဆစ်အမျက်ရောင်ရမ်းတာနဲ့ ကြာရှည်ရောင်ရမ်းတာတွေကိုဖြစ်စေနိုင်တယ်။

အချုပ်အနေနဲ့ပြောလိုတာက ရုံးပတီသီးကို ချက်ပြုတ်၊ ကြော်လှော်၊ မီးကင် ပုံစံအမျိုးမျိုးနဲ့စားသုံးကြမယ်ဆိုရင် ကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်ပြီးသားဖြစ်စေတယ်။ ဟင်းချက်ဖို့ပေးရတဲ့အချိန်လဲ သိပ်တိုတောင်းပါတယ်။ နှစ်မိနစ်အတွင်း ကျက်လွယ်တာမို့ အတော်လေးအဆင်ပြေတဲ့ ဟင်းလျာတစ်မျိုးဖြစ်တယ်။ ရုံးပတီသီးရဲ့ကောင်းတဲ့အာဟာရကိုပေးတာ၊ နှလုံးကျန်းမာရေးကို မြှင့်တင်ပေးတာ၊ ကင်ဆာကိုတိုက်ဖျက်နိုင်တာ၊ အရိုးတွေကိုသန်မာစေတာ၊ သွေးတွင်းသကြားဓာတ်ကိုထိန်းညှိပေးတာ၊ ကျန်းမာတဲ့ကိုယ်ဝန်ဖြစ်စေဖို့ထောက်ပံ့ပေးတာ၊ အူလမ်းကြောင်းကျန်းမာရေးကို ကောင်းမွန်စေတာ စတဲ့ကောင်းကျိုးအဖြာဖြာနဲ့ပြည့်စုံပြီး ဈေးနှုန်းအသင့်အတင့်နဲ့အာဟာရဓာတ်ပြည့်ဝတဲ့ ရုံးပတီသီးကိုလူတိုင်း သင့်တင့်မျှတစွာစားသင့်ပါကြောင်း ဖော်ပြလိုက်ရပါတယ်။

# မျိုးဂုဏ်တင့်စေ ရိုးရာအမွေ

\- အနုပညာ တုယှဉ်ပါသော်
ရိုးရာဂီတ အဝဝတွင်
လှပယဉ်ကျေး ဂုဏ်ဟေးကျော်ရာ
တို့မြန်မာ၏ မဟာဂီတ
နုအလှမှာ ကြားရသူပေါင်း
ဘဝင်ညောင်း၍ သောင်းသောင်းဖြဖြ
နှစ်သက်ရသည့် မြန်မာ့လက်ရာ
အနုပညာတည်း။

\- မြန်မာ့အခြေခံ ဇာတိမာန်ဖြင့်
မူမှန်စေမှု တို့ရှေးရှုကာ
အနုပညာ တို့မြန်မာ၏
စာပေဂီတ သုခမကို
ပြုကြရာဝယ် ရှေးခါကာလ
မြန်မာ့မူမှန် အခြေခံဖြင့်
ဝေဖန်ထောက်ရှု ဖန်တီးပြုကာ
အနုလက်ရာ အဖြာဖြာတွင်
မြန်မာမှုအား မဖယ်ရှားဘဲ
တို့များမြန်မာ ဂုဏ်ရှိန်ဖြာအောင်
စွမ်းကာဆောင်မှ မျိုးဂုဏ်လှ၏။

\- သရုပ်မှန်စွာ တို့ရိုးရာကို
စဉ်လာထိန်းသိမ်း ဂုဏ်မယိမ်းဘဲ
မတိမ်းမစောင်း ကောင်းထက်ကောင်းအောင်
ထပ်လောင်းဖန်ဖန် အားသစ်မာန်ဖြင့်
မူဟန်မပျက် ခေတ်ဆက်ဆက်တွင်
တို့ယဉ်ကျေးမှု ခိုင်မာမှုတွက်
အနုပညာ တို့မြန်မာတို့
ရှည်ကြာကာလ ထိန်းသိမ်းကြမှ
မြန်မာ့ရိုးရာ တို့ပညာဖြင့်
ကမ္ဘာတစ်လွှား ဂုဏ်မြင့်မားရေး
တို့များစွမ်းဆောင် တို့ပြည်ထောင်သည်
မြင့်ခေါင်ထွတ်ဖျား ဘုန်းတင့်ကြွားကာ
တို့များမြန်မာ ဂုဏ်ရှိန်ဖြာ။ ။

မောင်လေပြေ(တောင်တွင်း)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ရုရှားနိုင်ငံအနောက်ပိုင်း ခု(စ်)ဒေသ ကျူးကျော်ခံရမှုကိုတုံ့ပြန်ရန် သမ္မတပူတင် အစီအစဉ်ရေးဆွဲထားဟုဆို



**ဝါရှင်တန် ဩဂုတ် ၂၃**

ရုရှားနိုင်ငံအနောက်ပိုင်း ခု(စ်)ဒေသအား ယူကရိန်းတပ်များ ကျူးကျော်မှုကို တုံ့ပြန်ရေးအတွက် သမ္မတပူတင်က အစီအစဉ်ရေးဆွဲထားပြီးဖြစ်ကြောင်း အမေရိကန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး အနာတိုလီ အန်တိုနေ့ဗ်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံအနေဖြင့် ခု(စ်)ဒေသ ကျူးကျော်မှုတွင် ပါဝင်သူများကို အပြစ်ပေးမည်ဖြစ်ကြောင်း ရုရှားသံအမတ်ကြီး အန်တိုနေ့ဗ်က ပြောကြားခဲ့သည်။

သို့ရာတွင် ခု(စ်)နယ်မြေ ကျူးကျော်မှုအတွက် မည်သို့မည်ပုံ တုံ့ပြန်ရန် ရုရှားသမ္မတပူတင်က စီစဉ်ထားသည်ကို သံအမတ်ကြီးက ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိကြောင်းသိရသည်။

ရုရှားသမ္မတ ပူတင်သည် ဩဂုတ် ၂၂ ရက်က နယ်စပ်ဒေသများမှ အုပ်ချုပ်ရေးမှူးများအပါအဝင် ရုရှားထိပ်တန်းတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ဆွေးနွေးပွဲတစ်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ယူကရိန်းတပ်များက ခု(စ်)နယ်မြေအတွင်း ကျူးကျော်ဝင်ရောက်ခဲ့ပြီး ရက်သတ္တနှစ်ပတ်အကြာတွင် အဆိုပါဆွေးနွေးပွဲကို သမ္မတပူတင်က ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်သည်။

ယူကရိန်း တပ်များသည် ဩဂုတ် ၆ ရက်က ရုရှားအနောက်ပိုင်း ခု(စ်)ဒေသကို ရုတ်တရက်ဝင်ရောက်လာခဲ့ရာ ရုရှားတပ်များနှင့် တိုက်ပွဲဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

Ref : TASS

Trs : KKO

# အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန် တရုတ်နိုင်ငံသို့သွားရောက်မည်

**နယူးယောက် ဩဂုတ် ၂၃**

အမေရိကန်နိုင်ငံအစိုးရ အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်သည် လာမည့်ရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံသို့ သွားရောက်မည် ဖြစ်ကြောင်း အမေရိကန်ပြည်တွင်းမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံ ခရီးစဉ်အတွင်း အမျိုးသား လုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယီနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် ဂျိတ်ဆူလီဗန်နှင့် ဝမ်ယီတို့အနေဖြင့် ယခုနှစ်ကုန်ပိုင်းတွင် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် လက်ရှိအမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့ တွေ့ဆုံဆွေးနွေးရေးအတွက် ညှိနှိုင်းကြဖွယ်ရှိကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်တို့သည် ပြီးခဲ့သည့်နှစ်ကုန်ခါနီးကာလက အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား ပြည်နယ်၌ နောက်ဆုံးတစ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည်။

အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်အနေဖြင့် ဩဂုတ် ၂၇ ရက်မှ ၂၉ ရက်ထိ တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသော်လည်း အဆိုပါသတင်းနှင့်ပတ်သက်၍ အမေရိကန်အစိုးရနှင့်တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနတို့က တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဒီမိုကရက်တစ်ပါတီကိုယ်စားပြု သမ္မတလောင်းအဖြစ် ဒုတိယသမ္မတ ကာမာလာဟားရစ်ကို တရားဝင်အတည်ပြု

**ဝါရှင်တန် ဩဂုတ် ၂၃**

ဩဂုတ် ၂၂ ရက်က ကျင်းပခဲ့သော ဒီမိုကရက်တစ်ပါတီ အမျိုးသားညီလာခံတွင် ပါတီကိုယ်စားလှယ်များက ဒုတိယသမ္မတ ကာမာလာဟားရစ်ကို ပါတီကိုယ်စားပြု သမ္မတလောင်းအဖြစ် တရားဝင် အတည်ပြုခဲ့ကြောင်း သိရသည်။




ယခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီ အမျိုးသားညီလာခံကို ချီကာဂိုမြို့၌ ဩဂုတ် ၁၉ ရက်တွင် စတင်ကျင်းပခဲ့ရာ ညီလာခံနောက်ဆုံးနေ့ဖြစ်သည့် ဩဂုတ် ၂၂ ရက်တွင် ဒုတိယသမ္မတ ကာမာလာဟားရစ်ကို ပါတီကိုယ်စားပြု သမ္မတလောင်းအဖြစ် တရားဝင်အသိအမှတ်ပြုခဲ့ခြင်းဖြစ်သည်။

ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြုသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းမှုကို တရားဝင်လက်ခံခဲ့ပြီးနောက် ဒုတိယသမ္မတ ကာမာလာဟားရစ်သည် ဒီမိုကရက်တစ်ပါတီ အမျိုးသားညီလာခံပိတ်ပွဲမိန့်ခွန်းကို ပြောကြားခဲ့သည်။

အဆိုပါ ဒီမိုကရက်တစ်ပါတီ အမျိုးသားညီလာခံပိတ်ပွဲ မိန့်ခွန်းတွင် ဒုတိယသမ္မတ ကာမာလာဟားရစ်သည် ရွေးကောက်ပွဲ အနိုင်ရခဲ့ပါက ကျင့်သုံးမည့် နိုင်ငံခြားရေးမူဝါဒများကိုလည်း ထည့်သွင်းကြေညာခဲ့သည်။

အသက် ၅၉ နှစ်အရွယ် ဒုတိယသမ္မတ ကာမာလာဟားရစ်သည် ယခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ကျင်းပမည့် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရမ့်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့ပါက အမေရိကန်နိုင်ငံသမိုင်းတစ်လျှောက် ပထမဆုံး အမျိုးသမီးသမ္မတအဖြစ် မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ထိုင်းနိုင်ငံ၌ လေယာဉ်ပျက်ကျမှုဖြစ်ပွား လေယာဉ်မှူးအပါအဝင် ကိုးဦးပျောက်ဆုံးနေ

**ဗန်ကောက် ဩဂုတ် ၂၃**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အရှေ့တောင်ဘက် ၆၂ မိုင်ခန့်အကွာရှိ သစ်တောတစ်ခုအတွင်းသို့ စက်ဆနာကာရာဗင် စီ၂၀၈ ဘီ အမျိုးအစား လေယာဉ်တစ်စင်း ဩဂုတ် ၂၂ ရက်က ပျက်ကျခဲ့ရာ လိုက်ပါသွားသူ လေယာဉ်မှူးနှစ်ဦး၊ ထိုင်းနိုင်ငံသား လေးဦးနှင့် တရုတ်နိုင်ငံသား ငါးဦး စုစုပေါင်း ကိုးဦးတို့မှာ ပျောက်ဆုံးနေကြောင်း ထိုင်းတာဝန်ရှိသူများက ယနေ့တွင် ပြောကြားထားသည်။

လက်ရှိအချိန်တွင် ပျက်ကျခဲ့သည့် လေယာဉ်နှင့် ပျောက်ဆုံးနေသူ ကိုးဦးတို့ကို လေယာဉ်ပျက်ကျရာသစ်တောအတွင်း ရွှံ့မြေများကို တူးဆွရှာဖွေနေကြောင်း ထိုင်းတာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါလေယာဉ်ပေါ်လိုက်ပါသွားသူ ကိုးဦးစလုံးမှာ သေဆုံးခဲ့ဖွယ်ရှိကြောင်း ထိုင်းတာဝန်ရှိသူများက ယူဆထားသည်။

အဆိုပါလေယာဉ်သည် ထိုင်းနိုင်ငံအရှေ့ပိုင်း ထရက်ပြည်နယ်သို့ သွားရောက်ရေးအတွက် ဗန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်မှ ပျံတက်ခဲ့ပြီးနောက် လေကြောင်းထိန်း မျှော်စင်နှင့် အဆက်အသွယ်ပြတ်တောက်ခဲ့ပြီးနောက် ၁၁ မိနစ်အကြာတွင် ပျက်ကျခဲ့ရခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် လူဦးရေ ၃၀၀ ဖြင့် လေယာဉ်ပျက်ကျခဲ့ရာနေရာ၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်နေသော်လည်း မိုးရွာသွန်းမှုကြောင့် အခက်ကြုံနေရသည်ဟု ထိုင်းတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# တောင်ကိုရီးယား၌ ဟိုတယ်တစ်လုံးမီးလောင် ခုနစ်ဦးသေဆုံး၍ ၁၂ ဦး ဒဏ်ရာများရရှိ

**ဆိုးလ် ဩဂုတ် ၂၃**

တောင်ကိုရီးယားနိုင်ငံ ဘူချွန်မြို့၌ ဩဂုတ် ၂၂ ရက်တွင် အထပ်ကိုးထပ်ရှိ ဟိုတယ်တစ်လုံး မီးလောင်ကျွမ်းခဲ့ရာ လူခုနစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ထို့ပြင် ဘူချွန်မြို့ ဟိုတယ် မီးလောင်ကျွမ်းမှုကြောင့် လူ ၁၂ ဦးလည်း ဒဏ်ရာများရခဲ့ကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများကပြောကြားသည်။

ဟိုတယ် မီးလောင်ကျွမ်းမှုသည် ရှစ်လွှာရှိ တည်းခိုသူမရှိသည့် အခန်းတစ်ခန်းတွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

မီးလောင်မှု ဖြစ်ပွားရာ အခန်းကို အရေးပေါ်ရေဖျန်းစနစ်များဖြင့် ကာကွယ်ထားမှုမရှိခြင်းကြောင့် ဟိုတယ်အထက်လွှာများတွင် မီးခိုးငွေ့များ ဖြင့်ပြည့်ခဲ့ရကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအချိန်တွင် ဘူချွန်မြို့ ဟိုတယ် မီးလောင်ကျွမ်းမှုနောက်ခံ အကြောင်းရင်းကို တာဝန် ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

တောင်ကိုရီးယား နိုင်ငံ၌ ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့သည့် စည်းမျဉ်းများအရ အထပ်ပေါင်း ခြောက်ထပ်နှင့် အထက်ရှိသော အဆောက်အအုံ အားလုံးတွင် အရေးပေါ် ရေဖျန်းစနစ်များ တပ်ဆင်ထားရန် လိုအပ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီသည် Polaris Dawn ပုဂ္ဂလိကအာကာသခရီးသည်မစ်ရှင် လွှတ်တင်ရေးအစီအစဉ်ကို ဩဂုတ် ၂၇ ရက်ထိ နောက်ဆုတ်




**ဝါရှင်တန် ဩဂုတ် ၂၃**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာ ကုမ္ပဏီသည် Polaris Dawn အမည်ရှိ ပုဂ္ဂလိကအာကာသခရီးသည်မစ်ရှင် လွှတ်တင်ရေးအစီအစဉ်ကို ဩဂုတ် ၂၇ ရက်ထိ နောက်ဆုတ်ထားကြောင်း ဩဂုတ် ၂၂ ရက် သတင်းများအရ သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် မူလက Polaris Dawn မစ်ရှင်ကို ဩဂုတ် ၂၆ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားသော်လည်း မလွှတ်တင်မီ စစ်ဆေးပြင်ဆင်မှုများ ထပ်မံပြုလုပ်ရေးအတွက် မစ်ရှင်လွှတ်တင် ချိန်ကို တစ်ရက်နောက်ဆုတ်ရန် Space-X ကုမ္ပဏီက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Polaris Dawn မစ်ရှင်ကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်သည်။

Polaris Dawn မစ်ရှင်အရ Space-X ကုမ္ပဏီ၏ Crew Dragon အာကာသ လူသယ်ယာဉ်သည် ပုဂ္ဂလိက အာကာသခရီးသည် လေးဦးကိုကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးမည်ဖြစ်သည်။

Polaris Dawn မစ်ရှင် ပုဂ္ဂလိက အာကာသခရီးသည်များသည် မစ်ရှင်ကာလအတွင်း ပုဂ္ဂလိကအာကာသ ယာဉ်မှူးများက အာကာသပြင်ပထွက်ခွာမှုကို ပထမဆုံးအကြိမ်အဖြစ် ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

လေးရက်ကြာ မစ်ရှင်အတွင်း Crew Dragon အာကာသလူသယ်ယာဉ်သည် ပုဂ္ဂလိကအာကာသခရီးသည် လေးဦး ကမ္ဘာမြေပြင်အထက် မိုင် ၈၇၀ အကွာတွင်ရှိသည့် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## တရုတ်သိပ္ပံပညာရှင်များက လကမ္ဘာမြေစာများကိုအသုံးပြု၍ ရေပမာဏအများအပြားထုတ်ယူနိုင်သည့် နည်းလမ်းသစ်ကို ရှာဖွေတွေ့ရှိထား

**ပေကျင်း ဩဂုတ် ၂၃**

တရုတ် သိပ္ပံပညာရှင်များသည် ၂၀၂၀ ပြည့်နှစ်က ရယူထားသည့် လကမ္ဘာမြေစာများကိုအသုံးပြု၍ ရေပမာဏအများအပြား ထုတ်ယူနိုင်သည့် နည်းလမ်းသစ်ကို ရှာဖွေတွေ့ရှိထားကြောင်း ဩဂုတ် ၂၂ ရက်သတင်းများအရ သိရသည်။

ချန်အာ-၅ လဆင်းယာဉ်က ၂၀၂၀ ပြည့်နှစ်တွင် ရယူခဲ့သော လကမ္ဘာမြေစာများထဲ၌ ဟိုက်ဒရိုဂျင်အက်တမ် ပါဝင်မှုမြင့်မားကြောင်း တရုတ် သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

အဆိုပါ ဟိုက်ဒရိုဂျင်အက်တမ်များကို အလွန်ပြင်းထန်သည့် အပူဓာတ်ပေးခဲ့ပါက အခြားဒြပ်စင်များနှင့် ဓာတ်ပြုပြီး ရေငွေ့အများအပြား ထုတ်ပေးနိုင်ကြောင်း တရုတ် သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။



တရုတ် သိပ္ပံပညာရှင်များသည် ချန်အာ-၅မစ်ရှင် လမြေစာနမူနာများကို သုံးနှစ်ကြာလေ့လာခဲ့ပြီးနောက် ၎င်းမြေစာနမူနာများမှ ရေဓာတ်အများအပြားထုတ်ယူနိုင်သည့် နည်းလမ်းကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အထက်ပါ ရှာဖွေတွေ့ရှိချက်သည် တရုတ်နိုင်ငံ၏ လကမ္ဘာပေါ်၌ အမြဲတမ်းအခြေစိုက်စခန်းထားရှိရေးအတွက် အရေးကြီးကြောင်း၊ တရုတ်အမျိုးသား အာကာသ အေဂျင်စီသည် ၂၀၃၅ ခုနှစ်တွင် လကမ္ဘာတောင်ဝင်ရိုးစွန်း၌ အခြေခံစခန်းတစ်ခု စတင်တည်ဆောက်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## လွန်ခဲ့သောနှစ်ပေါင်း ၁၆၅ သန်းက ရှင်သန်ကျက်စားခဲ့ကြသည့် ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများ ရှာဖွေတွေ့ရှိ

**ဘာလင် ဩဂုတ် ၂၃**

ဗဟိုအာရှဒေသ ကာဂျီစတန်နိုင်ငံ၌ လွန်ခဲ့သောနှစ်ပေါင်း ၁၆၅ သန်းက ရှင်သန်ကျက်စားခဲ့ကြသည့် ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ကျောက်ဖြစ်ရုပ်ကြွင်းများကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဩဂုတ် ၂၂ ရက် သတင်းများအရ သိရသည်။

Alpkarakush Kyrgyzicus ဟူ၍အမည်ပေးထားသည့် အဆိုပါ ဒိုင်နိုဆောမျိုးစိတ် အရွယ်အစားအားဖြင့် ကိုယ်ထည်အလျား ကိုးမီတာ (၂၉ ပေ) ထိရှိနိုင်ကြောင်း ဂျာမနီ သိပ္ပံပညာရှင်များက ပြောကြားသည်။

Alpkarakush Kyrgyzicus ဒိုင်နိုဆော၏ ထူးခြားချက်မှာ ကြီးမားခိုင်ခံ့သည့် မျက်ခုံးရိုးများ ပိုင်ဆိုင်ထားခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အသားစား ဒိုင်နိုဆောအမျိုးအစားဖြစ်သည့် Alpkarakush Kyrgyzicus ဒိုင်နိုဆောများသည် သီရာပေါ့ဒ် (Therapod) ခေါ် ဒိုင်နိုဆောအုပ်စုတွင် အကျုံးဝင်သော ကမ္ဘာ့ဦး သက်ရှိများဖြစ်ကြကြောင်း သိရသည်။

Alpkarakush Kyrgyzicus ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းများကို ကာဂျီစတန်နိုင်ငံ တာရှ်ကူမာမြို့အနီးရှိ သဲကန္တာရနယ်မြေအတွင်း တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အရိုးဖွဲ့စည်းပုံများအရ မိမိတို့တွေ့ရှိခဲ့ရသည့် Alpkarakush Kyrgyzicus ဒိုင်နိုဆောများသည် အသက် ၁၇ နှစ်အရွယ်ရှိ အရွယ်ရောက်ဒိုင်နိုဆောတစ်ကောင် ဖြစ်ကြောင်း ဂျာမနီသိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

# HEALTH

## ကိုယ်ဝန်မဆောင်မီနှင့်ဆောင်ထားစဉ် နေ့စဉ် စီးကရက်နှစ်လိပ်ထိသောက်ခဲ့လျှင် ကလေး၏ကျန်းမာရေးအပေါ် ဆိုးကျိုးရှိနိုင်

**ပေကျင်း ဩဂုတ် ၂၃**

ကိုယ်ဝန်မဆောင်မီနှင့်ကိုယ်ဝန်ဆောင်ထားစဉ် ကာလအတွင်း တစ်ရက်လျှင်စီးကရက်တစ်လိပ်မှ နှစ်လိပ်ထိသောက်ခဲ့လျှင်ပင် မွေးဖွားလာမည့်ကလေး၏ကျန်းမာရေးအပေါ်ဆိုးကျိုးသက်ရောက်မှုရှိတတ်ကြောင်း ဩဂုတ် ၂၂ ရက် သတင်းများအရ သိရသည်။

အဆိုပါ မိခင်လောင်းများမှ မွေးဖွားလာသည့်ကလေးများတွင် ကျန်းမာရေးပြဿနာများပေါ်လာနိုင်ခြေ ပုံမှန်ထက် ၁၆ ရာခိုင်နှုန်းပိုမြင့်မားကြောင်း တရုတ်နိုင်ငံ ရှန်တုန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သိရသည်။

တရုတ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မိခင်လောင်းများ ကိုယ်ဝန်မဆောင်မီ စီးကရက်သောက်သုံးမှုကြောင့် မွေးဖွားလာသည့် ကလေးများတွင် ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေ ၂၇ ရာခိုင်နှုန်းပိုမြင့်မားလာတတ်ပြီး ကိုယ်ဝန်ဆောင်ချိန် ဆေးလိပ်သောက်ပါက ၃၀ ရာခိုင်နှုန်းမှ ၃၂ ရာခိုင်နှုန်းထိ မြင့်မားလာနိုင်ကြောင်း သိရသည်။

တရုတ် သုတေသနပညာရှင်များသည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်ကြားကာလအတွင်း ကလေးရယူထားသည့် မိခင် ၁၂ သန်းကျော်တို့၏အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## တစ်ပတ်လျှင် တစ်ရက်၊နှစ်ရက်မျှ လေ့ကျင့်ခန်းလုပ်ပါက Dementia နှင့် ပါကင်ဆန်ဖြစ်နိုင်ခြေ လျှော့ချပေး

**ပေကျင်း ဩဂုတ် ၂၃**

သီတင်းတစ်ပတ်လျှင် တစ်ရက်သို့မဟုတ် နှစ်ရက်မျှ အားစိုက်ရသည့် ကိုယ်ကာယလေ့ကျင့်ခန်းများပြုလုပ်ပေးပါက ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ၊ လေဖြတ်နိုင်ခြေနှင့်ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေများကို လျှော့ချပေးနိုင်ကြောင်း ဩဂုတ် ၂၂ ရက်သတင်းများအရ သိရသည်။

တရုတ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သီတင်းတစ်ပတ်လျှင် တစ်ရက်၊ နှစ်ရက်မျှ လေ့ကျင့်ခန်းပြုလုပ်မှုသည် နေ့စဉ်လေ့ကျင့်ခန်းပြုလုပ်မှုကဲ့သို့ပင် အထက်ပါရောဂါများပေါ်လာနိုင်ခြေကို လျှော့ချရာတွင် ထိရောက်မှုရှိကြောင်း သိရသည်။

တရုတ်နိုင်ငံမှ သုတေသနပညာရှင်များသည် လူပေါင်း ၇၅၀၀၀ တို့၏ နေထိုင်မှုပုံစံနှင့် ကျန်းမာရေးအခြေအနေများကို နှိုင်းယှဉ်လေ့လာခဲ့ကြပြီး လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သီတင်းတစ်ပတ်လျှင် တစ်ရက် သို့မဟုတ် နှစ်ရက် လေ့ကျင့်ခန်း ပြုလုပ်သူများတွင် Dementia ဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ၂၈ ရာခိုင်နှုန်းပိုနည်းပါးသည်ကိုတွေ့ရကြောင်း သိရသည်။

ထိုနည်းတူ သီတင်းတစ်ပတ်လျှင် တစ်ရက်၊ နှစ်ရက်မျှ အချိန်ယူ၍ လေ့ကျင့်ခန်းပြုလုပ်သူများတွင် အားကစားရုံ နေ့စဉ်သွားသူများကဲ့သို့ပင် လေဖြတ်နိုင်ခြေနှင့် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက်ပိုနည်းပါးကြောင်း တရုတ် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Xinhua News
Trs : KKO






# US Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း အွန်ဂျပ်ဘာထုတ်ပြန်ကြေညာ

နယူးယောက် ဩဂုတ် ၂၃

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပမည့် US Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း တူနီးရှား တင်းနစ်မယ် အွန်ဂျပ်ဘာက ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

အွန်ဂျပ်ဘာသည် ၂၀၂၄ ခုနှစ်အတွင်း ပခုံးဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲများနှင့် မကြာခဏ လွဲချော်ခဲ့ရသလို ပါဝင်ယှဉ်ပြိုင်ဖြစ်ခဲ့သော ပြိုင်ပွဲများတွင်လည်း ပုံစံကောင်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသည်။

အွန်ဂျပ်ဘာက "၂၀၂၄ ခုနှစ်အတွင်းမှာ အတက်အကျတွေက အရမ်းများနေတယ်။ အဓိက ပြဿနာကတော့ ဒဏ်ရာကြောင့်ပဲ ဖြစ်ပါတယ်။ ပခုံးဒဏ်ရာကြောင့်ပဲ ပြိုင်ပွဲတော်တော်များများနဲ့ လွဲချော်ခဲ့ရတယ်။ အခုလည်းUS Open တင်းနစ်ပြိုင်ပွဲကနေ နုတ်ထွက်ရတော့မယ်။ ဝါရှင်တန်မှာရော မွန်ထရီရယ်မှာပါ ပခုံးဒဏ်ရာကြောင့်ပဲ ပြိုင်ပွဲကနေ နုတ်ထွက်ခဲ့ရတာဖြစ်ပါတယ်။ ကျွန်မ အခက်အခဲတွေ့နေချိန်မှာ ကျွန်မကို ကူညီဖေးမပေးတဲ့ မိသားစုဝင်တွေ၊ ကျွန်မရဲ့စပွန်ဆာကုမ္ပဏီတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ပြိုင်ပွဲထဲ အမြန်ဆုံး ပြန်ဝင်လာနိုင်အောင် ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ပရီးမီးယားလိဂ် ပွဲစဉ်(၂) ပွဲကြိုသုံးသပ်ချက်

M L

**လီဗာပူး Vs ဘရန့်ဖို့ဒ်**

ကစားမည့်ရက်/အချိန် ၂၅-၈-၂၀၂၄ (ည ၁၀း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘရန့်ဖို့ဒ် ၁ – ၄ လီဗာပူး

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | |
|---|---|---|---|
| လီဗာပူး | – အိမ်(နိုင်) | အိမ်(သရေ) | ဝေး(နိုင်) |
| ဘရန့်ဖို့ဒ် | – ဝေး(သရေ) | အိမ်(သရေ) | အိမ်(နိုင်) |

လီဗာပူးအသင်းဟာ ကစားသမားသစ်ခေါ်ယူခြင်း မရှိသေးပေမဲ့ အဓိကကစားသမားတွေကို ထိန်းသိမ်းခဲ့တာကြောင့် အဖွင့်ပွဲမှာ အစ်ဝှစ်ကို နှစ်ဂိုးပြတ်အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဘရန့်ဖို့ဒ်ကတော့ အသင်းလိုက်ကစားအားကောင်းသလို အဝေးဘောတွေနဲ့ ဂိုးရဖို့ကြိုးစားတဲ့ အသင်းဖြစ်တာကြောင့် လီဗာပူးအသင်း စိတ်ကြိုက်ကစားခွင့်မရရင် ဂိုးပြတ်နိုင်ဖို့မလွယ်ပါဘူး။ ဒါကြောင့် ကစားပုံမာကျောတဲ့ ဘရန့်ဖို့ဒ်နဲ့ပဲလက်တွဲရမှာပါ။

ခန့်မှန်းရလဒ် – လီဗာပူး ၂-၁ ဘရန့်ဖို့ဒ်

## အားကစားသတင်းအတိုအထွာများ

- ❑ အာဆင်နယ်အသင်းက တိုက်စစ်မှူး အန်ကေးတီးယားကို နော်တင်ဟမ်အသင်းသို့ စတာလင်ပေါင် သန်း ၃၀ ဝန်းကျင်ဖြင့်ရောင်းချရန် နောက်ဆုံးအဆင့် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- ❑ ယူရို ၂၀၂၄ ပြိုင်ပွဲတွင် ဘယ်လ်ဂျီယံအသင်းလူစာရင်းမှ ချန်လှပ်ခံရပြီးနောက် နည်းပြ တီဒက်စ်ကိုလက်အောက်တွင် ပါဝင်ကစားမည်မဟုတ်ကြောင်း ဂိုးသမားကော့တွိုက်က ထုတ်ဖော်ပြောကြားခဲ့သည်။
- ❑ ဗီလာရီးရဲလ်အသင်းက တူးလော့အသင်း ခံစစ်ကစားသမား လိုဂန်ကော်စတာကို ပြောင်းရွှေ့ကြေး ယူရို ၁၈ သန်းဖြင့် ခေါ်ယူ၍ ခြောက်နှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- ❑ အေဗီလာအသင်းနှင့်ပွဲစဉ်တွင် ဒီကလန်ရိုက် ပါဝင်ကစားနိုင်မည်ဖြစ်သော်လည်း တိုမီယာဆုနှင့် ဗီအဲရာတို့ ဒဏ်ရာကြောင့် ပါဝင်နိုင်မည်မဟုတ်ကြောင်း အာဆင်နယ်အသင်းက ထုတ်ပြန်ခဲ့သည်။

ML

# လီဗာပူးကစားသမား ဗန်ဒန်ဘာ့ကို စတာလင်ပေါင် ၂၅ သန်းဖြင့် ဘရန့်ဖို့ဒ်အသင်း အပြီးသတ်ခေါ်ယူနိုင်ခဲ့



လန်ဒန် ဩဂုတ် ၂၃

ဘရန့်ဖို့ဒ်အသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်တွင် လီဗာပူးအသင်းနှင့် ပုံစံကောင်းပြသနိုင်ခဲ့သည့် လူငယ်ခံစစ်ကစားသမား ဗန်ဒန်ဘာ့ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅ သန်းဖြင့် အပြီးသတ်ခေါ်ယူနိုင်ခဲ့သည်။

ဘရန့်ဖို့ဒ်အသင်းသည် ခံစစ်ကစားသမား ဗန်ဒန်ဘာ့ကိုခေါ်ယူရန် ဂျာမန်ကလပ် လေဗာကူဆင်အသင်းနှင့်အပြိုင် ကြိုးပမ်းခဲ့ရသော်လည်း ကစားသမားအနေဖြင့် အင်္ဂလန်တွင်သာကစားရန် ဆန္ဒရှိနေကာ နည်းပြ သောမတ်ဖရန့်လက်အောက်တွင် ပွဲကစားခွင့်ရရှိနိုင်မည် ဖြစ်သောကြောင့် ဘရန့်ဖို့ဒ်အသင်းကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဗန်ဒန်ဘာ့ အပြောင်းအရွှေ့အတွက် ကနဦးပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၂၀ နှင့် အပိုဆုကြေး စတာလင်ပေါင် ငါးသန်းအပါအဝင် စုစုပေါင်း ၂၅ သန်းဖြင့်ခေါ်ယူခဲ့ပြီး ၂၀၂၉ ခုနှစ်ထိ ငါးနှစ်စာချုပ် ချုပ်နိုင်ခဲ့ကာ တစ်ပတ်လုပ်ခလစာ အနည်းဆုံး စတာလင်ပေါင် ၁၀၀၀၀ ကျော် ရရှိမည်ဖြစ်သည်။

အသက် ၂၂ နှစ်ရှိ လူငယ်ကစားသမား ဗန်ဒန်ဘာ့သည် ၂၀၁၉ ခုနှစ်က နယ်သာလန်ကလပ် ဇိုးလီအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄ ဒသမ ၄ သန်းဖြင့် ရောက်ရှိခဲ့ပြီး လီဗာပူးအသင်းတွင် လေးပွဲသာ ပါဝင်ကစားခဲ့ရကာ ပရက်စတန်အသင်း၊ ရှောလ်ကေးအသင်း၊ မိန့်ဇ်အသင်းတို့တွင် အငှားသွားရောက်ကစားခဲ့ပြီးနောက် ယခုအပြောင်းအရွှေ့ ကာလတွင် ဘရန့်ဖို့ဒ်အသင်းသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ဘရန့်ဖို့ဒ် အသင်းသည် လက်ရှိ အပြောင်းအရွှေ့တွင် လီဗာပူးအသင်း လူငယ်တိုက်စစ်ကစားသမား ကာဗယ်ဟို စတာလင်ပေါင် ၂၇ ဒသမ ၅ သန်းဖြင့် ခေါ်ယူခဲ့ပြီးနောက် လူငယ်ခံစစ်ကစားသမား ဗန်ဒန်ဘာ့ကို ဒုတိယမြောက် ထပ်မံခေါ်ယူနိုင်ခဲ့ကြောင်းသိရသည်။

Ref : Thisisanfield

Trs : ML

# ကွင်းလယ်ကစားသမား မက်ကင်နီကို ဂျူဗင်တပ်အသင်း သက်တမ်းတိုးစာချုပ် ချုပ်ဆို




ရောမ ဩဂုတ် ၂၃

ဂျူဗင်တပ်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီကုန်ဆုံးချိန်က ကွင်းလယ်ကစားသမား မက်ကင်နီကို အရောင်းစာရင်း တင်သွင်းခဲ့သော်လည်း ကမ်းလှမ်းလာသည့် အသင်းမရှိခဲ့သောကြောင့် ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား မက်ကင်နီသည် နည်းပြဟောင်း အယ်လီဂရီလက်ထက်တွင် ပုံမှန်ပွဲကစားခွင့် ပျောက်ဆုံးခဲ့ပြီး နည်းပြနှင့် အဆင်မပြေမှုများကြောင့် အငှားစာချုပ်ဖြင့်သာ ကျင်လည်ခဲ့ရပြီးနောက် ယခုနွေရာသီ အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန်ကြိုးပမ်းခဲ့ရာ တရားဝင်ကမ်းလှမ်းလာသည့် အသင်းမရှိခဲ့သောကြောင့် ဂျူဗင်တပ်အသင်း နည်းပြသစ် မော့တာက မက်ကင်နီကို အသင်းစီမံကိန်းတွင် ထည့်သွင်းခဲ့ပြီး သက်တမ်းတိုးစာချုပ် ချုပ်ခဲ့ခြင်းဖြစ်သည်။

မက်ကင်နီသည် ဂျူဗင်တပ်အသင်းနှင့် လာမည့် ၂၀၂၅ ခုနှစ်မှ စာချုပ်ကုန်ဆုံးမည်ဖြစ်သော်လည်း အသင်းအနေဖြင့် တစ်နှစ်သက်တမ်းတိုးခဲ့သဖြင့် လာမည့် ၂၀၂၆ ခုနှစ်ထိ အသင်းတွင် ဆက်ရှိမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၅ နှစ် ရှိ ကွင်းလယ်ကစားသမားသည် ၂၀၂၀-၂၀၂၁ ဘောလုံးရာသီက ဂျူဗင်တပ်အသင်းသို့ စတင်ရောက်ရှိခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၀၃ ပွဲ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ဆုဖလား သုံးလုံး ဆွတ်ခူးရရှိခဲ့သည်။

၎င်းသည် ရာသီကြိုခြေစမ်းပွဲများတွင် ပါဝင်ကစားခဲ့ခြင်းမရှိသော်လည်း နည်းပြမော့တာက အဖွင့်ပွဲစဉ်တွင် အရန်ကစားသမားစာရင်း၌ ထည့်သွင်းခဲ့ပြီးနောက် အသင်းနှင့် သက်တမ်းတိုးရန်ဆုံးဖြတ်ခဲ့ပြီး လာမည့် ဗီရိုနာအသင်းနှင့် အမှတ်ပေးပွဲစဉ်တွင် ပွဲကစားခွင့်ရရှိရန် သေချာလျက်ရှိကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# မာလီကလပ် ဂီဒါအသင်းကစားသမား ကိုနေးကိုခေါ်ယူရန် မန်ယူအသင်း သဘောတူညီမှုရရှိ



မန်ချက်စတာ ဩဂုတ် ၂၃

မန်ယူအသင်းသည် ကွင်းလယ်ပိုင်း လိုအပ်ချက်အတွက် မာလီကလပ် ဂီဒါအသင်းတွင် ကစားနေသည့် အသက် ၁၈ နှစ်ရှိ လူငယ်ကစားသမား ကိုနေးကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ကွင်းလယ်ခံစစ်ကစားသမား တစ်ဦးဖြစ်သည့် ကိုနေးအား ပရီးမီးယားလိဂ်ကလပ် လီဗာပူးအသင်း၊ ဝုဗ်အသင်းတို့အပါအဝင် ဥရောပ ထိပ်သီးကလပ်အသင်းများက ခေါ်ယူရန် အာရုံစိုက်ကြိုးပမ်းခဲ့သော်လည်း မန်ယူအသင်းကသာ လက်ဦးမှုရယူနိုင်ခဲ့ပြီး သဘောတူညီမှုရရှိခဲ့သည်။

ကိုနေးသည် မာလီလူငယ်အသင်းတွင် ပါဝင်ကစားခဲ့ရာတွင် ၂၀၂၃ ဖီဖာ ယူ-၁၇ ပြိုင်ပွဲတွင် အသင်းအား တတိယဆုရရှိအောင် ၎င်း၏ခြေစွမ်းများဖြင့် ပါဝင်ကူညီနိုင်ခဲ့ပြီးနောက် အာဖရိကလူငယ်အကောင်းဆုံးကစားသမားများထဲတွင် ပါဝင်နိုင်ခဲ့သူဖြစ်သောကြောင့် နည်းပြတန်ဟတ်က ခေါ်ယူရန် ဆုံးဖြတ်ခဲ့ပြီး ၎င်းသည် လာမည့် နှစ်အနည်းငယ်အတွင်း မန်ယူအသင်းတွင် ထွန်းတောက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မန်ယူအသင်းသည် လူငယ်ကစားသမားကို မာလီမှ အင်္ဂလန်သို့ ခေါ်ဆောင်ရန် ဆောင်ရွက်နေပြီး ယူ-၂၁ အသင်းတွင် စတင်ပူးပေါင်းခွင့်ပေးသွားမည်ဖြစ်သော်လည်း ကစားသမား၏ ခြေစွမ်းပိုင်းပေါ်မူတည်ကာ အသင်းကြီးတွင် နေရာပေးသွားရန် စီစဉ်လျက်ရှိသည်။

မန်ယူအသင်းသည် အသက် ၁၈ နှစ်ရှိကိုနေးကို ရေရှည်စီမံကိန်းအတွက်သာ ခေါ်ယူခဲ့ခြင်းဖြစ်သော်လည်း လက်ရှိ ကွင်းလယ်ပိုင်း လိုအပ်ချက်အရ ပီအက်စ်ဂျီအသင်း ကွင်းလယ် ခံစစ်ကစားသမား အူဂါတီကိုခေါ်ယူနိုင်ရန် နောက်ဆုံးအဆင့်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)တွင် သစ္စာအားမာန်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး မဟာယူနိုက်တက်အသင်း နိုင်ပွဲရရှိ



ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ သစ္စာအားမာန်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး မဟာယူနိုက်တက်အသင်းက နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများဖြင့် သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆၁ မိနစ်တွင် မင်းမော်ဦး၊ ပွဲချိန် ၆၉ မိနစ်တွင် နိုင်ဝင်းထွန်း၊ ပွဲချိန် ၉၃ မိနစ်တွင် မြတ်ဖုန်းခန့်တို့က သွင်းယူပေးနိုင်ခဲ့ပြီး ဒဂုံပေါ့အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် နှစ်မိနစ်တွင် ကောင်းမြတ်ကျော်၊ ပွဲချိန် ၄၂ မိနစ်တွင် မျိုးဆက်ပိုင်နှင့် ပွဲချိန် ၄၅ မိနစ်တွင် အံ့မော်ဦးတို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ မြဝတီအက်ဖ်စီအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ကစားခဲ့ရာ မဟာယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး မဟာယူနိုက်တက် အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၅ မိနစ်တွင် ပက်ထရစ်က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၂)တွင် ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲရရှိ



ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပွဲစဉ်(၁၂)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက် ယူ-၂၀ အသင်း နိုင်ပွဲရရှိခဲ့ပြီး ရွှေဝတီယူနိုက်တက် ယူ-၂၀ အသင်းနှင့် ဒဂုံပေါ့ ယူ-၂၀ အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပွဲစဉ်(၁၂) ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ စလင်းအားကစားကွင်းတွင် ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းနှင့် Junior Lions အသင်းတို့ ကစားခဲ့ရာ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၄၅ မိနစ်တွင် ဟိန်းသန့်က သွင်းယူပေးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းက အနိုင်ရရှိခဲ့သည့်အတွက် ၁၁ ပွဲကစားပြီးချိန်တွင် ကိုးပွဲနိုင် နှစ်ပွဲသရေ ရှုံးပွဲမရှိသေးဘဲ ရမှတ် ၂၉ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁) နေရာတွင် ဆက်လက်ရပ်တည်လျက်ရှိနေပြီး ရှုံးနိမ့်ခဲ့သည့် Junior Lions အသင်းသည် ၁၁ ပွဲကစားပြီးချိန်တွင် ခုနစ်ပွဲနိုင် သုံးပွဲ တစ်ပွဲရှုံး ရမှတ် ၂၄ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၂) နေရာတွင် ရပ်တည်လျက်ရှိသည်။

အလားတူ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းအားကစားကွင်းတွင် ရွှေဝတီယူနိုက်တက် ယူ-၂၀ အသင်းနှင့် ဒဂုံပေါ့ ယူ-၂၀အသင်းတို့ ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဒဂုံပေါ့ ယူ-၂၀ အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၁၉ မိနစ်တွင် ကျော်စိုးဟိန်းက သွင်းယူပေးနိုင်ခဲ့ပြီး ရွှေဝတီယူနိုက်တက် ယူ-၂၀ အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၃၃ မိနစ်တွင် ဖြိုးသီဟအောင်က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

# AIG Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို အင်္ဂလန်ဂေါက်သီးရိုက်မယ် ချာလေဟူးလ်ဦးဆောင်

လန်ဒန် ဩဂုတ် ၂၃

အင်္ဂလန်နိုင်ငံတွင် ကျင်းပနေသည့် AIG Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့ အပြီးတွင် အင်္ဂလန်ဂေါက်သီးရိုက်မယ် ချာလေဟူးလ်က သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါနှင့် တရုတ်ဂေါက်သီးရိုက်မယ် ရူနင်ယင်တို့က သတ်မှတ်ရိုက်ချက်ထက် လေးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိပြီး အမေရိကန်ဂေါက်သီးရိုက်မယ် လီလီယာဗူအပါအဝင် ပြိုင်ပွဲဝင်ခြောက်ဦးက သတ်မှတ်ရိုက်ချက်ထက် သုံးချက်စီလျော့ရိုက်ခဲ့ပြီး အမှတ်ပေးဇယား၏ တတိယနေရာတွင် အသီးသီး ပူးတွဲရပ်တည်လျက်ရှိသည်။

ပြိုင်ပွဲဝင်များကြား ရိုက်ချက်ကွာဟမှု ကျဉ်းမြောင်းခဲ့ရာ နယ်လီကော့ဒါက ပြိုင်ပွဲတွင် ဗိုလ်စွဲရန် ရေပန်းစားနေလျက်ရှိပြီး လက်ရှိချန်ပီယံ လီလီယာဗူသည်လည်း ရလဒ်ကောင်းခဲ့ပြီး လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# စပိန်လာလီဂါ ပွဲစဉ်(၂) ပွဲကြိုသုံးသပ်ချက်များ

STA

**ရီးရဲလ်မက်ဒရစ်** Vs ဗယ်လာဒိုးလစ်

ကစားမည့်ရက်/အချိန် ၂၅-၈-၂၀၂၄ (ည ၀၉း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ရီးရဲလ်မက်ဒရစ် ၆ - ၀ ဗယ်လာဒိုးလစ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | |
|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | - အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(သရေ) |
| ဗယ်လာဒိုးလစ် | - ဝေး(ရှုံး) | ဝေး(နိုင်) | အိမ်(နိုင်) |

အဖွင့်ပွဲစဉ်မှာသရေရလဒ်ရရှိခဲ့တဲ့ ရီးရဲလ်မက်ဒရစ်အသင်းဟာ အခုပွဲစဉ်ကိုတော့ အမှားခံမှာမဟုတ်ပါဘူး။ လက်ရှိ ဗယ်လာဒိုးလစ်အသင်းရဲ့ ခြေစွမ်းပိုင်းကလဲ ရီးရဲလ်မက်ဒရစ်အသင်းကို ပွဲချိန်ပြည့် ထိန်းချုပ်ကစားနိုင်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် အဘက်ဘက်က သာလွန်နေတဲ့ ရီးရဲလ်မက်ဒရစ်အသင်းပဲ နိုင်ပွဲရသွားမှာပါ။

ခန့်မှန်းရလဒ် - ရီးရဲလ်မက်ဒရစ် ၃ - ၀ ဗယ်လာဒိုးလစ်

**အေတီကို** Vs ဂျီရိုနာ

ကစားမည့်ရက်/အချိန် ၂၆-၈-၂၀၂၄ (နံနက် ၀၂း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အေတီကို ၃ - ၁ ဂျီရိုနာ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | |
|---|---|---|---|
| အေတီကို | - ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(သရေ) |
| ဂျီရိုနာ | - ဝေး(ရှုံး) | ဝေး(ရှုံး) | ဝေး(သရေ) |

လက်ရှိအေတီကိုအသင်းရဲ့ခြေစွမ်းပိုင်းက အိမ်ကွင်းမှာ ဂျီရိုနာအသင်းကို အသာစီးရရှိအောင်ကစားနိုင်မှာပါ။ ဂျီရိုနာအသင်းကတော့ ကစားသမားကောင်းတွေလက်လွှတ်ထားရလို့ ရလဒ်ပိုင်းကျဆင်းနေပါတယ်။ ဒါကြောင့် ကစားသမားစုဖွဲ့မှုပိုင်း အသာစီးမှာရှိနေတဲ့ အေတီကိုအသင်းပဲ နိုင်ပွဲရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - အေတီကို ၂ - ၀ ဂျီရိုနာ

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၁) ပွဲကြိုသုံးသပ်ချက်

STA

ဝုဖ်ဘတ် Vs **ဘိုင်ယန်မြူးနစ်**

ကစားမည့်ရက်/အချိန် ၂၅-၈-၂၀၂၄ (ည ၀၈း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘိုင်ယန်မြူးနစ် ၂ - ၀ ဝုဖ်ဘတ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | |
|---|---|---|---|
| ဝုဖ်ဘတ် | - ဝေး(သရေ) | ဝေး(သရေ) | ဝေး(နိုင်) |
| ဘိုင်ယန်မြူးနစ် | - အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |

ဘိုင်ယန်မြူးနစ်အသင်းနဲ့တွေ့ဆုံတိုင်း ရှုံးကန်ရလေ့ရှိတဲ့ ဝုဖ်ဘတ်အသင်းအတွက် အိမ်ကွင်းဆိုပေမယ့် ပွဲချိန်ပြည့်တုံ့ပြန်ကစားနိုင်ဖို့ ခက်ခဲမှာပါ။ လက်ရှိဘိုင်ယန်မြူးနစ်အသင်းရဲ့ ခြေစွမ်းပိုင်းကလည်း ဝုဖ်ဘတ်အသင်းကို အနိုင်ယူဖို့ခက်ခဲမှာမဟုတ်ပါဘူး။ ဒါကြောင့် တွေ့ဆုံမှုတိုင်း အသာစီးရနေတဲ့ ဘိုင်ယန်မြူးနစ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - ဝုဖ်ဘတ် ၀ - ၂ ဘိုင်ယန်မြူးနစ်

# ပြင်သစ်လီဂူး ပွဲစဉ်(၂) ပွဲကြိုသုံးသပ်ချက်

STA

မာဆေး Vs **ရိမ်း**

ကစားမည့်ရက်/အချိန် ၂၆-၈-၂၀၂၄ (နံနက် ၀၁း၁၅ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ရိမ်း ၁ - ၀ မာဆေး

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | |
|---|---|---|---|
| မာဆေး | - အိမ်(သရေ) | ဝေး(နိုင်) | ဝေး(နိုင်) |
| ရိမ်း | - ဝေး(သရေ) | ဝေး(ရှုံး) | အိမ်(ရှုံး) |

နည်းပြသစ်ဒီဇာဘီလက်အောက်မှာ ပုံစံကောင်းရရှိနေတဲ့ မာဆေးအသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာလည်း ရိမ်းအသင်းကို အကောင်းဆုံး ဖိအားပေးကစားနိုင်မှာပါ။ ရိမ်းအသင်းကတော့ ခြေစွမ်းပိုင်းမတည်မငြိမ်ဖြစ်နေပြီး ရှုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ မာဆေးအသင်းပဲ နိုင်ပွဲရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - မာဆေး ၃ - ၀ ရိမ်း

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်က Apache တိုက်ခိုက်ရေးရဟတ်ယာဉ်များ တောင်ကိုရီးယားကိုရောင်းချရန် ခွင့်ပြု



အမေရိကန်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိ Apache တိုက်ခိုက်ရေးရဟတ်ယာဉ် ၃၆ စင်းနှင့် ဒုံးကျည်များအပါအဝင် ဆက်စပ်ပစ္စည်းများ တောင်ကိုရီးယားနိုင်ငံကို ရောင်းချပေးရန် ခွင့်ပြုပေးခဲ့ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပြုထားသော ရောင်းချမှုသည် ရန်ဘက်များကို ဟန့်တားခြင်းနှင့် ဒေသတွင်းစစ်ဆင်ရေးများတွင် ပါဝင်ဆောင်ရွက်နိုင်မည့် ယုံကြည်စိတ်ချရသော စစ်ရေးစွမ်းအားကို ဖြည့်တင်းပေးနိုင်ခြင်းဖြင့် လက်ရှိနှင့် အနာဂတ်ခြိမ်းခြောက်မှုများကို ရင်ဆိုင်ရန် ကိုရီးယားသမ္မတနိုင်ငံကို ကူညီပေးနိုင်လိမ့်မည်ဟု ကာကွယ်ရေးနှင့်လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (DSCA) က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုကဲ့သို့ တိုက်ခိုက်ရေးရဟတ်ယာဉ်များရောင်းချခဲ့မှုသည် အင်ဒို-ပစိဖိတ်ဒေသအတွင်း နိုင်ငံရေးတည်ငြိမ်မှုနှင့် စီးပွားရေးတိုးတက်မှုအတွက် တွန်းအားဖြစ်စေသည့် အဓိကမဟာမိတ်တစ်ဦး၏ လုံခြုံရေးပိုင်းကို မြှင့်တင်ပေးနိုင်လိမ့်မည်ဟု အာရှပစိဖိတ်ဒေသအတွက် အမေရိကန် နိုင်ငံခြားရေးမူဝါဒ အသုံးအနှုန်းကိုအသုံးပြု၍ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် တောင်ကိုရီးယားသို့ တိုက်ခိုက်ရေးရဟတ်ယာဉ်များရောင်းချရန် အတည်ပြုပေးခဲ့ပြီးနောက် ဩဂုတ် ၁၉ ရက်တွင် DSCA သည် အရောင်းအဝယ်ပြုလုပ်ရန်အတွက် လက်မှတ်ထိုးရန် လိုအပ်သော အကြောင်းကြားစာကို အမေရိကန်လွှတ်တော်သို့ ပေးပို့ခဲ့သည်။

သဘောတူညီချက်အတွက် အဓိကကန်ထရိုက်တာများမှာ Boeing နှင့် Lockheed Martin ကုမ္ပဏီတို့ဖြစ်လိမ့်မည်ဟု DSCA က ပြောကြားခဲ့သည်။ အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ နှစ်ပတ်လည် ပူးတွဲစစ်ရေးလေ့ကျင့်မှု စတင်သည့်နေ့တွင်ပင် ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်ပြီး နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် မြောက်ကိုရီးယားကိုထိန်းချုပ်နိုင်ရန်ရည်ရွယ်၍ နှစ်နိုင်ငံစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေခြင်းလည်းဖြစ်သည်။ အဆိုပါ Ulchi Freedom Shield ပူးတွဲ စစ်ရေးလေ့ကျင့်မှုသည် ဩဂုတ် ၂၉ ရက်ထိပြုလုပ်သွားမည်ဖြစ်ပြီး ထောင်နှင့်ချီသောတပ်ဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရောင်းချမှုနှင့်ပတ်သက်၍ အမေရိကန်လွှတ်တော်၏ အတည်ပြုချက်လိုအပ်နေသေးသော်လည်း နိုင်ငံခြားရေးဝန်ကြီးဌာနက သဘောတူခွင့်ပြုလိုက်ခြင်းသည် အမေရိကန်အနေဖြင့် တောင်ကိုရီးယားနိုင်ငံကို အရေးကြီးသောမဟာမိတ်ဖြစ်ကြောင်း သတ်မှတ်ထားသည်ကိုပြသနေခြင်းလည်းဖြစ်သည်။

ခေတ်မီတိုက်ခိုက်ရေးရဟတ်ယာဉ်များကို ဝယ်ယူခြင်းဖြင့် တောင်ကိုရီးယားသည် လေကြောင်းစွမ်းအားမြှင့်တင်ရန်၊ အမေရိကန်နှင့် ပူးတွဲစစ်ဆင်ရေးပြုလုပ်နိုင်ရန်နှင့် ဒေသတွင်းလုံခြုံရေးရည်မှန်းချက်များအတွက် အထောက်အကူပြုနိုင်မှုကို မြှင့်တင်ရန်ရည်ရွယ်၍ ကြိုးပမ်းလုပ်ဆောင်နေခြင်းလည်းဖြစ်သည်။ Apache တိုက်ခိုက်ရေးရဟတ်ယာဉ်သည် ပြောင်းလဲလာသော ခြိမ်းခြောက်မှုများကို ရင်ဆိုင်ရာတွင် တောင်ကိုရီးယား၏ စစ်လက်နက်တိုက်အတွက် အဖိုးတန်သောစွမ်းအားတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**US Approves $3.5B Apache Heli-copter Sale to S. Korea ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်း၏ ညအချိန်စစ်ဆင်ရေးအတွင်း NEMESIS ဒရုန်းများ အသုံးပြုတိုက်ခိုက်ခဲ့မှုဗီဒီယိုဖိုင် ထုတ်ပြန်




ယူကရိန်းတပ်မတော်သည် ရုရှားအမြောက်များနှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ပစ်မှတ်ထားတိုက်ခိုက်ရာတွင် NEMESIS ဒရုန်းများအသုံးပြုခဲ့မှုကို ပြသထားသည့်ဗီဒီယိုဖိုင် ထုတ်ပြန်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမှတ် (၄၁၂) မောင်းသူမဲ့စနစ်တပ်ရင်းသည် အဓိကအားဖြင့် အဆိုပါတိုက်ခိုက်ရေးဒရုန်းများကို ညပိုင်းစစ်ဆင်ရေးများတွင် အသုံးပြုခဲ့ခြင်းဖြစ်ပြီး ရုရှားတို့၏ အမြောက်လက်နက်စနစ်များ၊ သံချပ်ကာယာဉ်များနှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းလည်းဖြစ်သည်။ ဗီဒီယိုဖိုင်တွင် ဒရုန်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ပစ်မှတ် ၁၇ ခုကို ပြသထားသော်လည်း အချို့ပျက်စီးမှုအတိုင်းအတာမှာ မည်မျှထိရောက်မှုရှိကြောင်းကိုမူ ရှင်းရှင်းလင်းလင်း တွေ့မြင်ရခြင်းမရှိပေ။

ကာမီကာဇီ (Kamikaze) အသေခံတိုက်ခိုက်ရေးဒရုန်းများဟု မကြာခဏရည်ညွှန်းလေ့ရှိသော FPV ဒရုန်းများသည် အချိန်နှင့်တစ်ပြေးညီ ထိန်းချုပ်လုပ်ဆောင်နိုင်ရန်အတွက် ကင်မရာများတပ်ဆင်ထားသော အဝေးထိန်းလေယာဉ်ငယ်များလည်းဖြစ်သည်။ ရုရှား၏ ယူကရိန်း အထူးစစ်ဆင်ရေးစတင်ချိန်မှစ၍ ယူကရိန်းနိုင်ငံ၏ FPV ဒရုန်းများထုတ်လုပ်မှုသည် တစ်လလျှင် အစီးရေ ၅၀၀၀၀ ခန့်ထိ တိုးမြှင့်လာခဲ့ကြောင်းလည်း သိရသည်။ ဤဒရုန်းများကို အဓိကအားဖြင့် တင့်ကားများ၊ သံချပ်ကာယာဉ်များနှင့်ရန်သူ့တပ်တည်နေရာများကို တိကျစွာတိုက်ခိုက်ရန်အတွက် အသုံးပြုသည်။

NEMESIS ဒရုန်းဖြင့် တိုက်ခိုက်ခံခဲ့ရသည့် ပစ်မှတ်များထဲတွင် ဒရုန်းများကို ပစ်ချရန် ဒီဇိုင်းထုတ်ထားသည့် Osa မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်ယာဉ်နှစ်စီးပါဝင်သည်။ ထို့ပြင် ရုရှားနိုင်ငံထုတ် Borisoglebsk-2 အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်မှ ယာဉ်တစ်စီးကိုလည်း ထိမှန်ခဲ့ကြောင်း သိရသည်။ ထို့ပြင် ရုရှားတပ်ဖွဲ့များ၏ 2S4 Tulip အကြီးစားမော်တာစိန်ပြောင်းတစ်လက်နှင့် BM-21 Grad ရော့ကတ်လောင်ချာများ တိုက်ခိုက်ခံခဲ့ရပြီး အားပြင်းသောပေါက်ကွဲသံများ ဖြစ်ပေါ်ခဲ့သည်ကို ဗီဒီယိုဖိုင်တွင် ပြသထားသည်။

ယူကရိန်းအရေးသည် ရုရှားနှင့် ယူကရိန်းတပ်ဖွဲ့များအတွက် အရေးပါသော စစ်ရေးပိုင်ဆိုင်မှုများဖြစ်သည့် ရေဒါစနစ်များ၊ အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်များ၊ အမြောက်များနှင့် သံချပ်ကာယာဉ်များကို လေကြောင်းတိုက်ခိုက်မှုများမှ ကာကွယ်ရာတွင် အရေးပါသော စိန်ခေါ်မှုများကို မီးမောင်းထိုးပြခဲ့သည်။ ဤစစ်ရေးစွမ်းအားများသည် စစ်မြေပြင်တွင် အသာစီးရရှိစေရန် အရေးကြီးသော်လည်း ခေတ်မီပစ်မှတ်ထား တိုက်ခိုက်လာမှုနည်းပညာများနှင့် တန်ပြန်ဆောင်ရွက်မှုများကြောင့် ၎င်းတို့ကိုကာကွယ်စောင့်ရှောက်ရန် ပိုမိုခက်ခဲလာသည်။ စစ်တို့၏သဘောအရ နှစ်ဖက်စလုံးက အသာစီးရရန် ရနိုင်သမျှနည်းလမ်းများသုံးပြီး ကျင့်သုံး အကောင်ထည်ဖော်စမြဲဖြစ်ကြောင်း သိရသည်။

ရုရှားတပ်ဖွဲ့များအတွက် အဓိကစိန်ခေါ်မှုများထဲမှတစ်ခုမှာ အနောက်တိုင်းမှ ထောက်ပံ့ပေးသောတိကျပဲ့ထိန်းလက်နက်ခဲယမ်းများနှင့် ထောက်လှမ်းရေးအချက်အလက်များကို အသုံးပြု၍ ယူကရိန်းတို့ဘက်က တိုက်ခိုက်လာမှုများကို ခုခံကာကွယ်ခြင်းပင်ဖြစ်သည်။

**NEMESIS Drones Unleash Preci-sion Strikes on Russian Artillery and Air Defense Systems During Night-time Operations ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရွှေတောင်မြို့နယ်ရှိ ဗုဒ္ဓစာတ်ကမ္ဘာ့လွှမ်းခြုံရုပ်ပွားတော်ကြီးအတွက် သရုပ်ဆောင် ဟန်ထူးချွန်မိသားစုက အလှူငွေကျပ် သိန်း ၁၀၀ လှူဒါန်း



ရွှေတောင် ဩဂုတ် ၂၃

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ တည်ဆောက်လျက်ရှိသည့် ဗုဒ္ဓစာတ်ကမ္ဘာ့လွှမ်းခြုံရုပ်ပွားတော်ကြီးအတွက် သရုပ်ဆောင် ဟန်ထူးချွန် မိသားစုက အလှူငွေကျပ် သိန်း ၁၀၀ ကို အဆိုပါရုပ်ပွားတော်ကြီး တည်ဆောက်နေသည့် ရဟန္တာ ၈၀ မဟာသိမ်တော်ကြီးကျောင်းတိုက်သို့ ဩဂုတ် ၂၂ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သရုပ်ဆောင် ဟန်ထူးချွန်က ပြောပြ၍ သိရသည်။

ဗုဒ္ဓစာတ်ကမ္ဘာ့လွှမ်းခြုံရုပ်ပွားတော်ကြီးကို ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်ရှိ ရဟန္တာ ၈၀ မဟာသိမ်တော်ကြီး ကျောင်းတိုက်ဝင်းအတွင်း တည်ဆောက်လျက်ရှိပြီး မှဲ့ရှင်ဆရာတော်ကြီးက ဦးစီးကာ ဘက်စုံတည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ရွှေတောင်မြို့မှာ တည်ထားကိုးကွယ်မဲ့ ဗုဒ္ဓစာတ်ကမ္ဘာ့လွှမ်းခြုံရုပ်ပွားတော်ကြီး ဘက်စုံတည်ဆောက်ရေး လုပ်ငန်းတွေအတွက် ဦးစီးပဓာန နာယက မှဲ့ရှင်ဆရာတော်ကြီးကို ငွေကျပ်သိန်း ၁၀၀ လှူဒါန်းခဲ့ပါတယ်။ မိသားစု အလှူပါ" ဟု သရုပ်ဆောင် ဟန်ထူးချွန်က ပြောပြသည်။

အဆိုပါဗုဒ္ဓစာတ်ကမ္ဘာ့လွှမ်းခြုံရုပ်ပွားတော်ကြီးကို ၂၀၁၀ ပြည့်နှစ်မှစတင် တည်ဆောက်နေခြင်းဖြစ်ပြီး အဆိုပါ ရုပ်ပွားတော်ကြီးသည် အမြင့်ပေ ၉၀ ရှိသော ကမ္ဘာလုံးကြီးပေါ်တွင် အမြင့်ပေ ၉၀ ရှိမည့် ရုပ်တော်မှုရုပ်ပွားတော်ကြီး ဖြစ်ကြောင်း သိရသည်။ ASH

# Anaconda ဇာတ်ကားသစ်၌ ဂျက်ဘလက်နှင့် ပေါရပ်တို့ ပါဝင်ဖွယ်ရှိ

နယူးယောက် ဩဂုတ် ၂၃

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Anaconda ဇာတ်ကားသစ်၌ မင်းသား ဂျက်ဘလက်နှင့် ပေါရပ်တို့ ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း ဩဂုတ် ၂၂ ရက်သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် မင်းသား ဂျက်ဘလက်နှင့်ပေါရပ်တို့သည် Anaconda ဇာတ်ကားသစ်၌ ပါဝင်သရုပ်ဆောင်ရေးအတွက် ဆိုနီရုပ်ရှင်ကုမ္ပဏီနှင့် စတင်ဆွေးနွေးနေပြီဖြစ်ကြောင်း သိရသည်။

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Anaconda ဇာတ်ကားသစ်ကို ဒါရိုက်တာ တွမ်ဂေါ်မီကန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ကီဗင်အက်တင်းက တာဝန်ယူရေးသားမည်ဖြစ်သည်။

မူလ Anaconda (1997) ဇာတ်ကားသည် ကမ္ဘာ့ကြောက်မက်ဖွယ်အကောင်းဆုံးနှင့် အကြီးမားဆုံး မြွေကြီးတစ်ကောင်၏ အန္တရာယ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးခဲ့သည့် ဇာတ်ကားဖြစ်သည်။

မင်းသမီး ဂျင်နီဖာလိုပက်နှင့် အိုဝင်ဝီဆင်တို့ ပါဝင်ထားသော Anaconda(1997) သည် ကမ္ဘာတစ်ဝန်း ဝင်ငွေအမေရိကန်ဒေါ်လာ ၁၄၅ သန်းထိ ရရှိခဲ့သည်။

လက်ရှိအချိန်တွင် Anaconda ဇာတ်ကားသစ်ရိုက်ကူးမည့်ရက်နှင့်ရုံတင်ပြသမည့်ရက်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO



# ခေတ်လေးခေတ် မင်္ဂလာရိုးရာဝတ်စုံများကို အနုပညာရှင်များက ဝတ်ဆင်ပြသမည့်ပွဲတော် စာနယ်ဇင်းမိတ်ဆက်

ရန်ကုန် ဩဂုတ် ၂၃

ခေတ်လေးခေတ်မင်္ဂလာရိုးရာဝတ်စုံများကို အနုပညာရှင်များက ဝတ်ဆင်ပြသမည့် From This Moment at Chi Garden by ZEALAX Wedding Fair စာနယ်ဇင်းမိတ်ဆက်ပွဲကို ဩဂုတ် ၂၂ ရက် က အလုံမြို့နယ်ရှိ Zealax Hotel ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ ZEALAX Wedding Fair တွင်ပါဝင်မည့် သရုပ်ဆောင် အေးမြတ်သူက ပြောပြ၍ သိရသည်။

အဆိုပါ ZEALAX Wedding Fair ကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁ ရက်ထိကျင်းပသွားမည်ဖြစ်ပြီး ဒီဇိုင်နာများဖြစ်ကြသည့် ပြည့်စိုးအောင် (Exclusive Bridal Creations)၊ ဟိန်း (Bridal Couture) နှင့် အခြားဒီဇိုင်နာများ၊ မိတ်ကပ်ပညာရှင်များဖြစ်ကြသည့် ခင်စန်းဝင်း၊ မာမီကျော် (Malaysia) နှင့်အခြား မိတ်ကပ်ပညာရှင်များ ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။



"မိတ်ကပ်ပညာရှင်တွေက အနုပညာရှင်တွေရဲ့ မျက်နှာနဲ့ ပန်းတွေကို လိုက်ဖက်မဲ့ပုံစံတွေ လိမ်းခြယ်ပေးမှာပါတယ်။ ဒီဇိုင်နာတွေကချုပ်လုပ်ထားတဲ့ ခေတ်လေးခေတ်က မင်္ဂလာရိုးရာဝတ်စုံတွေကို အများပြည်သူ ဗဟုသုတရရှိအောင် ပြသမှာဖြစ်ပါတယ်။ တစ်ခေတ်ချင်းစီရဲ့ ထိုင်မသိမ်း ဒီဇိုင်းတွေ၊ ဆံပင်၊ မိတ်ကပ်ပြင်ဆင်မှုတွေကိုလဲ ခေတ်အလိုက် ပြင်ဆင်ပြသမှာပါ"ဟု သရုပ်ဆောင် အေးမြတ်သူက ပြောပြသည်။

အဆိုပါ ZEALAX Wedding Fair တွင် သရုပ်ဆောင် ကျော်ထက်ဇော်၊ ချာလီ၊ ရဲရင့်မောင်မောင်၊ ရှိုင်းလတ်၊ ဇင်ဇင်ဇော်မြင့်၊ အေးမြတ်သူ၊ ဝေလာရီ၊ သင်းသဲဗိုလ်၊ လီလီကျော်ခိုင်၊ ခိုင်သဇင်ငုဝါ၊ အလှမယ် ဇာလီမိုး၊ အလှမယ်ဒီး၊ အလှမယ် ဆုမြတ်ရည်၊ အလှမယ် မြင့်မြတ်မိုး စသည့်အနုပညာရှင်များ ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။ ASH

# The Batman Part-2 ဇာတ်ကားကို လာမည့်နှစ်အတွင်း စတင်ရိုက်ကူးရန်စီစဉ်

နယူးယောက် ဩဂုတ် ၂၃

The Batman Part-2 ဇာတ်ကားကို လာမည့်နှစ်အတွင်း စတင်ရိုက်ကူးရန် ဝါနာဘရားသားကုမ္ပဏီက စီစဉ်ထားကြောင်း ဩဂုတ် ၂၂ ရက် သတင်းများအရ သိရသည်။

The Batman Part-2 ဇာတ်ကား စတင်ရိုက်ကူးမည့်အချိန်ကို အဆိုပါ ဇာတ်ကား၏ ဇာတ်ညွှန်းရေးဆရာ မက်ဆန်တွမ်လင်းကိုယ်တိုင် အတည်ပြုပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် The Batman Part-2 ဇာတ်ကားကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် The Batman (2022) ဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Batman Part-2 ဇာတ်ကားကို မူလက The Batman ဇာတ်ကားဒါရိုက်တာ မက်ရိကပင် တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

The Batman Part-2 တွင် မင်းသား ရောဘတ်ပက်တင်ဆန်၊ ပေါဒါနို၊ မင်းသမီး လေဒီဂါဂါ၊ ဂိုးကရာဗစ်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO




# သရုပ်ဆောင် ရွှေစင်က မွေးနေ့အလှူအဖြစ် မှန်ကင်းပရဟိတကျောင်းတွင် နေ့ဆွမ်းအလှူနှင့် ကျောင်းသား၊ ကျောင်းသူများအား အဝတ်အထည်များ လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၃


ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မှန်ကင်းပရဟိတ ဘုန်းတော်ကြီးသင်စာသင်ကျောင်းတွင် သရုပ်ဆောင် ရွှေစင်က မွေးနေ့အလှူအဖြစ်သံဃာတော်များအား နေ့ဆွမ်းအလှူနှင့် ကျောင်းသား၊ ကျောင်းသူများအား အဝတ်အထည်များ လှူဒါန်းခြင်းကို ဩဂုတ် ၂၂ ရက်က အဆိုပါကျောင်းတိုက်တွင် ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် ရွှေစင်က ပြောပြ၍ သိရသည်။

သရုပ်ဆောင် ရွှေစင်က မွေးနေ့အလှူအဖြစ် မှန်ကင်းပရဟိတ ဘုန်းတော်ကြီးသင် စာသင်ကျောင်းရှိ သံဃာတော်များအား နေ့ဆွမ်း ဆပ်ကပ်လှူဒါန်းခဲ့ပြီး ဘုန်းတော်ကြီးသင် စာသင်ကျောင်း ရှိကျောင်းသား၊ ကျောင်းသူများအား နံနက်စာ အာဟာရဒါနကျွေးမွေးလှူဒါန်းခဲ့ကာ လှူဒါန်းမှုအစုစုအတွက် ငွေကျပ် သိန်း ၂၀ ခန့် ကုန်ကျခဲ့ကြောင်း သိရသည်။

"ဇင်ရဲ့ မွေးနေ့အလှူအနေနဲ့ အမြဲတမ်းလှူနေကျ မှန်ကင်းကျောင်းတိုက်မှာ ဆရာတော်တွေ၊ သံဃာတော်တွေကို နေ့ဆွမ်းနဲ့ ဝတ္ထုငွေ ဆက်ကပ်ပါတယ်။ ဆရာတော့်ကျောင်းက မိဘမဲ့ကျောင်းသားကလေးတွေကိုလဲ အဝတ်အစားတွေ၊ မုန့်တွေ၊ အရုပ်လေးတွေ လှူဖြစ်ပါတယ်။ ဇင်တတ်နိုင်တာလေးနဲ့ မွေးနေ့ပါရမီ ဖြည့်ခွင့်ရလို့လဲ ပျော်ပါတယ်။ မြင်သူတိုင်းကြည်နူးကြပါစေ၊ ကုသိုလ်ထပ်တူရကြပါစေ" ဟု သရုပ်ဆောင် ရွှေစင်က ပြောပြသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects repair and maintenance of ancient cultural heritage in Kaytumadi ancient town, Toungoo





Senior General Min Aung Hlaing hears a briefing by the Union Minister for Construction.

**Nay Pyi Taw August 23**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by Joint SAC Secretary General Ye Win Oo, SAC members General Mya Tun Oo, General Maung Maung Aye, and Lt-Gen Yar Pyae, union ministers U Min Naung and U Myo Thant, and senior military officers from Office of Commander-in-Chief, inspected repair and maintenance of ancient cultural heritage in Kaytumadi ancient town, Toungoo.

On arrival at the local airbase headquarters in Toungoo, the Senior General and party were welcomed by Bago Region Chief Minister U Myo Swe Win, Southern Command Commander Maj-Gen Kyi Thaik and officials.

At the meeting hall of the airbase, Deputy Minister for Religious Affairs and Culture Daw Nu Mya Zan reported on points and historical records of ancient Kaytumadi, location of the wall and moat, field trip reports on Kaytumadi palace site, points of the forts, excavation and research of the wall and moat, SAC member Union Minister for Home Affairs Lt-Gen Yar Pyae on new Toungoo prison project, SAC member Deputy Prime Minister Union Minister for Transport and Communications General Mya Tun Oo on Toungoo detour railroad project, destruction of the sections of Bago-Toungoo railroad by terrorists and repair of the damage sections to ensure uninterrupted transportation, Union Minister for Construction U Myo Thant on new ward establishment project in Toungoo, and the Bago Region chief minister on points of Toungoo District and regional development undertakings.





Senior General Min Aung Hlaing hears a briefing by the Union Minister for Home Affairs.

The Senior General emphasized that excavation and research on the city's walls should be conducted systematically by experts. He stated that the restoration and preservation of city walls, gates, and bridges should be carried out in accordance with available information, prioritizing the renovation of moats and bridges. Subsequently, the city walls and royal palace sites should be maintained and restored step by step. Government buildings that need to be relocated should be moved, and designated cultural heritage sites should be preserved in accordance with the law. Regarding the construction of a new prison, he mentioned that it should be built systematically, adhering to security measures and standard guidelines.



Senior General Min Aung Hlaing inspects the lake.



*See Page 13*



Senior General Min Aung Hlaing gives guidance on the excavation of the old city of Kaytumadi.

*From Page 12*

Similarly, the construction of new railway tracks and stations should be done with long-term durability in mind, ensuring quality at each stage according to the set standards. When developing new townships, green areas should be pre-planned along the roadsides to allow for tree planting. In the Taungoo region, he suggested that cultivating additional crops could bring more benefits to the area, aiming to increase agricultural output by 200%. Agricultural activities should follow the four principles: seeds, soil, water, and methods, to improve per-acre yields. To support food security, he mentioned the importance of rearing layer chickens and broiler chickens, as well as feeding and raising native chickens, cattle, and pigs systematically. Additionally, dairy farming should be expanded.

Following this, the Senior General reiterated that the visit was primarily to oversee the restoration of the Taungoo city walls and the Kaytumadi Palace. He emphasized that the Kaytumadi city walls are an important historical heritage site that needs to be excavated. Historically significant areas should be uncovered and preserved, while new townships are developed, and government offices are relocated. Regarding the Kaytumadi Palace, the confirmed locations, including the moat areas, should be excavated and preserved in accordance with the Archaeological Law. The protection and preservation of cultural heritage sites must also adhere to legal requirements.

Regarding the construction of buildings, it is necessary to carry out the development of Taungoo City in a manner that ensures compliance with the required standards. The development of new townships should also be conducted systematically. In residential areas, trees should be planted within the compounds, and green avenues should be created by planting trees along the roadsides. When constructing roads, sidewalks should be built to be genuinely usable for pedestrians. In developing new townships, hospitals, schools, fire stations, markets, and government offices that align with the standard of living should be systematically planned and constructed.

It is necessary to utilize water supplied from Khapaung dam systematically and to be prepared for floods. In connection with education, the government has been fulfilling the needs as much as possible. The Bago-Taungoo railroad section is often blasted with mines and schools for education are destroyed by terrorists. In connection with education, it is necessary to take measures to enable all school-aged children to go to school and all those who have passed KG +12 to go to university. When schools, which were temporarily closed due to various reasons, are reopened, extra classes must be opened. If students are taught so that they actually get education, the education of the future country will improve. It is necessary for responsible officials to take measures to improve the education qualities in Bago Region. The government has been exerting efforts as much as possible to improve education.

In connection with education, agricultural land in Taungoo District must be utilize beneficially and it is necessary to cultivate crops multiple times. If double and triple crops can be cultivated economic development can be achieved and political situation will improve and affairs of state will be better. In connection with meat and fish, Myanmar chiefly consume chicken, pork, mutton, beef and fish. If livestock breeding tasks are carried out systematically, there will be abundant supplies of meat and fish. If agriculture, livestock breeding and education improve, regional development can be achieved. As Taungoo and Meiktila regions are close to Nay Pyi Taw and hubs for the country, regional official required to exert efforts for regional development.

Then, the Senior General and party inspected the excavation sites of Kaytumadi ancient city, Yodaya Gate at the eastern moat and the western palace wall, the moat and Myolay castle at the southeastern wall and the interior of the wall. The Senior General said excavation research of the palace must be carried out successfully. In doing so, the foundation of the palace wall must be excavated along the wall. The entrance Bridge of the ancient city must be identified and reconstruct parts that can be rebuilt. The Botaloke Lake must be rebuilt. Priority must be given to excavation of the palace wall.

Then, the Senior General and party rode a special RBE train from Taungoo Station to Thaungtaing Station and inspected the site where the new Tangoo station is to be built before giving necessary instructions to officials.



Senior General Min Aung Hlaing views the map of the ancient Yodaya Gate.

Afterward, the Senior General and party took a train ride along Taungoo-Yedashe railroad section and inspected the maintenance tasks of the railroad, agriculture tasks in Taungoo and urban development.

100

# 20 dead after Indian passenger bus veers off road in Nepal

**Kathmandu August 23**

Twenty people were killed and 16 others injured after an Indian passenger bus with 43 aboard skidded off the road in central Nepal on Friday, a Nepali official said.

Twelve of the injured have been airlifted to the capital Kathmandu for treatment and four others shall be sent as well in a while, said Janardan Gautam, chief district officer of Tanahun district where the accident happened.

The remaining seven have also been found, but their conditions are yet to be confirmed, he told Xinhua.

"All the 43 passengers have been retrieved, among them 20 have been killed," he said.

The bus fell into the bank of the Marsyangdi river at Tanahun's Aanbookhaireni as a huge stone stopped it from falling further, said Deepak Kumar Raya, spokesperson for the district police.

He told Xinhua that the accident occurred when the bus was heading to Kathmandu from Pokhara, a popular tourist attraction in Nepal.

Driving becomes more difficult and dangerous in mountainous Nepal during the monsoon season. Xinhua

# Palestinian death toll in Gaza rises to 40,265: health authorities

**Gaza August 23**

The Palestinian death toll from ongoing Israeli attacks on the Gaza Strip has risen to 40,265, Gaza-based health authorities said in a statement on Thursday.

During the past 24 hours, the Israeli military killed 42 people and wounded 163 others, bringing the total death toll to 40,265 and injuries to 93,144 since the Palestinian-Israeli conflict broke out, it added.

There are still a number of victims trapped under the rubble and scattered on roads, as ambulance and civil defense crews cannot reach them, it said.

"Critical water wells and sanitation infrastructure have been repeatedly damaged throughout the war," the United Nations Relief and Works Agency for Palestine Refugees in the Near East said on social media platform X on Thursday.

"With overcrowding, lack of hygiene and unbearable heat, access to clean water continues to be a struggle in the Gaza Strip," it added.

Israel has been conducting a large-scale offensive against Hamas in Gaza to retaliate against a Hamas rampage through the southern Israeli border on Oct. 7, 2023, during which about 1,200 people were killed and around 250 others taken hostage. Xinhua

# SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects undertakings of peace and stability in the area of Southern Command, comforts security force members receiving medical treatments at the Tatmadaw hospital in Toungoo


Senior General Min Aung Hlaing comforts a patient.


Senior General Min Aung Hlaing comforts a patient.

**Nay Pyi Taw August 23**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by SAC member Chief of the General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Vice-Admiral Htein Win, Commander-in-Chief (Air) General Tun Aung, Union-level dignitaries, senior Tatmadaw officers from the Office of the Commander-in-Chief and officials, inspected progress in restoring peace and stability in the area of the Southern Command this afternoon.

At the meeting hall of the Southern Command Headquarters, Commander Maj-Gen Kyi Thaik reported on subversive acts of some EAOs and PDF terrorists with attempts to deteriorate peace and stability in the area of Southern Command, their terror acts of blowing up communication routes, bridges and railways being used by the people, and efforts of Tatmadaw and Myanmar Police Force members in taking security measures for ensuring peace and stability of the region.

In his response to the reports, the Senior General underlined that security measures must be taken systematically for ensuring public security and restoring peace and stability of the region. It is necessary to take security measures systematically to ensure public security and peace and stability of the region. The Senior General stressed the need to consider implementation of the long-term plan in restoring peace and stability of the region and secure and smooth transportation measures. On the occasion, the Senior General gave necessary guidance on local security, peace and stability of the region.

At the Tatmadaw hospital in Toungoo, the Senior General comforted officers, other ranks and members of Myanmar Police Force receiving medical treatments for their injuries suffered in serving defence and security duties of the State.

In consoling them, the Senior General asked about conditions of officers, other ranks and MPF members who were injured in serving the defence and security duties of the State and asked after their health conditions and healing of injuries individually and fulfilled their needs.

After cordially conversing with them, the Senior General presented cash awards and gifts to officers and other ranks and MPF members.

After asking requirements at the hospital, the Senior General attended to the needs.

100

# More than 4,000 acres of vegetables planted in Wetlet Township this monsoon

**Wetlet August 23**

The statistics of Wetlet Township Agriculture Department of Sagaing Region have stated that a total of 4,253 acres of vegetables has been grown as monsoon crops in Wetlet Township.

In 2024-25 monsoon season, Wetlet Township earmarked cultivation of 4,225 acres of vegetables. But, local farmers have so far planted 4,253 acres of vegetables exceeding the target cultivation.

Daw Kyin San, Head of Wetlet Township Agriculture Department said: “Local authorities planned to grow 4,225 acres of vegetables this monsoon. However, local farmers strived for exceeding the target of crops by growing 4,253 acres of vegetables on the croplands. They could meet the target cultivation. They grow mustard, chilli, spicy, potato, cabbage, eggplant, Chinese cabbage and cauliflowers. Staff members of our department helped local farmers grow crops with good agricultural practice-GAP system and shared agricultural techniques with local farmers for minimizing chemical residue at agricultural produce in accord with the health protocols.”

The Township Agriculture Department conducted training courses for agricultural staff and local farmers to enhance their capacity in growing vegetable crops and produce healthy products as well as expand sown acreage of vegetables.

As local farmers grow various kinds of vegetables in all seasons in Wetlet Township, these crops are thriving at their farms at present. Subsequently, local farmers can earn increased incomes from their vegetable plantations. Staff of the township agriculture department raise farmer awareness to use correct agricultural techniques, prevent pests and make natural fertilizers and pesticides for preventive measures.

206

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၄၉၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ဝက်လက် ဩဂုတ် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၄၉၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် ပဲကြီး ၂၁၂၅ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၉၁ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲကြီးကေ ၂၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၄၉၁ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့တယ်"ဟု ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးများ ပိုမိုကောင်းမွန်ခြင်းကြောင့် အဆိုပါနည်းစနစ်များဖြင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာနိုင်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ဇနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ရက် ၉၀ ဆန်အိတ်ရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဇနုဖြူ ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး ဇနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ၂၄ ပြည်ပါ ရက် ၉၀ ဆန်အိတ်ရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်က ပြောပြ၍ သိရသည်။

ဇနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ၂၄ ပြည်ပါ ရက် ၉၀ ဆန် အိတ်ရေ ၆၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ၂၄ ပြည်ပါ ရက် ၉၀ ဆန်အိတ်ရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဇနုဖြူမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူ ကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

"ဇနုဖြူမြို့နယ်ကနေ ရန်ကုန်ဆန်ဈေးကွက်ကို ပြီးခဲ့တဲ့ တစ်လတွင်း ရက် ၉၀ ဆန်အမျိုးအစား ၂၄ ပြည်ပါတဲ့ အိတ်ရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဇနုဖြူမြို့နယ်ဘက်ကနေ စပါးနဲ့ဆန်တွေကိုပြည်တွင်းဆန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဒေသထွက် စပါးတွေကိုဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချနေပါတယ်။ လက်ရှိ စပါးဈေးက ပုံမှန်အနေအထားမှာရှိနေပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိ ဩဂုတ်လထဲမှာလည်း ဇနုဖြူဘက်ကဆန်တွေကို ဝယ်ယူမှုများနေပါတယ်"ဟု ဇနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်က ပြောပြသည်။



ဇနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပွင့်ဖြူမြို့နယ် ကလန်ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ပွင့်ဖြူ ဩဂုတ် ၂၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် ကလန်ကျေးရွာတွင်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဋ္ဌေးမောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ကလန်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် သတ်မှတ်ကာလအတွင်းအချိန်မီပြီးစီးရေးအတွက် လိုအပ်သည့် နည်းပညာများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကလန်ကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် နိုင်ငံတော်ပံ့ပိုးငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၉၉ သန်း စုစုပေါင်းငွေကျပ် ၂၀ ဒသမ ၉၉ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ် ၁၅ ရက်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၃-၈-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၉၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၂၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၆၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၀၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၁၉၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

**ရှေ့ဖုံးမှအဆက်**


တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် တောင်ငူမြို့ နယ်မြေခံလေတပ်စခန်းဌာနချုပ် အစည်းအဝေးခန်းမ၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲဇံက တောင်ငူ ကေတုမတီမြို့ဟောင်းဆိုင်ရာ အချက်အလက်များနှင့် သမိုင်းအထောက်အထားများ၊ မြို့ဟောင်းမြို့ရိုးနှင့်ကျုံးတို့၏ တည်ရှိမှုအခြေအနေများ၊ ကေတုမတီနန်းတော်နေရာအား ကွင်းဆင်းလျာထားဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မြို့လေးခံ တပ်ဆိုင်ရာအချက်အလက်များ၊ မြို့ရိုးနှင့်ကျုံးအားတူးဖော်သုတေသနပြု ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ငူမြို့ နယ်မြေခံလေတပ်စခန်းဌာနချုပ် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက တောင်ငူမြို့ရှောင်ရထားလမ်း တည်ဆောက်ရန် လျာထား ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က တောင်ငူအကျဉ်းထောင်သစ်ဆောက်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက တောင်ငူမြို့ရှောင်ရထားလမ်း တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပဲခူး-တောင်ငူ မီးရထားလမ်းပိုင်းတွင် အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုများနှင့် သွားလာဆက်သွယ်မှုများ ပြတ်တောက်မှုမရှိစေရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က တောင်ငူမြို့ကွက်အသစ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ငူဘူတာရုံ(အသစ်) တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ငူမြို့ ကေတုမတီမြို့ဟောင်း မြို့ရိုးအရှေ့တောင်ထောင့်ရှိ မြို့လေးခံတပ်နေရာတွင် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ဖော်ထုတ်ရေး လျာထားဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းက တောင်ငူခရိုင် ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြို့ရိုးနှင့်ပတ်သက်၍ တူးဖော်သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွမ်းကျင်သူများဖြင့်စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ မြို့ရိုးများ၊ မြို့ရိုးဝင်ပေါက်များနှင့် တံတားများကို ပြန်လည်ပြုပြင်ထိန်းသိမ်းတည်ဆောက်မှုများ ပြုလုပ်ရာတွင် ဖြစ်နိုင်ဖွယ်ရာအချက်အလက်များနှင့်အညီ ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျုံးနှင့်တံတားများကို ဦးစားပေးအနေဖြင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံက တောင်ငူကေတုမတီမြို့ဟောင်းဆိုင်ရာ အချက်အလက်များ၊ သမိုင်းအထောက်အထားများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် မြို့ရိုးများ၊ နန်းတော်ရာနေရာများကို တစ်ဆင့်ပြီး တစ်ဆင့် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပြောင်းရွှေ့ရန်လိုအပ်သည့် ဝန်ကြီးဌာနအဆောက်အအုံများကို ပြောင်းရွှေ့သွားရန်လိုကြောင်း၊ သတ်မှတ်ထားသည့် ယဉ်ကျေးမှုအမွေအနှစ်နေရာများကို ဥပဒေနှင့်အညီ စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အကျဉ်းထောင်အသစ်တည်ဆောက်မှုနှင့်ပတ်သက်၍ လုံခြုံရေးအရ စနစ်တကျတွက်ချက်၍ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်သွားရန်လိုကြောင်း၊ ရထားလမ်းနှင့်ဘူတာရုံအသစ်တည်ဆောက်ရာတွင်လည်း အစကောင်းမှ အနှောင်းသေချာဆိုသည့်အတိုင်း ရေရှည်တည်တံ့ကောင်းမွန်စေရေး သတ်မှတ်စံချိန်စံညွှန်းများအတိုင်း လုပ်ငန်းစဉ်အဆင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ငူမြို့ ကေတုမတီမြို့ဟောင်း အရှေ့ဘက်ကျုံးနေရာရှိ ယိုးဒယားပေါက်နေရာတွင် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တောင်ငူခရိုင် ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**တောင်ငူဒေသနှင့် မိတ္ထီလာဒေသသည် နေပြည်တော်နှင့် လက်လှမ်းမီသည့်နေရာများဖြစ်ပြီး မြန်မာနိုင်ငံ၏ အချက်အချာနေရာများဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လို. . .**

အလိုက် အရည်အသွေးပြည့်မီအောင် တည်ဆောက်သွားရန်လိုကြောင်း၊ မြို့ကွက်အသစ်များ ဖော်ထုတ်ဆောင်ရွက်ရာတွင်လည်း လမ်းဘေးဝဲယာ၌ သစ်ပင်များစိုက်ပျိုးနိုင်သည့် Green Area များကိုပါ ကြိုတင်လျာထားဆောင်ရွက်သွားရန် လိုကြောင်း၊ တောင်ငူဒေသအတွင်း၌ သီးနှံများစိုက်ပျိုးရာတွင် သီးထပ်များစိုက်ပျိုးနိုင်ပါက ဒေသအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ လယ်မြေများကို သီးထပ်စွမ်းအား ၂၀၀ ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်စေလိုကြောင်း၊ **စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းလမ်း လေးသွယ်နှင့်အညီ စိုက်ပျိုးဆောင်ရွက်သွားမည်ဆိုပါက တစ်ကေချင်းအထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်**ကြောင်း၊ ဒေသအတွက် စားရေးကိုအထောက်အကူပြုစေရေး ဥစားကြက်နှင့် အသားစားကြက်များကို မွေးမြူသကဲ့သို့ ဒေသကြက်များ၊ ဒေသနွား၊ ဒေသဝက်များကိုလည်း စနစ်တကျအစာကျွေးမွေး၍ဆောင်ရွက်သွားနိုင်ကြောင်း၊ နို့စားနွားများကိုလည်း တိုးချဲ့မွေးမြူသွားရန် လိုကြောင်းဖြင့် ဖြည့်စွက်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အဓိကအားဖြင့် တောင်ငူမြို့ရိုးနှင့် ကေတုမတီနန်းတော်ရာ ပြန်လည်တည်ဆောက်ရေးအတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကေတုမတီမြို့ရိုးသည် ပြန်လည်ဖော်ထုတ်သင့်သည့်ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်ကြောင်း၊ သမိုင်းကြောင်းအရအထောက်အထားသေချာသည့်နေရာများကို ပြန်လည်ဖော်ထုတ်သွားရန်လိုကြောင်း၊ အလားတူမြို့ကွက်အသစ်များ ဖော်ထုတ်ခြင်းနှင့် ရွှေ့ပြောင်း၍ရသည့် အစိုးရရုံးဌာနဆိုင်ရာအဆောက်အအုံများကို ဦးစွာပြောင်းရွှေ့သွားရန်လိုကြောင်း၊ ကေတုမတီနန်းတော်ရာနှင့်ပတ်သက်၍ အတည်ပြု၍ရသည့်နေရာများ၊ ဘုတ်တလုတ်ကန်နေရာများကို ပြန်လည်ဖော်ထုတ်ရာတွင် ရှေးဟောင်းဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရှေးဟောင်းအမွေအနှစ်နေရာများကို ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း။

အဆောက်အအုံများ ဆောက်လုပ်ရေးနှင့်ပတ်သက်၍ တောင်ငူမြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရန်နှင့် စံချိန်စံညွှန်းများ ပြည့်မီစေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့ကွက်အသစ်များဖော်ထုတ်ရာတွင်လည်း စနစ်တကျဖော်ထုတ်ရန်လိုကြောင်း၊ လူနေရပ်ကွက်များရှိ အိမ်ခြံမြေများအတွင်း သစ်ပင်များစိုက်ပျိုးရန်နှင့် လမ်းဘေးဝဲယာများတွင်သစ်ပင်များစိုက်ပျိုး၍ စိမ်းလန်းစိုပြည်ရေးကို ဆောင်ရွက်ရန်လိုကြောင်း၊

စာမျက်နှာ ၁၈ သို့

**စာမျက်နှာ ၁၇ မှအဆက်**

လမ်းများဖောက်လုပ်ရာတွင်လည်း လူသွားပလက်ဖောင်းများကို အမှန်တကယ် အသုံးပြုနိုင်သည့်လမ်းများ ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ **မြို့ကွက်အသစ်တည်ဆောက်ရာတွင် လူနေမှုအဆင့်နှင့်လျော်ညီသည့် ဆေးရုံ၊ ကျောင်း၊ မီးသတ်အဆောက်အအုံများ၊ ဈေးများနှင့် ဌာနဆိုင်ရာအဆောက်အအုံများကို စနစ်တကျဖြင့် တွက်ချက်ထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်း။**

ခပေါင်းဆည်မှရရှိသည့် ရေများကိုလည်း စနစ်တကျဖြင့် သုံးစွဲရန်လိုကြောင်း၊ ရေကြီးရေလျှံမှုများ မရှိစေရေးအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပဲခူး-တောင်ငူ မီးရထားလမ်းပိုင်းကိုလည်း အကြမ်းဖက် သောင်းကျန်းသူများက မကြာခဏ မိုင်းထောင်ဖောက်ခွဲခြင်းများ ရှိသကဲ့သို့ ပညာသင်ကြားရေးဖြစ်သည့် စာသင်ကျောင်းများကိုလည်း နှောင့်ယှက်မှုများပြုလုပ်လျက်ရှိကြောင်း၊ ပညာသင်ကြားရေးနှင့်ပတ်သက်၍ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေးနှင့် KG+12 အောင်မြင်ပြီးသူများ အနေဖြင့်လည်း တက္ကသိုလ်ကောလိပ်များသို့ ဆက်လက် တက်ရောက်နိုင်ရေးဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ယာယီပိတ်ထားခဲ့ရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ကျောင်းသား၊ ကျောင်းသူများ အတန်းပညာအမှန်တကယ် တတ်မြောက်စေရေး အချိန်ပိုသင်ကြားဆောင်ရွက်ပေးရန်လိုကြောင်း၊ အမှန်တကယ်စာတတ်အောင်သင်ကြားပေးမည်ဆိုပါက အနာဂတ်နိုင်ငံ၏ ပညာရေးမှာ များစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ပညာရည်မြင့်မားလာစေရေး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်နေရန်လိုကြောင်း၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ တောင်ငူခရိုင်အတွင်းရှိ စိုက်ပျိုးမြေများကိုအကျိုးရှိစွာဖြင့် အသုံးချနိုင်ရန်လိုကြောင်း၊ သီးထပ်စိုက်ပျိုးမှုများ တိုးတက်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ အနည်းဆုံးနှစ်သီးမှသုံးသီးထိ သီးထပ်စိုက်ပျိုးသွားမည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်လာပါက နိုင်ငံရေးကောင်းလာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် နိုင်ငံ့အရေးများ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ အသား၊ငါးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးများကို အဓိကစားသုံးကြသည်ကို တွေ့ရကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် မွေးမြူဆောင်ရွက်သွားမည်ဆိုပါက အသား၊ ငါးများပေါများလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်ပြီး ပညာရေးများ ကောင်းမွန်လာမည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ **တောင်ငူဒေသနှင့် မိတ္ထီလာဒေသသည် နေပြည်တော်နှင့်လက်လှမ်းမီသည့် နေရာများဖြစ်ပြီး မြန်မာနိုင်ငံ၏အချက်အချာနေရာများဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့ ကေတုမတီမြို့ဟောင်း အရှေ့ဘက်ကျုံးနေရာရှိ ယိုးဒယားပေါက်နေရာ၊ အနောက်ဘက် မြို့ရိုးနေရာရှိ မြို့ရိုးတူးဖော်ထိန်းသိမ်းထားရှိမှုနှင့် ရေကျုံးနေရာ မြို့ရိုးအရှေ့တောင်ထောင့်ရှိ မြို့လေးခံတပ်နေရာနှင့် မြို့ရိုးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ရှေးဟောင်းမြို့ရိုးနှင့် ကျုံးတူးဖော် သုတေသနပြုလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြို့ရိုးအောက်ခြေ ဖောင်ဒေးရှင်းအုတ်ရိုးများကို ဖော်ထုတ်၍ အုတ်ရိုးအတိုင်း လိုက်ကာ မြို့ရိုးကိုဖော်ထုတ်ရမည်ဖြစ်ကြောင်း၊ မြို့ဟောင်းအဝင်တံတားပုံစံများကိုလည်း ပြန်လည်ဆန်းစစ်ဖော်ထုတ်လေ့လာသွားရန်လိုပြီး တည်ဆောက်၍ရနိုင်သည့်နေရာများတွင် ဦးစွာတည်ဆောက်သွားရန်လိုကြောင်း၊ ဘုတ်တလုတ်ကန်ကိုလည်း ပြန်လည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြို့ရိုးဖော်ထုတ်ရေးလုပ်ငန်းကို အဓိကဦးစားပေး ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူဘုတာမှသောင်းတိုင်ကုန်းဘူတာအကြားထိ RBE အထူးရထားတွဲဖြင့် လိုက်ပါစီးနင်း၍ တောင်ငူဘူတာရုံ(အသစ်) တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ်လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူ-ရေတာရှည် ရထားလမ်းပိုင်းတစ်လျှောက် လိုက်ပါစီးနင်း၍ ရထားလမ်းပိုင်းကြံ့ခိုင်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများ၊ တောင်ငူဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (မဝ၁)

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



**နေပြည်တော် ဩဂုတ် ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်အထီးကလေး တစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်နံနက် မင်္ဂလာအချိန် ၆ နာရီတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက"ဖြစ်ပြီး အဆိုပါဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။

အဆိုပါ ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက"မှာ ယခု အသက် ၂ နှစ်တစ်လသားအရွယ်တွင် အရပ်အမြင့် ၄ ပေ ၇ လက်မ၊ ကိုယ်လုံးလုံးပတ် ၇ ပေ ၄ လက်မ၊ ကိုယ်အလေးချိန် ၁၄၁၉ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့် ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန်ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် '"Peace Human and Elephant Inter-action Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (မဝ၁)

## Mpox (မျောက်ကျောက်) ရောဂါကာကွယ်ရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် Mpox (မျောက်ကျောက်) ရောဂါကူးစက်မှုအား နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ**

- ရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် အရေပြားခြင်းထိတွေ့ခြင်း၊ နမ်းရှုပ်ခြင်း၊ ပွေ့ဖက်ခြင်းတို့မှတစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊ (စကားပြောခြင်း၊ အသက်ရှူခြင်း)
- ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့်ကိုင်တွယ်ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊
- မသန့်ရှင်းသောဆေးထိုးအပ်နှင့်ဆေးရုံသုံးပစ္စည်းများမှတစ်ဆင့် ကူးစက်ခြင်း၊
- Mpox ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်း၊

**ရောဂါပျိုးရက်**

- ရောဂါပိုးစတင်ဝင်ရောက်ပြီး တစ်ရက်မှ ၂၁ ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပါသည်။

**သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ**

- မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့်လိင်အင်္ဂါများတွင် အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများပေါက်ခြင်း၊
- ဖျားခြင်း (>38.5˚C)၊
- အကြိတ်များရောင်ရမ်းခြင်း၊
- လည်ချောင်းနာခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊

(လွန်ခဲ့သည့် ၂၁ ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ၊ ဒေသများမှ ပြန်လည်ဝင်ရောက်လာသူများတွင် အထက်ပါလက္ခဏာ များဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ရန် လိုအပ်ပါသည်။)

**ကာကွယ်နိုင်မည့် နည်းလမ်းများ**

- Mpox (မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ပါ၊
- အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ပါ၊
- သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့်
  နှာခေါင်းစည်း (Mask)ကို တပ်ဆင်ခြင်းကို ပြုလုပ်ပါ၊
- လက်ကိုဆပ်ပြာနှင့်ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး (၆၀%)ပါဝင်သော ရေမလိုလက်သန့်စင်ဆေးရည်အသုံးပြု၍ စနစ်တကျဆေးကြောပါ၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးများကို ကိုင်တွယ်ခြင်းမပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ပါ၊
- အသုံးအဆောင်ပစ္စည်းများ (အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်...)များကို ရေ၊ ဆပ်ပြာနှင့်စနစ်တကျလျှော်ဖွပ်၍အသုံးပြုပါ၊
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊အသားများကိုကျက်အောင်ချက်ပြုတ်စားပါ၊

**Mpox (မျောက်ကျောက်)ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း(သို့မဟုတ်) ရောဂါသံသယလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့၍ လိုအပ်သောစစ်ဆေးစမ်းသပ်မှုနှင့် ကုသမှုခံယူပါ။**

ကျန်းမာရေးဝန်ကြီးဌာန
ဩဂုတ်လ၊ ၂၀၂၄



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် လမ်းညွှန်မှာကြားစဉ်။

☆ ကျောဖုံးမှအဆက်

နယ်မြေ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးသည်။

ဦးစွာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း EAO အဖွဲ့အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ဆောင်ရွက်နေမှုအခြေအနေများ၊ အများပြည်သူသွားလာလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများ၊ တံတားများနှင့် မီးရထားလမ်းများကို မိုင်းထောင်ဖောက်ခွဲလျက်ရှိမှုအခြေအနေများနှင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အများပြည်သူလုံခြုံရေးနှင့် ဒေသအတွင်းတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ အကြမ်းဖက်မှုလုပ်ငန်းများနှင့်ဆက်စပ်လျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းကွင်းဆက်များကိုဖော်ထုတ်၍ အကြမ်းဖက်မှုလုပ်ရပ်များ လျော့နည်းပပျောက်သွားအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရာတွင် ရေရှည်အတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားနယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက် ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကား ပြောကြားစဉ်။

ထိုသို့အားပေးစကားပြောကြားရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များကို မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူ တစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေး ဆေးကုသမှု ခံယူနေသူ တစ်ဦးကို စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၂၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့ရှိတပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)တို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ





နေပြည်တော် ဩဂုတ် ၂၃

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှူထန်၊ ဒေါက်တာဘရှေ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ နိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူ များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော် များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ် ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမှာစကားပြောကြားပြီး ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမား များက အားကစားသစ္စာခံဌာန် (၄)ချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်း နှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ မြန်မာ့လက်ရွေးစင် ပြေးခုန်ပစ် အားကစားသမားဟောင်း ဒေါ်ဂျနီဖာတင်လေးက နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ရရှိခဲ့သည့် ဆုတံဆိပ် ၁၄ ခုကို အားကစားနှင့်လူငယ် ရေးရာဝန်ကြီးဌာန မြန်မာ့အားကစား လှုပ်ရှားမှုများပြခန်းတွင် မှတ်တမ်းတင် ထိန်းသိမ်းထားရှိရန်အတွက် ပေးအပ် လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူတို့ သည် အားကစားနည်းများအလိုက် ပြိုင်ပွဲ များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှု အားပေးကြသည်။

ယနေ့ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် အမျိုးသား၊ အမျိုးသမီး(မီတာ ၄၀၀၊ ၁၀၀ x ၄ လက်ဆင့် ကမ်းနှင့်တန်းမြင့်ခုန်)ပြိုင်ပွဲများ၊ အမျိုးသား (မီတာ ၁၀၀၀၀ လမ်းလျှောက်နှင့် မီတာ ၃၀၀၀) ပြိုင်ပွဲများ၊ လေ့ကျင့်ရေးကွင်း အမှတ်(၁)တွင် အမျိုးသား၊ အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲများ၏ လူရွေးပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ အမျိုးသား မီတာ ၁၀၀၀၀ လမ်းလျှောက် ပြိုင်ပွဲ၌ ၂၀၀၆ ခုနှစ်တွင် ပြည့်ဖြိုးထွန်း (ရန်ကုန်တိုင်းဒေသကြီး) တင်ထားသော စံချိန် ၄၉ မိနစ် ၂၁ ဒသမ ၀၃ စက္ကန့်ကို သန့်ဇင်အောင်(ရှမ်းပြည်နယ်)က ၄၈ မိနစ် ၄၈ ဒသမ ၁၄ စက္ကန့်နှင့် နိုင်လင်းထွန်း (ရှမ်းပြည်နယ်)က ၄၇ မိနစ် ၅၁ ဒသမ ၁၅ စက္ကန့်ဖြင့်လည်းကောင်း၊ အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် နန်းအွမ်ဆိုင်ခမ်း (ရှမ်းပြည်နယ်)သည် ၂၀၁၉ ခုနှစ်တွင် မူကိုဖော(ကယားပြည်နယ်) တင်ထားသော စံချိန် ၃၅ ဒသမ ၀၈ မီတာထက်သာလွန် ၍ စံချိန် ၃၆ ဒသမ ၅၅ မီတာဖြင့် လည်းကောင်း စံချိန်သစ်များတင်နိုင်ခဲ့ ကြသည်။

ဩဂုတ် ၂၄ ရက် နံနက် ၆ နာရီခွဲမှစတင် ၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့် ရေးကွင်းအမှတ်(၁)တို့တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး မီတာ ၅၀၀၀ လမ်းလျှောက် ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး ကြိုးတပ် သံလုံးပစ်ပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ မီတာ ၈၀၀ ပြိုင်ပွဲ၊ မီတာ ၂၀၀ ပြိုင်ပွဲနှင့် မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲ)၊ အမျိုးသမီး မီတာ ၂၀၀၀ တားဆီးကျော်အပြေးပြိုင်ပွဲတို့ကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသ ကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ် ပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများ မှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း စုစုပေါင်း ၄၅၂ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ် ရာ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင် ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ပမှ စက်သုံးဆီသင်္ဘောများ အစီအစဉ်အတိုင်းဆိုက်ကပ်လျက်ရှိပြီး ပုံမှန်ဖြန့်ဖြူးမှုအပြင် တိုးမြှင့်ဖြန့်ဖြူးမှုကြောင့် အရောင်းဆိုင်များ၏ ဖြန့်ဖြူးမှုပုံမှန်အခြေအနေသို့ရောက်ရှိခဲ့ပြီး စက်သုံးဆီဈေးနှုန်းများလည်း ယခင်ထက်လျော့နည်းကျဆင်း






နေပြည်တော် ဩဂုတ် ၂၃

စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူး ခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီသည် ပြည်တွင်း စက်သုံးဆီလက်ကျန်အခြေ အနေအရ ဖူလုံစွာဖြန့်ဖြူးနိုင်ရန်အတွက် ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများကို Shipment Plan အစီအစဉ်အတိုင်း အဆက် မပြတ်ဝင်ရောက်နိုင်ရန်အတွက် စီမံဆောင် ရွက်လျက်ရှိရာ ဩဂုတ် ၂၂ ရက်တွင် ရန်ကုန်မြစ်ဝ Pilot ၌ ဆီတင်သင်္ဘော ခြောက်စီးရောက်ရှိ အသင့်စောင့်ဆိုင်း လျက်ရှိသည့်အပြင် သီလဝါဆိပ်ကမ်းဒေသ ရှိ Jetty များတွင်လည်း သင်္ဘော လေးစီး ရောက်ရှိဆိုက်ကပ်၍ ဒီဇယ်ဆီတန် ၇၀၀၀၀ ကျော်နှင့် ဓာတ်ဆီတန် ၁၁၀၀၀ ကျော်ကို သိုလှောင်ကန်များတွင် ချယူ ဖြည့်တင်းလျက်ရှိသည့်အပြင် ထပ်မံ ဝင်ရောက်လာမည့် ဆီတင်သင်္ဘောများ လည်း အစီအစဉ်တိုင်းဝင်ရောက်နိုင် ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အပြင် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပို့ဆောင်မည့် ဆီတင်ယာဉ် Bowser များ အချိန်မီထွက်ခွာနိုင်ရေး သီလဝါ သိုလှောင်ကန်စခန်းများရှိ ဆီဖြည့်တင်း ပေးမှုများ အဆင်ပြေချောမွေ့စေရေး တို့ကိုလည်း ကြီးကြပ်ဆောင်ရွက်လျက် ရှိသည်။

နိုင်ငံအနှံ့အပြားတွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် လမ်းခရီးအခြေအနေ အရ စက်သုံးဆီများ သယ်ယူပို့ဆောင်မှု ပုံမှန်ထက် အနည်းငယ်နှောင့်နှေးကြန့်ကြာ မှုကြောင့် အဓိကအားဖြင့် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ စက်သုံးဆီ အရောင်းဆိုင်အချို့တွင် ယာဉ်တန်းစီ ဝယ်ယူမှုများဖြစ်ပေါ်ခြင်းကို လျော့နည်း သွားစေရန်နှင့် အရောင်းဆိုင်များတွင် ဆီပြတ်လပ်မှု မရှိစေရန်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဆိုင် ၁၀၀ ခန့်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဆိုင် ၂၀၀ ခန့်၊ မန္တလေးတိုင်းဒေသကြီးရှိ ဆိုင် ၇၀၀ ခန့်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရှိ ဆိုင် ၂၅၀ ခန့်တို့အပါအဝင် နိုင်ငံတစ်ဝန်း အရောင်းဆိုင် ၃၀၀၀ ကျော်တို့သို့ ဆီတင် ယာဉ် ၁၀၀၀ ကျော်ထိ တိုးမြှင့်ဖြန့်ဖြူးပေး လျက်ရှိပြီး လိုအပ်သည့်အရောင်းဆိုင်များ သို့ အရေးပေါ် Urgent နှင့် အထူး Special အစီအစဉ်တို့ဖြင့်လည်း ထပ်တိုးဖြန့်ဖြူးခဲ့ ရာ ယနေ့ထိ ဓာတ်ဆီနှင့် ဒီဇယ်ဆီစုစုပေါင်း ဂါလန် သုံးသန်းခန့် ပိုမိုဖြန့်ဖြူးပေးခဲ့ သည့်အပြင် ဆီတင်ယာဉ်(Bowser)များ အရောင်းဆိုင်များသို့ အချိန်မီရောက်ရှိ ဖြည့်တင်းနိုင်မှုတို့ကြောင့် ယခုရက်ပိုင်း အတွင်း ယာဉ်တန်းစီဝယ်ယူမှုများ လျော့နည်းကျဆင်းကာ ပုံမှန်ဝယ်ယူမှု အခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ပြီး ဆက်လက်တိုးမြှင့်ဖြန့်ဖြူးပေးရန် စီစဉ် လျက်ရှိသည်။

ထို့ပြင် အရောင်းဆိုင်များတွင် ရောင်းချ လျက်ရှိသည့် စက်သုံးဆီအမည်လိုက် ဈေးနှုန်းများသည်လည်း ယမန်နေ့ထက် အသီးသီး လျော့နည်းကျဆင်းလျက်ရှိ ကြောင်းနှင့် ပြည်ပမှ စက်သုံးဆီများ အဆက်မပြတ် ဝင်ရောက်လျက်ရှိပြီး ကောလာဟလများကြောင့် အများပြည်သူ များ လိုအပ်သည်ထက် ပိုမို၍ဝယ်ယူမှု များပြားသည့်အတွက် လိုအပ်သလောက် သာဝယ်ယူကြရန်နှင့် အရေးကြီးအသုံး များသည့် အရောင်းဆိုင်များသို့လည်း ပုံမှန်ဖြန့်ဖြူးမှုထက် ပိုမိုဖြန့်ဖြူးပေးလျက် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂၃**

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီသည် NCA လက်မှတ်ရေးထိုး ထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်အဖွဲ့ နှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီ ဝင်များ၊NCAလက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း များမှဦးခွန်ဥက္ကာ၊ရခိုင်ပြည်လွတ်မြောက် ရေးပါတီ(ALP)မှဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)မှဗဟိုဆက်ဆံရေးဌာနမှူး စောကျော်သန်းဌေး၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် စောမောင်မောင်၊လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)မှ ဒုတိယ ဥက္ကဋ္ဌ ကျာဖူး၊ မွန်ပြည်သစ်ပါတီ(NMSP) မှ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် နိုင်အောင်မငေး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)မှ တွဲဖက် အထွေထွေအတွင်းရေးမှူး(၁) ခွန်မင်းသိန်း နှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် တက်ရောက်လာကြသည့် NCA လက်မှတ်ရေး ထိုးထားသောတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုယ်စား ရခိုင်ပြည်လွတ် မြောက်ရေးပါတီ(ALP)ဥက္ကဋ္ဌ စောမြရာဇာ လင်းတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင် မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က တွေ့ဆုံ ဆွေးနွေးပွဲဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် လူသားချင်းစာနာထောက် ထားမှုအကူအညီပေးရေးကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးမှု အကူအညီပေးအပ်နိုင်ရေး ကိစ္စရပ်တို့နှင့်ပတ်သက်၍ နှစ်ဖက်အပြန် အလှန်ဆွေးနွေးညှိနှိုင်းကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း များကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေး ပါတီ(ALP)ဥက္ကဋ္ဌ စောမြရာဇာလင်း နှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က နိဂုံးချုပ်အမှာ စကားများ အသီးသီးပြောကြားခဲ့ကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့တို့ ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှုပြုလုပ်



**နေပြည်တော် ဩဂုတ် ၂၃**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီ၊ NCA လက်မှတ်ရေးထိုးထား သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများမှကိုယ်စားလှယ်များနှင့်နိုင်ငံ ရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးသည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော် ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့်ညှိနှိုင်းရေး ကော်မတီဝင်များ၊ NCA လက်မှတ်ရေးထိုး ထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော် ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က လည်း ကောင်း၊NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း များကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေး ပါတီ(ALP)ဥက္ကဋ္ဌ စောမြရာဇာလင်းက လည်းကောင်း၊နိုင်ငံရေးပါတီများအစုအဖွဲ့ ၏အလုပ်အဖွဲ့ကိုယ်စား ရခိုင့်ဦးဆောင် ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်ကလည်း ကောင်း နှုတ်ခွန်းဆက်စကားများပြောကြား ကြသည်။

ယင်းနောက် ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က တွေ့ဆုံဆွေးနွေးပွဲဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြော ကြားပြီး တက်ရောက်လာကြသူများက ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ် များ၊လက်ရှိပကတိဖြစ်ပေါ်နေသည့်လုံခြုံ ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးရာတွင် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင် ရေးအတွက် နိုင်ငံတည်ငြိမ်အေးချမ်းရေး ကို ဦးစားပေးဆောင်ရွက်စေလိုသည့် အခြေအနေများ၊တိုင်းရင်းသားလက်နက် ကိုင်ဒေသများအတွင်း ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ရာ၌ လိုအပ်သည့်ပူးပေါင်း မှုများဆောင်ရွက်ပေးနိုင်မည့်အခြေအနေ များနှင့်ပတ်သက်၍မိမိတို့၏သဘောထား အမြင်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေး ခဲ့ကြသည်။

ထို့နောက်အမျိုးသားစည်းလုံးညီညွတ် ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်း ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ကျေးဇူးတင်စကား ပြောကြားကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြပြီး သုံးပွင့်ဆိုင်တွေ့ဆုံ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မွေးကင်းစမှ အသက် တစ်နှစ် ခြောက်လထိ ကလေးငယ်များ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ဗီတာမင်(A) တိုက်ကျွေး

**နေပြည်တော် ဩဂုတ် ၂၃**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲ မှုအောက် တပ်ရင်း၊တပ်ဖွဲ့များရှိ မွေးကင်း စမှ အသက် တစ်နှစ် ခြောက်လထိကလေး ငယ်များ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ဗီတာမင်(A) တိုက်ကျွေးခြင်းတို့ကို ယနေ့ နံနက်ပိုင်းတွင် နယ်မြေခံဆေးတပ်ရင်း၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူ များ၊ တပ်ရင်း၊ တပ်ဖွဲ့များရှိ မွေးကင်းစမှ အသက် တစ်နှစ် ခြောက်လထိ ကလေး ငယ်များနှင့် မိသားစုဝင်များ၊ နယ်မြေခံ တပ်မတော်ဆေးတပ်ရင်းမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ တက်ရောက် ကြသည်။

ထို့သို့ဆောင်ရွက်ပေးရာတွင်နယ်မြေခံ တပ်မတော်ဆေးတပ်ရင်းမှ ပါရဂူများနှင့် ဆေးမှူးများက မန္တလေးတပ်နယ် တပ်ရင်း၊တပ်ဖွဲ့များရှိ မွေးကင်းစမှ အသက် တစ်နှစ် ခြောက်လထိ ကလေး ငယ် ၁၀၉ ဦးတို့ကို ဝက်သက်၊ ဂျိုက်သိုး၊ (BCG)၊ဆုံဆို့ကြက်ညှာ၊မေးခိုင်၊အသည်း ရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေး ရောင် ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန် အဆုတ်ရောင်ကာကွယ်ဆေး၊ ပိုလီယို ကာကွယ်ဆေးနှင့် ဗီတာမင်(A)များကို ထိုးနှံတိုက်ကျွေးကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ကလေးငယ်များအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

မန္တလေးတပ်နယ် တပ်ရင်း၊ တပ်ဖွဲ့ များရှိ မွေးကင်းစမှ အသက် တစ်နှစ် ခြောက်လထိ ကလေးငယ်များ ကာကွယ် ဆေးထိုးနှံခြင်းနှင့် ဗီတာမင်(A) တိုက်ကျွေးကြစဉ်။



# မရမ်းကုန်းမြို့နယ်တွင် ငွေကျပ်သိန်း ၂၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၅ သိန်း ဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူများကို မော်တော်ယာဉ်၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၂၃**

ဩဂုတ် ၁၉ ရက် ညနေ ၃ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် (၉)ရပ်ကွက် ဂန္ဓမာလမ်းပေါ်တွင် ဗိုလ်ဗလ (ခ)ဗလ မောင်းနှင်ပြီး စိုင်းနော်ခမ်း လိုက်ပါလာသည့် SUCCEED အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၆ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ အောင်မင်းထွန်း(ခ) အောင်ကြီးအား လမ်းမတော်မြို့နယ် (၉)ရပ်ကွက် ဘိုးရာဇာလမ်းရှိ နေအိမ်တွင်လည်းကောင်း၊ ဩဂုတ် ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် စိုင်းခေး(ခ)စိုင်းစံမီးအား တောင်ကြီးမြို့နယ် အေးသာယာမြို့ ရပ်ကွက်(၆)တွင်လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သဖြင့် ဗိုလ်ဗလ(ခ)ဗလ ၃၆ နှစ်၊ စိုင်းနော်ခမ်း ၃၆နှစ်၊ အောင်မင်းထွန်း (ခ)အောင်ကြီး ၄၂ နှစ်နှင့် စိုင်းခေး(ခ) စိုင်းစံမီး ၂၈ နှစ်တို့ကို မူးယစ်ဆေးဝါး နှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ (၅၀၁)

# ချောင်းဦးမြို့နယ်ရှိ ပြည်သူ နှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့သည်ဟု မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်ရှိပြည်သူ နှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့ပြီး ချောင်းဦး-ပခုက္ကူ သွား လမ်းခွဲတစ်နေရာ၌ ခြေလက်များ ကြိုးတုပ်ထားသည့် အမျိုးသား အလောင်းတစ်လောင်းကို စွန့်ပစ်သွားခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ PDF အမည်ခံအကြမ်းဖက်သမားများသည် အဆိုပါမြို့နယ်များ အတွင်းဆက်ကြေးကောက်ခံခြင်း၊ လူသတ်စုဆောင်းခြင်းများ မကြာခဏလုပ်ဆောင်လေ့ရှိကြောင်း၊ ၎င်းတို့၏ လုပ်ရပ်များကို အားပေးထောက်ခံမှုမရှိသူများအား ဒလန်ဟုစွပ်စွဲ၍ ရက်စက်ယုတ်မာစွာ ဖမ်းဆီးညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းများ ကျူးလွန်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များအား ဖုံးကွယ်ရန်နှင့် တပ်မတော်အပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန်အတွက် အထောက်အထားမရှိသည့် လုပ်ကြံသတင်းများကို ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## စစ်တောင်းမြစ်ရေ မဒေါက်မြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂၃**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁ ရက်အတွင်း တစ်လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "ARAKAL" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရောဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် မိချောင်းအိုင်ကျေးရွာနေ သန်းဇော်ဝင်းအား ညနေ ၃ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "Zaw Linn Htoot" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် စံချိန်မီရပ်ကွက်နေ ဇော်လင်းထွဋ်အား ညနေ ၄ နာရီခွဲတွင်လည်းကောင်း၊ "@Moesat May866" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်ကွက်နေ စုစုတင်အား ည ၆ နာရီခွဲတွင်လည်းကောင်း၊ "@sanphyo" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဇီးချောင်းကျေးရွာနေ အောင်ဖြိုး(ခ)မုန်ကြီးအား ည ၇ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

# ဝန်ကြီးချုပ်အသစ် ဖယ်ထုန်ထန်ရှင်နာဝပ်နှင့် ထိုင်းနိုင်ငံရေးအလားအလာ

ထိုင်းဘုရင် မဟာဝဇိရာလောင်ကွန်းသည် ဩဂုတ် ၁၈ ရက်တွင် ဝန်ကြီးချုပ်အသစ် ဖယ်ထုန်ထန်ရှင်နာဝပ်ကို ထိုင်းနိုင်ငံ၏ ၃၁ ဦးမြောက် ဝန်ကြီးချုပ်အဖြစ် အတည်ပြုခန့်အပ်ခဲ့သည်။ ဝန်ကြီးချုပ် ဖယ်ထုန်ထန်ရှင်နာဝပ်သည် ထိုနေ့၌ပင် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ဖယ်ထုန်ထန်ရှင်နာဝပ်သည် ရှင်နာဝပ်ထရာမျိုးရိုး၏ တတိယမြောက်ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ သူမ၏ဖခင် သက်ဆင်ရှင်နာဝပ်ထရာနှင့် အဒေါ်ဖြစ်သူယင်လပ်ရှင်နာဝပ်ထရာတို့သည် အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် ပြည်ပသို့ ထွက်ပြေးခဲ့ရသည်။

ဖူထိုင်းပါတီခေါင်းဆောင်ဖြစ်သည့် ဖယ်ထုန်ထန်ရှင်နာဝပ်သည် ဝန်ကြီးချုပ်ရာထူးအတွက် လွှတ်တော်ကိုယ်စားလှယ်အများစု၏ ထောက်ခံမှုရရှိခဲ့သည်။ ဝန်ကြီးချုပ်ရွေးကောက်ပွဲအတွက် ဩဂုတ် ၁၆ ရက်တွင် ထိုင်းလွှတ်တော်၌ မဲခွဲဆုံးဖြတ်ခဲ့ရာ ဖယ်ထုန်ထန်ရှင်နာဝပ်သည် ထောက်ခံမဲ ၃၁၉ မဲ ရရှိခဲ့ပြီး ကန့်ကွက်မဲ ၁၄၅ မဲနှင့် ကြားနေမဲ ၂၇ မဲရရှိခဲ့သည်။ အသက် ၃၇ နှစ်အရွယ် ဖယ်ထုန်ထန်ရှင်နာဝပ်သည် ထိုင်းနိုင်ငံ၏ အသက်ငယ်ဆုံး အမျိုးသမီးဝန်ကြီးချုပ်နှင့် ဒုတိယမြောက် အမျိုးသမီးဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ထို့ပြင် အာရှ၏ အငယ်ဆုံးခေါင်းဆောင်လည်း ဖြစ်လာခဲ့သည်။

ဖယ်ထုန်ထန်ရှင်နာဝပ်သည် ကျမ်းသစ္စာကျိန်ဆိုပွဲပြုလုပ်ပြီး သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ဝန်ကြီးချုပ်တာဝန်သည် မိမိဘဝအတွက် အမြင့်မားဆုံး ဂုဏ်ဆောင်မှုပင်ဖြစ်ကြောင်း၊ မိမိ မိသားစုနှင့် ဖူထိုင်းပါတီသည် တော်ဝင်ဘုရင်၏ ကရုဏာတရားကို များစွာဂုဏ်ယူမိပါကြောင်း၊ တိုင်းပြည်နှင့်လူမျိုးအတွက် အစွမ်းကုန်တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း၊ ကျား၊ မ အသက်အရွယ်မရွေး ထိုင်းပြည်သူအားလုံးအတွက် သာတူညီမျှတာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း၊ အရေးပါသောမူဝါဒများချမှတ်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံမြှင့်တင်ရေးအပြင် ကမ္ဘာ့စင်မြင့်တွင် ထိုင်းနိုင်ငံ၏ ဆော့ဖ်ပါဝါ အဆင့်မြှင့်တင်ရေးတို့ကို ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ စိန်ခေါ်မှုများကို အခွင့်အလမ်းများအဖြစ် ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသည် လူတိုင်း စိတ်ကူးအိပ်မက်မက်နိုင်ပြီး အနာဂတ်ကို ထုဆစ်ပုံဖော်တည်ဆောက်နိုင်သည့်နေရာအဖြစ် ဖန်တီးသွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

ဆိုရလျှင် ဩဂုတ် ၁၄ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဝန်ကြီးချုပ်ဆရက်သာသာဗီဆင်ကို ရာထူးမှဖယ်ရှားခဲ့ပြီးနောက် ဖယ်ထုန်ထန်ရှင်နာဝပ်သည် ရုတ်တရက်ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဆရက်သာသာဗီဆင်ကို အဂတိလိုက်စားမှုဖြင့် ပြစ်ဒဏ်ကျဖူးသူတစ်ဦးကို ဝန်ကြီးခန့်အပ်ခဲ့သည့်အတွက် လူမှုကျင့်ဝတ်ဖောက်ဖျက်မှုဖြင့် ဝန်ကြီးချုပ်ရာထူးမှ ဖယ်ရှားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ရှေ့သို့လှမ်းချီပါတီ(Move Forward Party) ကိုလည်း ဘုရင်စနစ်ကို သိက္ခာကျစေခဲ့သည့်စွပ်စွဲချက်ဖြင့် ဖျက်သိမ်းခဲ့ပြီး ပါတီခေါင်းဆောင် ပီတာလင်ဂျာရိနရတ်နှင့် ဗဟိုအလုပ်အမှုဆောင် ၁၀ ဦးကို နိုင်ငံရေးလုပ်ကိုင်ခွင့် ၁၀ နှစ်ပိတ်သည့်ပြစ်ဒဏ် ချမှတ်ခဲ့သေးသည်။ ၎င်းပါတီသည် ၂၀၂၃ ခုနှစ် ရွေးကောက်ပွဲ၌ လွှတ်တော်အမတ်နေရာအများစု ရရှိခဲ့သည်။ ထို့ကြောင့် ထိုင်းနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် နိုင်ငံရေးသမားများ၏ လှုပ်ရှားမှုများကို စောင့်ကြည့်ကန့်သတ်လျက်ရှိကြောင်း ပေါ်လွင်လာလျက်ရှိသည်။

ဖယ်ထုန်ထန်ရှင်နာဝပ်အနေဖြင့် ယခင်ဝန်ကြီးချုပ်ဟောင်း ဆရက်သာသာဗီဆင်၏ စီးပွားရေးပြန်လည်ဦးမော့လာစေရေး ကြိုးပမ်းမှုအနေဖြင့် ဘတ်သန်း ၄၅၀ ထောက်ပံ့ရေးအစီအစဉ်ကို ဆက်လက် အကောင်အထည်ဖော်သွားမလားဆိုသောမေးခွန်းများထွက်ပေါ်လျက်ရှိသည်။ ဖယ်ထုန်ထန်ရှင်နာဝပ်က ၎င်းအစီအစဉ်သည် စီးပွားရေးပြန်လည်ကောင်းမွန်လာစေရန် ရည်ရွယ်ထားသည့်စီမံကိန်းတစ်ခုဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။ ထို့ပြင် ဖခင်ဖြစ်သူ သက်ဆင်အနေဖြင့်လည်း ၎င်း၏အစိုးရအဖွဲ့အပေါ် လွှမ်းမိုးမှုရှိမည်မဟုတ်ကြောင်း၊ သို့သော်



ပြည်သူများက လေးစားသည့်ပုဂ္ဂိုလ်ဖြစ်သည့်အတွက် မိမိအနေဖြင့် ၎င်းထံမှ အကြံဉာဏ်များရယူသွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

ဆရက်သာ၏ စီးပွားရေးဦးမော့လာရေးအစီအစဉ်သည် ဗျူရိုကရက်များ၏ ဆန့်ကျင်မှုများကြောင့် မအောင်မမြင်ဖြစ်ခဲ့ရသည်။ ဖယ်ထုန်ထန်ရှင်နာဝပ်အနေဖြင့်လည်း စီးပွားရေးလုပ်ငန်းတွင်သာ ကျွမ်းကျင်မှုရှိပြီး နိုင်ငံရေးနယ်ပယ်တွင် မျက်နှာသစ်ဖြစ်သည့်အတွက် ဆရက်သာကဲ့သို့ပင် စွက်ဖက်မှုများနှင့်ရင်ဆိုင်သွားရဖွယ်ရှိနေသည်။ ရှင်နာဝပ်မျိုးရိုးကို တစိုက်မတ်မတ်ဆန့်ကျင်နေသော ရှပ်ဝါနိုင်ငံရေးသမားများကမူ သက်ဆင်အနေဖြင့် နောက်ကွယ်မှ ကြိုးကိုင်သွားလိမ့်မည်ဟု ထင်ကြေးပေးပြောဆိုလျက်ရှိသည်။ ဖယ်ထုန်ထန်ရှင်နာဝပ်အနေဖြင့် နိုင်ငံရေးလောကတွင် သက်ရှင်ကြွင်းကျန်ရေးအတွက် ပြည်ပသို့ထွက်ပြေးခဲ့ရသည့် ဖခင်နှင့် အဒေါ်ဖြစ်သူတို့လို ဘုရင်စနစ်ကို ကာကွယ်သူများနှင့် အတိုက်အခံပြုလုပ်ကာ ပြည်သူလူထုထောက်ခံမှုရရှိအောင် လုပ်ဆောင်သွားဖွယ်ရာမရှိပေ။

အမှန်တော့ သက်ဆင်နှင့် ဇနီးဖြစ်သူတို့သည် သမီးဖြစ်သူကို နိုင်ငံရေးလုပ်ဆောင်ရန် အားမပေးခဲ့သော်လည်း ၂၀၂၃ ခုနှစ် မဲဆွယ်ကာလတွင် ဖူထိုင်းပါတီ၏ ရုပ်နီအင်္ကျီကိုဝတ်ဆင်ကာ ကိုယ်လေးလက်ဝန်ဖြင့် မဲဆွယ်လှုပ်ရှားမှုများ လုပ်ဆောင်နေသည့် သမီးဖြစ်သူကို မြင်တွေ့ရသည့်အချိန်တွင် တားဆီးမရနိုင်တော့သဖြင့် လက်ခံလာခဲ့ရတော့သည်။ ဆရက်သာသာဗီဆင် ရာထူးမှ ဖယ်ရှားခံရသည့်အချိန်တွင် ဖူထိုင်းပါတီ၏ နိုင်ငံရေးသမားဟောင်း ချိုင်ကာဆမ်နစ်ဆီရီကို သက်ဆင်၏ ထောက်ခံမှုသည် သမီးဖြစ်သူကို နိုင်ငံရေးမလုပ်ဆောင်စေလိုသောဆန္ဒကို ထင်ဟပ်ပေါ်လွင်စေခဲ့သည်။ ကွန်ဆာဗေးတစ်များသည် ဘုရင်စနစ်ပြုပြင်ပြောင်းလဲရေးနှင့်စပ်လျဉ်း၍ ချိုင်ကာဆမ်၏ ပြောဆိုမှုများကို ပြန်လည်ဖော်ပြကာ ရှေ့သို့လှမ်းချီပါတီဖျက်သိမ်းခံရမှုဖြစ်စဉ်ကို ထောက်ပြခဲ့သည်။ ချိုင်ကာဆမ်ကို ဝန်ကြီးချုပ်ခန့်အပ်ခြင်းသည် ညွန့်ပေါင်းအဖွဲ့အတွင်း အကွဲအပြဲဖြစ်နိုင်ပြီး သက်ဆင်နှင့်နန်းတော်ကိုယ်စားလှယ်များကြား သဘောတူညီချက်လည်း ပျက်ပြယ်သွားနိုင်ပေသည်။ ယမန်နှစ်ရွေးကောက်ပွဲမတိုင်မီက စစ်ဘက်လိုလားသူများနှင့်အတူ ဖူထိုင်းပါတီနှင့် ရှေးရိုးစွဲပါတီများသည် အမျိုးသားစည်းလုံးညီညွတ်ရေးအမည်ဖြင့် မဟာမိတ်ဖွဲ့ခဲ့ကြသော်လည်း လက်ရှိအချိန်တွင် သက်ဝင်လှုပ်ရှားမှုမရှိတော့ပေ။

ဆရက်သာကို ရာထူးမှဖယ်ရှားမှုနှင့်ကွန်ဆာဗေးတစ်များ၏ တားဆီးပိတ်ဆို့မှုများသည် ၎င်း၏မူဝါဒများကို ဖျက်လိုဖျက်ဆီးဖြစ်စေခဲ့သည်။ ဘုရင်စနစ်ဖွဲ့စည်းထူထောင်ထားရှိမှုကို ထိခိုက်စေနိုင်သည့် ထိုင်းစီးပွားရေးလုပ်ငန်းများကို ဖျက်သိမ်းထားရှိပြီးဖြစ်ပြီး ဖယ်ထုန်ထန်ရှင်နာဝပ်၏ အစိုးရကိုလည်း အလားတူ ဟန့်တားနှောင့်ယှက်မှုများ ရှိလာနိုင်ပေသည်။ ထိုသို့ဖြစ်ပေါ်လာမည်ဆိုလျှင် သက်ဆင်သည် ဖယ်ထုန်ထန်ရှင်နာဝပ် အာဏာတည်မြဲရေးအတွက် စေ့စေ့စပ်စပ်ဆောင်ရွက်သွားဖွယ်ရာရှိသည်။

အချို့သော ကွန်ဆာဗေးတစ်များသည် ဘုရင်၏ သက်ညှာမှုအပေါ် သက်ဆင်၏ချိုးဖောက်မှုများကို ထောက်ပြပြောဆိုလျက်ရှိသည်။ သက်ဆင်သည် တော်ဝင်အမိန့်ဖြင့် ထိုင်းနိုင်ငံသို့ ပြန်လာခွင့်ရရှိခဲ့ပြီး အကျဉ်းထောင်ထဲ၌ပင်မနေရဘဲ နောက်ကွယ်မှနေကာ ဆရက်သာ၏အစိုးရအဖွဲ့ကို ကြိုးကိုင်ခဲ့သည်ဟု ပြောဆိုလျက်ရှိသည်။ တော်ဝင်အမိန့်သာသက်ဝင်မှုမရှိလျှင် ဖယ်ထုန်ထန်ရှင်နာဝပ်အနေဖြင့် ကွန်ဆာဗေးတစ်များ၏ခုခံမှုနှင့် ရင်ဆိုင်သွားရဖွယ်ရှိသည်။ ဖယ်ထုန်ထန်ရှင်နာဝပ်အနေဖြင့် ဝန်ကြီးချုပ်ဟောင်း ယင်လပ်ရှင်နာဝပ်ထရာကို တိုင်းပြည်ပြန်လာရေးအတွက် သက်ညှာခွင့်တောင်းသွားမည်ဆိုလျှင် ကွန်ဆာဗေးတစ်များ၏ကန့်ကွက်မှုနှင့် အလားတူရင်ဆိုင်သွားရဖွယ်ရှိနေသည်။ ထို့နောက် ၂၀၂၃ ခုနှစ် မဲဆွယ်စည်းရုံးစဉ် စည်းမျဉ်းခံဘုရင်စနစ် ပြုပြင်ပြောင်းလဲမှုနှင့်စပ်လျဉ်း၍ ပြောကြားခဲ့မှုများအပေါ် စစ်ဆေးခံရဖွယ်ရှိနေသည်။ လက်ရှိအချိန်တွင် ဘုရင့်သစ္စာတော်ခံများသည် ရှင်နာဝပ်ထရာမျိုးရိုးအပေါ် တင်းတင်းကျပ်ကျပ်စောင့်ကြည့်လျက်ရှိသည်။ ထို့ကြောင့် သက်ဆင်အနေဖြင့် ဘုရင်စနစ်စော်ကားမှုဖြင့် ထပ်မံတရားစွဲခံရဖွယ်ရှိနေသည်။

သက်ဆင်အနေဖြင့် ဖယ်ထုန်ထန်ရှင်နာဝပ်၏ လှုပ်ရှားမှုများကို အနီးကပ်စောင့်ကြည့်သွားဖွယ်ရာရှိပြီး ဆရက်သာ၏ ဘတ်သန်း ၄၅၀ ထောက်ပံ့မည့်အစီအစဉ်မှာလည်း ပျက်ပြယ်သွားဖွယ်ရာရှိသည်။ ၎င်းစီမံကိန်းနေရာတွင် ကျေးရွာရန်ပုံငွေထူထောင်သည့် တီထွင်ဆန်းသစ်မှုရှိသော စီးပွားရေးလုပ်ငန်းဖြင့် အစားထိုးသွားဖွယ်ရာရှိနေသည်။ အထူးသဖြင့် သက်ဆင်၏ ကျေးရွာတစ်ရွာ၊ ထုတ်ကုန်တစ်မျိုးအစီအစဉ်ကို ပြန်လည်ဆန်းသစ်သွားဖွယ်ရာရှိနေသည်။

ဖယ်ထုန်ထန်ရှင်နာဝပ်အနေဖြင့် ထိုင်းနိုင်ငံ၏ မဲဆန္ဒရှင်များနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများကို ၎င်း၏ဦးဆောင်မှုသည် ထိုင်းနိုင်ငံ၏ စီးပွားရေးနှင့် စိန်ခေါ်မှုများအတွက် ပိုမိုဆန်းသစ်သောချဉ်းကပ်မှုဖြစ်ကြောင်း ပြသသွားရန်လိုအပ်ပြီး သက်ဆင်၏ လက်ကိုင်တုတ်မဖြစ်ကြောင်းကိုလည်း ခိုင်မာသောသက်သေပြသသွားရန် လိုအပ်သည်။

အမှန်တော့ ဖွဲ့စည်းပုံအခြေခံဆိုင်ရာခုံရုံးက ဖျက်သိမ်းခဲ့သော ရှေ့သို့လှမ်းချီပါတီ၏ ခေါင်းဆောင် ပီတာလင်ဂျာရိနရတ်သည် ဇွန်လအတွင်းစစ်တမ်းများအရ ဝန်ကြီးချုပ်ရာထူးအတွက် ထောက်ခံမှု ၄၅ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့သည့်အချိန်တွင် ဖယ်ထုန်ထန်ရှင်နာဝပ်သည် ထောက်ခံမှု ၄ ဒသမ ၈၅ ရာခိုင်နှုန်းသာ ရှိခဲ့သည်။ ထို့ပြင် ရွေးကောက်ပွဲအသစ်ပြုလုပ်သွားမည်ဆိုလျှင်လည်း ရှေ့သို့လှမ်းချီပါတီသည် ထောက်ခံမဲ ၄၉ ဒသမ ၂ ရာခိုင်နှုန်း ရရှိနိုင်ပြီး ဖူထိုင်းပါတီသည် ၁၆ ဒသမ ၈၅ ရာခိုင်နှုန်းခန့်သာရရှိနိုင်ကြောင်း စစ်တမ်းများက ဖော်ပြလျက်ရှိသည်။

ထို့ကြောင့် ၂၀၂၇ ခုနှစ်တွင် ပြုလုပ်သွားမည့် အထွေထွေရွေးကောက်ပွဲ၌ ဖူထိုင်းပါတီကို ဦးဆောင်နိုင်ရေးအတွက် ဖယ်ထုန်ထန်ရှင်နာဝပ်ကို လက်သပ်မွေးထားဖွယ်ရာရှိသည်။ ဖူထိုင်းပါတီ၌ လွန်ခဲ့သော ဆယ်စုနှစ်က ပါတီကအားထားခဲ့ရသူ နိုင်ငံရေးသမားဟောင်းများနေရာတွင် အတွေးသစ်၊ အလုပ်သစ်ဖြင့် လုပ်ဆောင်သွားမည့် မျိုးဆက်သစ်နိုင်ငံရေးသမားများ လိုအပ်လာပြီဖြစ်သည်။

ဆိုရလျှင် ထိုင်းနိုင်ငံ၏ အသက်ငယ်ဆုံး အမျိုးသမီးဝန်ကြီးချုပ် ဖယ်ထုန်ထန်ရှင်နာဝပ်အနေဖြင့် ရုတ်တရက်ဝန်ကြီးချုပ်ဖြစ်လာသော်လည်း ဘုရင့်သစ္စာခံများသည် ရှင်နာဝပ်ထရာမျိုးရိုး၏လှုပ်ရှားမှုကို တစိုက်မတ်မတ်စောင့်ကြည့်လျက်ရှိသောကြောင့် ထိုင်းနိုင်ငံရေးလောကတွင် မတည်မငြိမ်လှိုင်းဂယက်များ ထလာဖွယ်ရာရှိနေသည်။ အမှန်တော့ ရှင်နာဝပ်ထရာမျိုးရိုးသည် စစ်ဘက်ကျောထောက်နောက်ခံပေးထားသည့် ဘုရင့်သစ္စာခံများနှင့် ပွတ်တိုက်မှုအကြိမ်ကြိမ်ရှိခဲ့သဖြင့် ရာထူးမှ ဖယ်ရှားခံရသည့်အပြင် တိုင်းပြည်အတွင်းမှပင် ထွက်ပြေးခဲ့ရသည်။

ဖယ်ထုန်ထန်ရှင်နာဝပ်သည် ရှင်နာဝပ်မိသားစု၏ ပြိုင်ဘက်များအပါအဝင် ညွန့်ပေါင်းအဖွဲ့၏ ထောက်ခံချက်ဖြင့် ဝန်ကြီးချုပ်ဖြစ်လာခြင်းဖြစ်သည်။ ဖယ်ထုန်ထန်ရှင်နာဝပ်အနေဖြင့် ၂၀၂၃ ခုနှစ် ရွေးကောက်ပွဲအကြိုကာလတွင် ကိုယ်လေးလက်ဝန်ဖြင့် မဲဆွယ်စည်းရုံးခဲ့သဖြင့် လူသိများလာခဲ့သည်။ ထို့ကြောင့် ဖယ်ထုန်ထန်ရှင်နာဝပ် ဦးဆောင်သော အစိုးရအဖွဲ့၏သက်တမ်းသည် ညွန့်ပေါင်းမိတ်ဖက်များနှင့် တော်ဝင်သစ္စာတော်ခံကွန်ဆာဗေးတစ်များ၏ စိတ်ကျေနပ်မှုအပေါ်တွင်သာ မူတည်နေမည်ဖြစ်ပေသည်။

**ကိုးကား**


- **Thailand’s kingendorses Paetong-tarnShinawatra as new prime minister by The Diplomat.**
- **Thailand’s PaetongtarnShinawatra Sworn in as Prime Minister by The Diplomat.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

ဝတ္ထုတိုကဏ္ဍ

# လမိုက်ည သန်းခေါင်ယံ

ထွန်းလှိုင်(မြိုင်)



**ယမန်နေ့မှအဆက်**

မနက်ဝေလီဝေလင်းမှာတော့ စိန်အောင်မင်းအဖွဲ့ဟာ ခြေရာခံရင်းနဲ့ မကျီးကိုင်းကျေးရွာကို ရောက်လာသည်။ ဖြတ်လမ်းက သွားတဲ့အဖွဲ့ရယ်၊ ရဲတပ်ကြပ်အောင်ညွှန့်တို့အဖွဲ့လည်း ကျေးရွာလူကြီးအိမ်ကို ရောက်နှင့်နေပါပြီ။ ကျေးရွာဓလေ့ထုံးစံအရ နွားခိုးလိုက်တဲ့အဖွဲ့ကို ကျေးရွာသားများက မနက်စာအတွက် ထမင်း၊ ပဲပြုတ်၊ အကြော်များ တဝတပိုး ကျွေးလေ့ရှိသည်။ ရဲတပ်ကြပ်အောင်ညွှန့်နဲ့ မကျီးကိုင်းရွာလူကြီး ပြောနေတဲ့အသံ ကြားလိုက်ရသည်။

"ဆရာ အရင်တစ်ခါ နွားခိုးလို့ ထောင်ကျသွားတဲ့အဖွဲ့ကကျန်တဲ့ ထွက်ပြေးတဲ့ကောင်တွေပဲ ဖြစ်ရမယ်။ ဒီကောင်တွေ အခုတစ်လော သွားချည်လာလှည့် ခြေရှုပ်နေတယ်"ဟု ကျေးရွာလူကြီးက ပြောလိုက်တယ်ဆိုရင်ပဲ–

"ဒီလိုဆိုရင် အရင်တစ်ခါ ဒီကောင်တွေပဲ။ တောထဲကနေရာကို လမ်းပြနှစ်ယောက် ထည့်ပေးဗျာ။ ကျွန်တော်လဲ နေရာမမှတ်မိတော့ဘူး"ဟု တပ်ကြပ်အောင်ညွှန့်က ချက်ချင်းဝင်ပြောလိုက်သည်။

"စိတ်ချပါဆရာ။ တောကျွမ်းတဲ့ အောင်ဒင်နဲ့ ပေသီးကို ထည့်လိုက်မယ်။ ဟေ့ အောင်ဒင်နဲ့ ပေသီးကို တစ်ခါတည်းသွားခေါ်ဟ။ ခြေရာခံအဖွဲ့က ပုံမှန်ပဲ ခြေရာခံလာခဲ့ပါ။ ဖြတ်လမ်းကစောင့်တဲ့ ခင်ရွှေတို့အဖွဲ့ရယ်၊ ငါတို့အဖွဲ့ရယ်၊ လမ်းပြနဲ့ ကြိုသွားနှင့်မယ်။ ဒီနေ့ ထမင်းစားပြီးချိန် ၁ နာရီလောက် အဲဒီနေရာကို အရောက်သွားမယ်။ ဒီကောင်တွေ တစ်ညလုံး နွားမောင်းလာတာ အရက်သောက်ထားမှာရယ်၊ ထမင်းစားပြီး စားပိုးနင့်တာရယ်၊ အိပ်ရေးပျက်တာရယ် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေမှာ သေချာတယ်။ အဲဒီအချိန် ဝိုင်းဖမ်းကြမယ်"ဟု ပြောပြောဆိုဆိုထွက်သွားကြပါသည်။

စိန်အောင်မင်းတို့လည်း ကျေးရွာလူကြီးနဲ့ ရွာသားများကို ကျေးဇူးတင်ကြောင်းပြောပြီး ထွက်လာခဲ့ပါသည်။ ရွာနဲ့ အနည်းငယ်လှမ်းတော့ မူလနွားခြေရာတွေပြန်တွေ့သည်။ ထုံးစံအတိုင်းပဲ ယခင်အခေါက်တွေကသွားခဲ့တဲ့ ရေနံချောင်းမြို့နယ်၊ နတ်မောက်မြို့နယ်နဲ့ ကျောက်ပန်းတောင်းမြို့နယ်အစပ် ကျေးရွာနားရောက်တော့ ခြေရာပျောက်သွားသည်။ အဲဒီလမ်းပေါ်မှာ ဆိပ်အုပ်ဖြတ်မောင်းသွားပြီဖြစ်သည်။ ရဲတပ်ကြပ်အောင်ညွှန့်နဲ့ အဖွဲ့ကတော့ မူလသတ်မှတ်တဲ့နေရာအနီးအနား ရောက်လာပြီထင်ပါသည်။ စိန်အောင်မင်းတို့အဖွဲ့က ထမင်းစားချိန်နီးလို့ ပါလာတဲ့မုန့်ပဲသရေစာတွေကိုစားရင်း ရေကန်အနီးအနားမှာ နားလိုက်ပါသည်။ မိမိတို့အဖွဲ့ထဲက တစ်ဝက်ကို ရဲတပ်ကြပ်အောင်ညွှန့်နဲ့ ပူးပေါင်းဖို့ စီစဉ်လိုက်ပြီး မိမိနဲ့တစ်ဝက်ကို ရွာထဲဝင် ကျေးရွာလူကြီးကိုသတင်းပို့ဖို့ စိန်အောင်မင်း စီစဉ်လိုက်သည်။ ရွာထဲရောက်တော့ အသက်ကြီးကြီး ကျေးရွာလူကြီးကိုသတင်းပို့ပါသည်။ မိမိတို့ရွာက နွားခိုးသွားကြောင်း၊ ရွာအဝင်နားတင်ပဲ ခြေရာပျောက်သွားကြောင်း၊ ၎င်းခြေရာကို ရွာလူကြီးကပဲ ခြေရာခံပေးဖို့နဲ့ ခြေရာရှာမတွေ့ရင် ဒီရွာမှာပဲတာဝန်ရှိကြောင်း ရဲတပ်ကြပ်အောင်ညွှန့်အားကိုးနဲ့ ခပ်မာမာပြောလိုက်သည်။

ကျေးရွာလူကြီးကလည်း ပါးနပ်ပါသည်။ စိန်အောင်မင်းတို့အဖွဲ့ကို ရေနွေးကြမ်း၊ လက်ဖက်သုပ်များကျွေးမွေးပြီး သူကိုယ်တိုင်ရွာထဲကို လိုက်ပြပါသည်။ ကျေးရွာအနေအထားကတော့ အိမ်ခြေ ၂၀ လောက်ရှိမှာပါ။ အားလုံးနီးပါး ခြေတံရှည်အိမ်တွေချည်းလိုလိုပါပဲ။ သွပ်မိုးပျဉ်ထောင် တစ်အိမ်မှမတွေ့ရ။ ထန်းရွက်မိုး၊ ထန်းရွက်တဲများ တွဲလောင်းချထားသည်။ အောက်ပိုင်းကို လုံခြုံအောင် ကာထားကြသည်။ နောက်မှ လေ့လာကြည့်တော့ အခြေအနေအရ အိမ်ထဲမှာ နွားတွေဝှက်ထားတာ၊ အမဲသားခြောက်လှန်းထားတာတွေပြုလုပ်လေ့ရှိသည်။ ခိုးသွားတဲ့နွားတော့ မတွေ့ပါဘူး။ အစကတည်းကမှမရှိတာ ဘယ်တွေ့ပါ့မလဲ။

စိန်အောင်မင်းတို့အဖွဲ့ ရွာဝင်ပြီး သတင်းပို့တာ အကြောင်းရှိသည်။ လူကြီးအိမ်မှာ နွားခြေရာခံတဲ့အဖွဲ့ရောက်လာရင် ပတ်သက်သူက တောထဲနွားဝှက်ထားတဲ့နေရာက နွားသူခိုးထံသွားပြီး သတင်းပို့လေ့ရှိသည်။ အဲဒီအချိန်မှာ အပြင်မှာစောင့်နေတဲ့အဖွဲ့ အလွယ်တကူဖမ်းမိပြီး နွားရှိတဲ့နေရာကို အပြခိုင်းလေ့ရှိသည်။ စိန်အောင်မင်းက ဒီအခြေအနေကို ဖန်တီးလိုက်ခြင်းဖြစ်သည်။

နွားခြေရာရှာနေတဲ့စိန်အောင်မင်းတို့အဖွဲ့ လူကြီးအိမ်မှာ ရေနွေးသောက်ပြီး ရဲတပ်ကြပ်အောင်ညွှန့်နဲ့ ချိန်းထားတဲ့နေရာကို ဆက်ပြီးထွက်ခဲ့သည်။ ရဲတပ်ကြပ်အောင်ညွှန့်နဲ့အဖွဲ့က ကျေးရွာကထွက်လာတဲ့ ရွာသားသုံးယောက်ကို ဖမ်းဆီးစစ်ဆေးလိုက်သည်။ ထုံးစံအတိုင်းနွားခိုးတဲ့နေရာကို သတင်းပို့သူပါသည်။ ဆရာအောင်ညွှန့်ရဲ့ ပရိယာယ်နဲ့ စစ်မေးလိုက်တော့ ရွာသားတစ်ယောက် ဘူးပေါ်သလိုပေါ်ပြီး မိလိုက်သည်။ စိန်အောင်မင်းတို့အဖွဲ့ သတ်မှတ်ထားတဲ့နေရာမှာ စုံလိုက်ကြသည်။ ဖမ်းမိထားတဲ့ ရွာသားက လမ်းပြတဲ့အတိုင်း ဆက်လျှောက်သွားကြသည်။ အချိန်လည်း သုံးနာရီနီးပါးရှိပြီ။ မကြာလိုက်ပါ။ တွေ့ပါပြီ။ နွားသူခိုးသုံးယောက် အိပ်နေလိုက်ကြတာ ဖျာမပါ၊ မြေမွေ့ရာပေါ်မှာ လောကကြီးကို ခဏမေ့နေကြသည်။ အနီးအနားမှာလည်း အရက်ပုလင်းခွံလေးလုံး၊ မဆေးကြောရသေးတဲ့ ထမင်းပန်းကန်တချို့၊ သောက်လက်စ ဆေးလိပ်မီးမငြိမ်းသေးတဲ့ မခင်စိန်တံဆိပ်ပါ သနပ်ဖက်ဆေးလိပ်တိုတွေတွေ့တော့ အိပ်ပျော်ခါစဖြစ်နိုင်သည်။ အိပ်ရေးပျက်ပင်ပန်းတဲ့အထဲက ယမကာမှီဝဲထားတော့ တစ်ယောက်က ဟောက်တောင်ဟောက်နေပြီ။ ဆရာအောင်ညွှန့်တို့အဖွဲ့ အိပ်နေတဲ့နွားခိုးသုံးဦးစလုံးကို တစ်ယောက်စီလက်ထိတ်ခတ်လိုက်သည်။ တစ်ယောက် ချက်ချင်းနိုးသွားသည်။ ဆရာအောင်ညွှန့်က လက်မြန်တော့ သူခိုးငြိမ်သွားသည်။ ကျန်နှစ်ယောက်ကတော့ နှိုးယူရသည်။ နွားခြေရာခံအဖွဲ့သားများက ဝိုင်းရိုက်မည်လုပ်သည်။ တစ်ယောက်က အသေသတ်ဆိုပြီး ကြိမ်းဝါးသည်။ ဆရာအောင်ညွှန့်က မလုပ်ဖို့ မနည်းတားယူရသည်။ ဥပဒေအတိုင်း အရေးယူမယ်လို့လည်းပြောသည်။ ဒီလောက် တားထားတဲ့အထဲက နွားပိုင်ရှင် ဘကြီးထောင်ညိမ်း၏သားညိုတုတ်က နွားသူခိုးတစ်ယောက်ကို ရိုက်မိအောင် ရိုက်လိုက်သေးသည်။ ဒီအချိန်မှာ နွားလိုက်ရတာ အလုပ်ပျက်အကိုင်ပျက် ပင်ပန်းကြတော့ မကျေနပ်ချက်တွေ နွားသူခိုးအပေါ်မှာစုပြီး ဒေါသဖြစ်တတ်တဲ့ သဘာဝပဲ။ တားဆီးမဲ့သူမပါလို့ကတော့ မသေတောင် ခြေကျိုး၊ လက်ကျိုး ရိုက်မဲ့သဘောရှိသည်။

နွားတွေကတော့ မတွေ့သေး။ နွားတွေဝှက်ထားတဲ့နေရာကို နွားသူခိုးတစ်ယောက် လိုက်ပြသည်။ တွေ့ပါပြီ။ နွားတစ်ရှဉ်း၊ နားရွက်စွင့်ကြည့်နေသည်။ သူ့သခင် ဘကြီးထောင်ညိမ်းနွားတွေသွားဖြုတ်သည်။ သခင်မှန်းသိသည်။ သူ့သခင်ကို ခေါင်းနဲ့ညင်သာစွာ ဝှေ့ယမ်းပြီးနှုတ်ဆက်သည်။ တစ်ဖွဲ့လုံး ဝမ်းသာနေကြသည်။ နွားသူခိုးတွေကိုတော့ ဆရာအောင်ညွှန့် ဖမ်းဆီးလာခဲ့သည်။ ဘကြီးထောင်ညိမ်းနဲ့ ရွာသားငါးဦး နွားမောင်းထွက်သွားကြကာ နွားတွေကို ထွန်စက်ထော်လာနှင့်တင်၍သွားကြပြီ။ ကျန်အဖွဲ့တွေက ကားလမ်းအရောက် ခြေကျင်လျှောက်ပြီး ရွာရောက်လုနီးပါး ကားစီးသွားကြပြီ။ စိန်အောင်မင်းတို့အဖွဲ့ ရွာပြန်ရောက်ပြီ။ တစ်ရွာလုံးဝမ်းသာနေကြသည်။ နွားလိုက်အဖွဲ့ ပျော်ပွဲစားဖို့ ဘကြီးထောင်ညိမ်း ဇနီး ဒေါ်မယ်ညွှန့်နဲ့ အိမ်နီးနားချင်းများ ထမင်းဟင်း စီစဉ်နေကြပြီ။ ည ၈ နာရီလောက် နွားတွေပါ ပြန်ရောက်လာပါပြီ။ အိမ်အဝင် နွားနှစ်ကောင်ကို ဘကြီးထောင်ညိမ်းဇနီး ဒေါ်မယ်ညွှန့်က ရွှေရည်၊ ငွေရည်လောင်းနေသည်။ သမီးအကြီး မတင်ဥက နွားဦးချိုများကို အောင်သပြေပန်းများစည်းနေသည်။ ပျော်လိုက်ကြတာ တစ်ရွာလုံးအုန်းအုန်းကျွက်ကျွက် နွားနှစ်ကောင်လည်း သခင်ထံ ပြန်ရောက်လာလို့လား မသိ ခုန်ပေါက်မြူးထူးနေကြသည်။

"အဖွဲ့တွေစုံလာပြီလားဟေ့၊ ဆရာအောင်ညွှန့်တို့ မပါဘူးလား"

"တရားခံတွေ စစ်ဆေးဖို့ရှိလို့ နောက်နေ့မှ လိုက်လာမယ်ပြောတယ်"

"ဟေ့ အရက်မြန်မြန် ယူခဲ့ကွာ။ မီးတောက်ရောဟုတ်ကလား"

"တို့ကတော့ အရက်မသောက်ဘူး။ ထန်းရည်ယူခဲ့ကွာ။ ဒီညတော့ ထန်းတောက တောင်းထားတဲ့ ထန်းရည်ခါးတွေ အကုန်ယူခဲ့ကွာ။ တဝကြီး သောက်ပစ်မယ်"စသည်ဖြင့် တစ်ယောက်တစ်ပေါက် ပြောနေကြသည်။ ခွေးတောက်ရွက်နဲ့ ကြက်သားကာလသားချက် အမြည်းဟင်း ထည့်မလောက်ဖြစ်နေသည်။ ပဲကြီးလှော်တစ်ပိဿာလည်း ကုန်သလောက်ဖြစ်နေပြီ။ သူတစ်ခွက်၊ ကိုယ်တစ်ခွက် အလှည့်တောင် မစောင့်တော့ဘူး။ ဦးသူခပ်သောက်နေကြသည်။ တစ်ဖွဲ့လုံးပျော်နေသည်။

ဒီအချိန် နွားအချောင်လိုချင်တဲ့ နွားသူခိုးတွေတော့ စခန်းမှာထိတ်တုံးခတ်ခံရတော့မယ်။ စိတ်လည်း ညစ်လောက်ပြီ။ အမှုစစ်ပြီးရင် ထောင်လည်း ကျဦးမယ်။ ကိုယ့်အပြစ်နဲ့ကိုယ် ခံပေဦးတော့။

"အားလုံး ထမင်းစားပြီးမှ ပြန်ကြဟေ့"

ဘကြီးထောင်ညိမ်းက အော်ပြောလိုက်ရာ–

"စိတ်ချပါ ဘကြီးရဲ့။ ဒီတစ်ညတင်မကဘူး နောက်ရက်လဲ ဆက်စားအုံးမယ်" စသည်ဖြင့် တစ်ယောက်တစ်ခွန်း ပြောဆိုနေကြသည်။ ဒါကြောင့် ပြောတာပေါ့။ နွားပျောက်ရင်၊ နွားမမိရင်တော့ "နွားပျောက်ဆန်ပိုး"ဆိုတဲ့ စကားရှိသည်။ အခုတော့ နွားပြန်တွေ့တော့ အလှူတစ်ခုပြုသလိုပါပဲ။ နွားပိုင်ရှင်က ရက်ရက်ရောရောကျွေးမွေးလေ့ရှိသည်။

စိန်အောင်မင်း အရက်မသောက်တတ်၊ ထန်းရည်ကို သုံးလေးခွက် ဆက်တိုက်သောက်လိုက်သည်။ ကြက်ကာလသားချက်လည်း သုံးလေးဇွန်း သောက်လိုက်သည်။ ခေါင်းစားရင် မင်းဖြစ်တယ်ဆိုပြီး ကြက်ခေါင်းကို ကိုက်နေသည်။ လက်ကျန်များ ရှင်းလိုက်ကြပြီး ထမင်းစားလိုက်ကြသည်။ နွားခိုးလိုက်တဲ့ ပင်ပန်းတဲ့ဒဏ်တောင်မသိလိုက်ဘူး။ ပျော်လိုက်တဲ့ဖြစ်ခြင်း။ အားလုံး လူစုခွဲပြီး စိန်အောင်မင်း အိမ်ပြန်လာသည်။ ထန်းရည်တန်ခိုးနဲ့ အိမ်အပြန်ခြေသွက်နေသည်။ အိမ်ရောက်ချင်စိတ်က များနေသည်။ ဒီအချိန်ဆို မြချစ်တစ်ယောက် အလုပ်များရှုပ်နေမလား။ ကလေးပဲ သိပ်နေမလား။ ငှါများ သနပ်ခါးအဖွေးသားနဲ့ မအိပ်ဘဲစောင့်နေမလားဆိုတဲ့ အတွေးတွေနဲ့အတူ...။

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၄၈၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၄၈၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၂၀၃၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၈၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ နေကြာဧက ၂၀၃၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၄၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကျန်ဧကတွေကိုလဲ ဆက်လက် စိုက်ပျိုးနေပါတယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ နေကြာတစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်။ နေကြာကို ဆောင်းရာသီမှာ အများဆုံးစိုက်ပျိုးတာပါ"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေး သင်တန်းများ အရှိန်မြှင့်တင် ဆောင်ရွက်ခြင်း၊ နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မြင်းမူမြို့နယ်တွင် နေကြာစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးဆောင်ရွက်ထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့်နည်းစနစ်ဖြင့် ဖြန့်ဖြူးပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# မြန်အောင်မြို့နယ်တွင် ဒေသထွက်ခရမ်းသီးများ အရောင်းအဝယ်ကောင်းနေ

**မြန်အောင် ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ဒေသထွက်ခရမ်းသီးများ အရောင်းအဝယ်ကောင်းနေကြောင်း မြန်အောင်မြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုမြတ်က ပြောပြ၍ သိရသည်။

မြန်အောင်မြို့နယ်တွင် ဒေသထွက်ခရမ်းသီးများကို ဩဂုတ်လ ဒုတိယပတ်မှစ၍ ယနေ့ထိ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းနေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ခရမ်းသီးများ တစ်ရက်လျှင် အလုံးရေ ၃၀၀၀၀ မှ ၄၅၀၀၀ ထိ အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။

"အခု မြန်အောင်ကနေထွက်ရှိတဲ့ခရမ်းသီးတွေ အဝယ်လိုက်နေပါတယ်။ အခြားဒေသက ထွက်တဲ့ ကုန်စိမ်းတွေလဲ အဝယ်များနေပါတယ်။ ဒေသထွက်ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းတာ တွေ့ရပါတယ်။ အခုနှစ် ခရမ်းသီးတွေက အရည်အသွေး ကောင်းသလို အထွက်နှုန်းလဲ ကောင်းနေတယ်လို့ သိရပါတယ်။ လက်ရှိ ခရမ်းအဝိုင်းသီးကော အရှည်သီးကော အရောင်းအဝယ်ကောင်းပါတယ်"ဟု မြန်အောင်မြို့နယ်မှ ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုမြတ်က ပြောပြသည်။

မြန်အောင်မြို့နယ်က စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ် ကောင်းနေသည့် ခရမ်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၁၀၀၀ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဒေသထွက် ခရမ်းသီးများအပါအဝင် အခြားကုန်စိမ်းများကို ပုသိမ်၊ ကျောင်းကုန်း၊ ပန်းတနော် စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# မင်းဘူးမြို့နယ် မုတ်ခဲကျေးရွာ၌ ပဉ္စမအကြိမ် VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုတ်ခဲကျေးရွာ၌ ပဉ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ဖြင့် မုတ်ခဲကျေးရွာရှိ လုပ်ကွက်ငယ် တောင်သူများ၊ စိုက်ပျိုးမွေးမြူသူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများလိုအပ်သည့် ငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များထံ ရန်ပုံငွေကျပ်သိန်း ၂၁၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက မုတ်ခဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၁၉၁ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၁၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ငါးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၄ ဦးကို ရန်ပုံငွေသိန်း ၂၁၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

## စုစည်းမှုအား အောင်တရား

– ဝတ်ရည်စုဆောင်း အလုပ်ကောင်းသည့်
ပျားပေါင်းစုံညီ စုစည်းတည်၊
ပျားအုံတစ်အုံ ဖြစ်လေပြီ။

– မြေစာစုဆောင်း အလုပ်ကောင်းသည့်
ခြပေါင်းစုံညီ စုစည်းတည်၊
ခြအုံတစ်အုံ ဖြစ်လေပြီ။

– သဲများစုဆောင်း အုတ်ချပ်လောင်း၍
တိုက်ပေါင်းစုံညီ စုစည်းတည်၊
ထည်ဝါဆောက်အုံ ဖြစ်လေပြီ။

– တို့တိုင်းရင်းသား စုပေါင်းအားဖြင့်
တိုင်းကားရွှာပြည် စုစည်းတည်၊
ပြည်ထောင်စုကြီး ဖြစ်လေပြီ။

– သြော်…
မည်သည့်အရာ မဆိုပါလျှင်
ခွဲကာမစု ထိုတစ်ခုနှင့်
အောင်မှုမည်ကျော် မဖြစ်ပေါ်နိုင်
တော်ရုံစွမ်းအား လွန်နည်းပါးလည်း
တွဲထားစုပြီး ညီညာစည်းသော်
ထီးထီးမားမား ရပ်တည်အားဖြင့်
ထွန်းကားထိုးဖောက် လွန်ပြီးမြောက်မည်
ချင့်ထောက်သိပွား ထိုတရား။
ဝေဖန်စဉ်းစား ကျင့်စို့လား။ ။

**ညွန့်ဝင်း(နတ်တလင်း)**

# အင်္ဂပူမြို့နယ် ပေါက်သာကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**အင်္ဂပူ ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကွင်းကောက်(တောင်)ကျေးရွာအုပ်စု ပေါက်သာကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအဖွဲ့ဝင်များနှင့်အတူ ပေါက်သာကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထား ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အင်္ဂပူမြို့နယ် ပေါက်သာကုန်းကျေးရွာ၌ အရှည်ပေ ၆၈၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

# နိုင်ငံတော်ကာကွယ်ရေးသည် လူငယ်များ၏နှလုံးသားတွင် အမြဲရှိနေရမည့်အရာ



နိုင်ငံတော်ကာကွယ်ရေးလို့ပြောလိုက်ရင် လူတော်တော်များများက ငါနဲ့မဆိုင်ဘူးလို့ယူဆကြသူတွေများပါတယ်။ ငါ့အလုပ်မဟုတ်ဘူး၊ နိုင်ငံတော်ကာကွယ်ရေးဆိုတာ စစ်သားတွေ၊ တပ်မတော်သားတွေအလုပ်လို့ပဲမြင်ကြပါတယ်။ အဲဒီစစ်သားတွေ တပ်မတော်သားတွေဆိုတာ ဘယ်ကနေပေါ်ပေါက်လာတဲ့သူတွေလဲ။ သူလိုငါလို အများပြည်သူတွေထဲကပေါ်ပေါက်လာတာပါ။ တပ်မတော်သားဆိုပြီး မိုးပေါ်ကကျလာတာမဟုတ်ပါဘူး။ နိုင်ငံတော်ကာကွယ်ရေးဆိုတာငါနဲ့မဆိုင်ဘူးဆိုတဲ့သူတွေများလာတဲ့အခါ ကာကွယ်ရေးတာဝန်ထမ်းဆောင်ဖို့ လူတွေနည်းပါးလာတာပါပဲ။ အမှန်တကယ်တော့ နိုင်ငံတော်ကာကွယ်ရေးဆိုတာ နိုင်ငံအတွင်းမှီတင်းနေထိုင်သူအားလုံးနဲ့သက်ဆိုင်တဲ့ကိစ္စပါပဲ။ အရွယ်ရောက်သူတွေက စစ်မှုထမ်းဆောင်ကြသလို စစ်မှုမထမ်းဆောင်နိုင်ကြသူတွေက မိမိတို့တတ်နိုင်တဲ့ဘက်က ပါဝင်ကူညီကြရမှာပါ။ အသက်အရွယ်ရလာတဲ့သူတွေအနေနဲ့ လက်နက်စွဲကိုင်စရာမလိုပေမယ့် မိမိတို့တတ်နိုင်တဲ့ဘက်က ထမင်းပေးခြင်း၊ သတင်းပေးခြင်းနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုပံ့ပိုးပေးကြရမှာပါ။

ဒါမှသာ ကျွန်တော်တို့အားလုံးစုပေါင်းနေထိုင်ကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုတာ ကမ္ဘာတည်သရွေ့တည်တံ့နေမှာပါ။ တည်တံ့နေဖို့ရာကတော့ အားလုံးမှာတာဝန်ရှိပါတယ်။ အထူးသဖြင့် လူငယ်တွေရဲ့နှလုံးသားထဲမှာ အမြဲရှိနေရမှာပါ။ လူငယ်လို့ဆိုလိုက်တာက လူတိုင်းဟာလူငယ်ဘဝကိုဖြတ်သန်းပြီးမှသာ လူကြီးဖြစ်လာကြသူတွေဖြစ်လို့ပါ။ လူငယ်တိုင်းက ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသားတွေကို ငါတို့ကာကွယ်စောင့်ရှောက်ရမယ်ဆိုတဲ့ အသိရှိနေဖို့လိုပါတယ်။ လူငယ်ဘဝမှာဒီလိုအသိစိတ်ဓာတ်မရှိရင် လူကြီးဖြစ်လာရင်ပိုမိုဆိုးရွားသွားတော့မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်းမှာ ဒီကနေ့အဖြစ်အပျက်တွေနဲ့ပတ်သက်လို့ တပ်မတော်ကို ဝိုင်းပြီးအပြစ်ထိုင်ပြောနေမယ့်အစား မိမိတို့စွမ်းဆောင်နိုင်တဲ့နေရာကနေတပ်မတော်ကို ကူညီပံ့ပိုးပေးသင့်ပါတယ်။ အပြစ်ထိုင်ပြောနေလို့ ဘာမှဖြစ်လာမှာမဟုတ်တဲ့အပြင် အကြမ်းဖက်သောင်းကျန်းသူတွေဖျက်ဆီးလို့ မြို့ပျက်ရွာပျက်တွေဖြစ်ပြီး စိတ်ဆင်းရဲစွာနေကြရမှာဖြစ်ပါတယ်။ လေးလေးနက်နက်စဉ်းစားကြည့်လိုက်ပါ။ အကယ်၍သာ ငါ့မြို့ငါ့ရွာမပျက်စီးဖို့အတွက် အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူတွေရဲ့သတင်းရခဲ့ရင်၊ မိမိရဲ့ပတ်ဝန်းကျင်မှာ ဘယ်သူဟာ အကြမ်းဖက်အဖျက်သမားအဖွဲ့ဝင်ဆိုတာ သိနေကြရင် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့တွေဆီ ကြိုတင်သတင်းပေးကြရမှာဖြစ်ပါတယ်။ လူတစ်ယောက်၊ လူတစ်စုကိုငဲ့ညှာပြီး မသိချင်ယောင်ဆောင်လိုက်တဲ့အခါ မိမိတို့မိသားစုတွေ ပြေးရလွှားရ ပုန်းရှောင်ရတဲ့အခြေအနေကြုံလာတာဖြစ်ပါတယ်။

အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူဆိုတာ ဘာတရားဥပဒေမှမရှိတဲ့အတွက် သတ်ချင်တဲ့သူသတ်မယ်။ ဖျက်ချင်တဲ့အိမ်ဖျက်မယ်။ မီးရှို့ချင်တဲ့ရွာတွေကိုမီးရှို့မယ်။ အခုဆိုရင် သောင်းကျန်းသူတွေကြီးစိုးတဲ့နေရာတွေက လမ်းလျှောက်တတ်တဲ့အရွယ်ကစပြီး အသက် ၅၀ အတွင်းရှိတဲ့ ယောကျ်ားလေး၊ မိန်းကလေးတွေကို အကုန်ဖမ်းပြီး သူတို့အဖွဲ့ထဲမဝင်မနေရလုပ်ဆောင်နေတယ်။ တချို့မိဘတွေကငိုယိုပြီး ရှိခိုးတောင်းပန်နေတဲ့ဗီဒီယိုတွေ လူမှုကွန်ရက်မှာ အားလုံးမြင်တွေ့ရပြီးဖြစ်ပါတယ်။ အရွယ်မရောက်သေးတဲ့ကလေးတွေ၊ လက်နက်နဲ့လူနဲ့မမျှ ကိုင်ဆောင်နေတဲ့ဗီဒီယိုဖိုင်တွေလည်း မမြင်ချင်အဆုံးပါပဲ။ ဒီကြားထဲမှာ ဗမာမလာရဆိုတဲ့ နယ်မြေကန့်သတ်ချက်တွေထုတ်ပြန်ထားပြီး ဗမာတွေကို ရိုက်နှက်ညှဉ်းပန်းနှိပ်စက်နေတာတွေဟာ အလွန်အကျည်းတန်အရုပ်ဆိုးလွန်းတဲ့ ယုတ်မာရက်စက်တဲ့ လုပ်ရပ်တွေပါပဲ။ ဒါတွေဟာ ကာကွယ်ရေးတာဝန်မှာ ငါတို့နဲ့မဆိုင်ဘူးလို့တွေးမြင်လာတဲ့အကျိုးရလဒ်တွေလို့ပြောရင် မမှားနိုင်ပါဘူး။



ဒီကနေ့ တပ်မတော်ရဲ့အခြေအနေကို လေ့လာမိသလောက်ပြောရရင် တပ်မတော်မှာ လူ၊ လက်နက်၊ ခဲယမ်းအပြည့်အစုံရှိပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ပတ်သက်ရင် ငြိမ်းချမ်းရေးရရှိထားတဲ့ရလဒ်တွေ ပိုမိုကောင်းမွန်ဖို့အတွက် NCA သဘောတူညီချက်အတိုင်း အလေးထားလုပ်ဆောင်ပေးပါတယ်။ ငြိမ်းချမ်းရေးဖိတ်ခေါ်ဆွေးနွေးပွဲတွေ အကြိမ်ကြိမ်လုပ်ပါတယ်။ စစ်တိုက်ဖြေရှင်းကြမဲ့အစား ကွဲလွဲနေတဲ့သဘောထားတွေ စားပွဲဝိုင်းမှာ အဖြေရှာကြမယ်ဆိုတဲ့မူကို တပ်မတော်ကလက်ကိုင်ထားပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုတာ ပြည်သူအားလုံးလိုလားနေတဲ့ ဆန္ဒအမှန်ဖြစ်ပါတယ်။ ဒါ့ကြောင့်လဲ တပ်မတော်က စိတ်ရှည်သည်းခံလမ်းကြောင်းမှန်ကို ရွေးနေပါတယ်။

တပ်မတော်ဘက်က ၂၀၁၈ ခုနှစ်ကတည်းက တစ်ဖက်သတ်ပစ်ခတ်တိုက်ခိုက်မှုတွေ မလုပ်ဘဲနေခဲ့တာ ဒီကနေ့ထိပါပဲ။ ဒါဟာတစ်နည်းပြောရရင် စာပေဟောပြောပွဲမှာ စာရေးဆရာ ချစ်ဦးညိုရဲ့စကားအတိုင်းပဲနေလိုက်တာလို့တောင် ယူဆပါတယ်။ ချစ်ဦးညိုက တပ်မတော်ကသွားမတိုက်ရင် ဘယ်တိုင်းရင်းသားကမှမတိုက်ပါဘူးတဲ့။ အဲဒီတော့ တပ်က နှစ်ပေါင်း ၅ နှစ်ကျော် ၆ နှစ်နီးပါးမတိုက်ခိုက်ပါဘူး။ ဒီကနေ့ထိလည်းမတိုက်ခိုက်ပါဘူး။ တပ်က မတိုက်ခိုက်တော့ ဒီကနေ့ဘာဖြစ်လာသလဲ။ စာဖတ်သူတို့ အားလုံးမြင်တဲ့အတိုင်းပါပဲ။ တကယ့်သာသာယာယာနဲ့နေချင်စဖွယ် သဘာဝအလှပသာဒနဲ့ပြည့်စုံလှတဲ့ လှိုင်ကော်မြို့ကို အကြမ်းဖက်အဖျက်သမားလက်နက်ကိုင်တွေ ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးပစ်လိုက်တာ ညက်ညက်ကြေမွသွားပါတယ်။ အလားတူ အခြားသောမြို့ပြတွေမှာ အကြောင်းမဲ့သက်သက်ပစ်ခတ်ဖျက်ဆီးလိုက်လို့ ပျက်စီးနေတာတွေအများကြီးပါပဲ။

ဖြစ်လာတော့မှ တပ်မတော်ကိုအပြစ်လာပုံမချစေချင်ပါဘူး။ တပ်မတော်အနေနဲ့ NCA ဆိုတဲ့ ငြိမ်းချမ်းရေးကိုအဓိကထားနေချိန်မှာ သူပုန်တွေ အမြတ်ထုတ်လိုက်တာပါပဲ။ တပ်မတော်ကပြန်လည်တိုက်စစ်ဆင်ချေမှုန်းရင် မဟုတ်မမှန်သတင်းတု၊ သတင်းမှားတွေနဲ့ ဘယ်နေရာမှာတော့ တပ်မတော်က လက်နက်ကြီးတွေနဲ့ပစ်လို့ ပြည်သူတွေဘယ်လိုသေသွားခဲ့တယ်ဆိုတာမျိုး၊ ယာယီနေရပ်စွန့်ခွာလာသူတွေကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေဖမ်းဆီးညှဉ်းပန်းနှိပ်စက်နေတာမျိုး၊ အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာတွေက အကြမ်းဖက်သူပုန်တွေရဲ့လုပ်ရပ်တွေကိုဖုံးကွယ်ဖို့နဲ့ တပ်အပေါ်အထင်မြင်လွဲမှားအောင် ဖြန့်ဝေနေတာတွေဟာအချိန်နဲ့အမျှပါပဲ။ နေ့စဉ်သတင်းစာနဲ့ ရုပ်မြင်သံကြားတွေမှာ ဒီလိုမျိုးသတင်းတု၊ သတင်းမှားတွေကိုဖြေရှင်းနေရတာကိုက အလုပ်တစ်ခုလိုဖြစ်နေပါတယ်။

ဒီလိုမျိုးပြည်ဖျက်မီဒီယာတွေသာမက အမေရိကန်လို အင်အားကြီးနိုင်ငံတွေ၊ ကုလသမဂ္ဂလိုနေရာမျိုးတွေမှာလည်း တပ်မတော်ကဘယ်လိုပဲကောင်းတာတွေလုပ်နေ၊ လုပ်နေ ကောင်းတာမှန်သမျှရဲ့ဆန့်ကျင်ဘက်တွေပဲပြောပါတယ်။ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူတွေကို သွေးထိုးမြှောက်ပင့်ပေးပြီး မြန်မာနိုင်ငံပျက်စီးရေးကိုတစိုက်မတ်မတ်လုပ်ဆောင်နေပါတယ်။ ဒါကို တိုင်းပြည်နဲ့လူမျိုးချစ်တဲ့သူတိုင်း သိမြင်ကြပါတယ်။ သိမြင်ကြလို့လဲ တပ်မတော်ရဲ့ဆောင်ရွက်မှုတွေအပေါ်၊ သဘောထားပျော့ပျောင်းနေမှုတွေအပေါ် အားမလိုအားမရဖြစ်နေမိကြပါတယ်။ ကျွန်တော်ထင်ပါတယ်။ တပ်မတော်အနေနဲ့ နိုင်ငံတော်တာဝန်အရပ်ရပ်ကိုယူထားရတဲ့အတွက် အနောက်အုပ်စုနိုင်ငံတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်စုံ ပိတ်ဆို့ခံထားရမှုတွေကြောင့်လည်း ညင်ညင်သာသာကိုင်တွယ်ဖြေရှင်းနေတာလို့မြင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ပြည်သူတွေအနေနဲ့ တပ်မတော်ရဲ့ အခက်အခဲတွေကိုသတိပြုမိပြီး တပ်မတော်ကို ငါတို့ဘယ်လိုပံ့ပိုးပေးနိုင်သလဲ။ ကာကွယ်ရေးတာဝန်ထမ်းဆောင်ဖို့ ငါတို့မှာလဲတာဝန်ရှိတယ်ဆိုတဲ့ စိတ်မျိုးရှိနေရပါမယ်။ အထူးသဖြင့် လူငယ်တွေပေ့ါ။

ရှေ့တန်းရောက်တပ်မတော်သားနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအတွက် စားသောက်ဖွယ်ရာပေးပို့လှူဒါန်းမှုတွေ၊ အားပေးတဲ့စာလွှာတွေ၊ ပစ္စည်းတွေကို တပျော်တပါးထုပ်ပိုးနေမှုတွေ၊ ဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရဌာနတွေ၊ ပြည်သူတွေရဲ့အားပေးမှုတွေဟာ တပ်မတော်သားတွေအတွက်၊ လုံခြုံရေးတပ်ဖွဲ့တွေအတွက် တကယ့်ကိုအားတက်စေပါတယ်။ "ပြည့်အင်အားသည်ပြည်တွင်းမှာသာရှိသည်"ဆိုတဲ့အတိုင်း ပြည်သူတွေရဲ့အင်အားဟာနိုင်ငံ့အင်အားပါပဲ။ အဲဒီလိုမျိုး တတ်နိုင်တဲ့ဘက်က ပါဝင်ကူညီနေကြသလို ကျွန်တော်တို့လူငယ်လူရွယ်တွေကရော ကိုယ်တိုင်ကိုယ်ကျ နိုင်ငံတော်ကာကွယ်ရေးမှာ တက်တက်ကြွကြွပါဝင်ကြမယ်ဆိုရင် တပ်မတော်အင်အားရှိလာမယ်။ တိုင်းပြည်အင်အားရှိလာမယ်။ အဖျက်သမားသူပုန်တွေနေရာကျဉ်းမြောင်းလာပါလိမ့်မယ်။

ဒီကနေ့ပေါ်ပေါက်လာတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာ အမှန်တကယ်တော့

စာမျက်နှာ ၂၇ သို့

**စာမျက်နှာ ၂၆ မှအဆက်**

ဒီမိုကရေစီစနစ်ကိုစတင်ကျင့်သုံးကတည်းက ပြဋ္ဌာန်းသင့်တဲ့ဥပဒေတစ်ခုလို့မြင်မိပါတယ်။ နိုင်ငံအတွက်ရှိသင့်တဲ့ ဥပဒေတစ်ခုပါပဲ။ နိုင်ငံတချို့မှာတော့ကျင့်သုံးနေတာကြာပြီဖြစ်ပါတယ်။ သူတို့နိုင်ငံတွေမှာတော့ အရွယ်ရောက်ပြီး သတ်မှတ်ချက်တွေနဲ့ညီညွတ်ရဲ့သားနဲ့ စစ်မှုထမ်းဖို့ရှောင်ပြေးနေရင် တကယ့်ကိုရှက်စရာကောင်းတဲ့အဖြစ်မို့ ဘယ်သူကမှအားမပေးပါဘူး။ နောက်ဆုံးပိတ် ရုပ်ရှင်မင်းသားရွေးချယ်တာတောင်မှ စစ်မှုထမ်းဖို့ပျက်ကွက်ခဲ့ရင်မရွေးချယ်ပါဘူး။ သူတို့နိုင်ငံတွေမှာ တက်တက်ကြွကြွရွှင်ရွှင်လန်းလန်းနဲ့ စစ်မှုထမ်းရတာကိုပျော်ပွဲစားထွက်ရသလိုမျိုး ပျော်ရွှင်နေကြတာတွေ့ရတော့ သြော် ငါတို့မြန်မာနိုင်ငံသားတွေ၊လူငယ်တွေမှာ ဒီလိုစိတ်မျိုးရှိစေချင်လိုက်တာလို့တွေးမိပါတယ်။

တချို့မေးကြမှာပေ့ါ။ သူတို့တပ်မတော်ကိုသူတို့ချစ်ကြတာကိုးလို့။ အဲလိုဆိုရင် ကျွန်တော်တို့ မြန်မာ့တပ်မတော်ကိုရော ပြည်သူတွေမချစ်ကြဘူးလား။ ချစ်တဲ့သူတွေမှ အများကြီး။ သို့ပေမဲ့ တပ်မတော်နဲ့ပတ်သက်တဲ့အတိတ်သမိုင်းတွေ ပြန်ပြောင်းတွေးကြည့်မယ်ဆိုရင် တပ်မတော်ပြိုကွဲအောင်၊ ပြည်သူတွေက တပ်မတော်ကိုမုန်းတီးနေအောင် ဖန်တီးသွားသူတွေရှိပါတယ်။ NLDအစိုးရလက်ထက် Debate တစ်ခုမှာ တပ်မတော်အပေါ်အကောင်းမြင်စိတ်မရှိသူတစ်ဦးက"တိုင်းရင်းသားနယ်မြေတွေမှာ စစ်တပ်ကမုဒိမ်းကျင့်တယ်။လူသတ်တယ်။ပေါ်တာဆွဲတယ်" ဆိုတဲ့စကားမျိုးပြောလာပါတယ်။ အဲဒီအခါမှာ အခြားတစ်ယောက်က **"ဒီမှာ ဒီကိစ္စတွေ တပ်ကလုပ်တယ်ဆိုတာခင်ဗျားမြင်လား၊ ခင်ဗျားမှာသက်သေအခိုင်အလုံရှိပါသလား။ ရှိရင်ကျွန်တော်ကိုယ်တိုင်တပ်ကို တရားစွဲပေးမယ်။ အထက်ကိုလဲသိအောင်တိုင်ကြားပေးမယ်၊ ပြောပါ"**ဆိုတော့၊ ပထမလူကဘာမှပြန်မပြောနိုင်ပါဘူး။

ကျွန်တော်တို့ငယ်ငယ်က စကားနဲ့ပြောရရင် "ဖြောသံကြားဖမ်းတရားနာ"ဆိုသလို တပ်မတော်အပေါ် အကောင်းမြင်စိတ်မရှိသူဟာ ငါအပိုင်တွယ်လိုက်မယ်ဆိုတဲ့သဘောမျိုးပြောတာဖြစ်ပေမယ့် သူ့မှာလက်ဆုပ်လက်ကိုင်ခိုင်မာတဲ့ သက်သေအထောက်အထားတစ်ခုမှမရှိပါဘူး။ ဒီလိုမျိုးမဟုတ်တဲ့အကြောင်းအချက်တွေ တော်တော်များများနဲ့တပ်မတော်ကို တိုက်ခိုက်နေတာ ဘယ်သူတွေလဲ။ ဘာကြောင့်သည်လိုလူတွေရဲ့စိတ်ထဲမှာ တပ်မတော်မုန်းတီးရေးဖြစ်နေရတာလဲ။

ကျွန်တော်တွေ့မြင်သမျှတော့ တပ်မတော်က နယ်လှည့်ဆေးကုပေးတယ်။ ဆင်းရဲ ချို့တဲ့သူတွေကို ဆန်နဲ့အခြားရိက္ခာတွေထောက်ပံ့ပေးတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါ ပြင်းပြင်းထန်ထန်ဖြစ်နေချိန်မှာ တပ်မတော်က ငွေကုန်ကြေးကျအများကြီးကျခံပြီး နေရာတွေပေးတယ်။ ထမင်းကျွေးတယ်။ ရောဂါပျောက်တဲ့ထိကုသပေးတယ်။ တပ်မတော်က ကယ်တင်ခဲ့လို့အသက်ရှင်တဲ့သူတွေ ကိုဗစ်-၁၉ ကာလမှာအများကြီးရှိပါတယ်။ သဘာဝဘေးကျရောက်ရင်လည်း ဒီတပ်မတော်သားတွေပဲကယ်တင်နေရတာပါ။ အနီးစပ်ဆုံးဖြစ်ခဲ့တဲ့ ရခိုင်ပြည်နယ် မိုခါမုန်တိုင်းမှာလည်း ဒီတပ်မတော်သားတွေပါပဲ။ တပ်မတော်ကလေယာဉ်တွေ၊ရေယာဉ်တွေပဲအသုံးပြုခဲ့ကြတာပါပဲ။

ဒါဖြင့်ဘာကြောင့် တပ်မတော်ကိုမုန်းတီးရေးတွေဖြစ်လာရတာလဲ။ ပြောရမယ်ဆိုရင် ပြီးခဲ့တဲ့လွှတ်တော်နှစ်ရပ်မှာ (အမျိုးသားလွှတ်တော်နဲ့ပြည်သူ့လွှတ်တော်) အဲဒီတုန်းက လွှတ်တော်ကိုယ်စားလှယ်တွေဟာ တပ်မတော်နဲ့ အတိုက်အခံပြုနေရတာကိုပဲ သူတို့အတွက် ဂုဏ်တစ်ခုလို့ မြင်နေကြတယ်။ ကိုယ်စားလှယ်တိုင်းတော့မဟုတ်ပါဘူး။ ဒါပေမဲ့

❖ကျွန်တော်တို့အားလုံးစုပေါင်းနေထိုင်ကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုတာ ကမ္ဘာတည်သရွေ့တည်တံ့နေမှာပါ။ တည်တံ့နေဖို့ရာကတော့ အားလုံးမှာတာဝန်ရှိပါတယ်။ အထူးသဖြင့် လူငယ်တွေရဲ့နှလုံးသားထဲမှာ အမြဲရှိနေရမှာပါ။ လူငယ်လို့ဆိုလိုက်တာက လူတိုင်းဟာလူငယ်ဘဝကိုဖြတ်သန်းပြီးမှသာ လူကြီးဖြစ်လာကြသူတွေဖြစ်လို့ပါ။ လူငယ်တိုင်းက ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသားတွေကို ငါတို့ကာကွယ်စောင့်ရှောက်ရမယ်ဆိုတဲ့ အသိရှိနေဖို့လိုပါတယ်။ လူငယ်ဘဝမှာဒီလိုအသိစိတ်ဓာတ်မရှိရင် လူကြီးဖြစ်လာရင်ပိုမိုဆိုးရွားသွားတော့မှာ ဖြစ်ပါတယ်။ ❖



နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များထံပေးပို့ရန် စားသောက်ဖွယ်ရာများထုပ်ပိုးနေမှုကို တွေ့ရစဉ်။

အာဏာရပါတီရဲ့ကိုယ်စားလှယ်ကများလို့ ကိုယ်စားလှယ်တွေလို့သုံးလိုက်တာပါ။ သူတို့မှာသာနိုင်ငံချစ်စိတ်အမှန်တကယ်ရှိရင် တပ်မတော်ဆိုတာ နိုင်ငံမှာမရှိမဖြစ်တဲ့အဖွဲ့အစည်းပါလား။ ဒီအဖွဲ့အစည်းရှိနေလို့ အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံဆိုတာရှိနေပါလားဆိုတဲ့စိတ်ရှိသင့်ပါလျက်မရှိခဲ့ဘူး။ ဘာကြောင့်မရှိရသလဲ။

ပြည်ပစွက်ဖက်နှောင့်ယှက်မှုတွေ၊သွေးထိုးမှုတွေ၊ အမိန့်ပေးစေခိုင်းနေတာတွေကြောင့်ပါပဲ။ ဗြိတိန်ထောက်လှမ်းရေး MI-6 မှဂျူးဖစ်ရှာ၊ စီးပွားရေးအကြံပေးရှောင်တာနယ်၊ကိုဖီအာနန်နဲ့အခြားမသိတဲ့သူတွေအများကြီးက အစိုးရကိုဝန်းရံထားတယ်။ ဒီကြားထဲပြည်ပအကြံပေး ၁၀၀ ကျော်က ဝန်ကြီးဌာနတွေကိုချုပ်ကိုင်ထားတယ်။ အစိုးရကလည်း ဒီမိုကရေစီစစ်စစ်အစိုးရလို့ပြောနေပေမဲ့ လူမှုကွန်ရက်ကို ငွေကျပ်သန်းပေါင်းခြောက်ထောင်ကျော် အကုန်အကျခံငှားရမ်းထားတယ်။ တပ်မတော်နဲ့ပတ်သက်တဲ့ လူမှုကွန်ရက်တွေကိုပိတ်ဆို့တားဆီးတယ်။ဖျက်ဆီးတယ်။အဆိုးရွားဆုံးကတော့ ဗုဒ္ဓဘာသာရဟန်းတော်တွေနဲ့ အခြားဘာသာဝင်လူသားတွေကိုတန်းညှိတယ်။ ဒါကပြည်သူတိုင်းမြင်တွေ့နေတဲ့မြင်ကွင်းတွေပါ။ (ပြည့်ပြည့်စုံစုံသိချင်ရင်တော့ နေဇင်လတ်ရဲ့ တစ်မွန်းတည့်နိုင်ငံရေးစာအုပ်ကို ဖတ်ကြည့်နိုင်ပါတယ်။)

၂၀၂၀ ရွေးကောက်ပွဲမှာ NLD ပါတီရဲ့မဲမသမာမှု ၁၁ သန်းကျော်ရှိခဲ့တာဟာဖြစ်ရပ်မှန်ပဲ။ သူတို့ကိုထောက်ခံနေတဲ့မီဒီယာတချို့ကတောင် မဲလိမ်မဲခိုး၊ မဲမသမာမှုရှိကြောင်းပြောဆိုတာမျိုး လူမှုကွန်ရက်မှာတွေ့ရှိရပါတယ်။ ဒီလိုဖြစ်လာတဲ့ကိစ္စကို အားလုံးက ညှိညှိနှိုင်းနှိုင်းတိုင်တိုင်ပင်ပင် ဖြေရှင်းလိုက်ရင်ရတဲ့ကိစ္စဖြစ်ပေမဲ့ တပ်မတော်မုန်းတီးရေးစိတ်အခံနဲ့ နိုင်ငံဖြစ်ချင်ရာဖြစ် ပြန်လည်မဖြေရှင်းဘဲနေပြီး လွှတ်တော်ကို အတင်းခေါ်ယူဖို့ကြိုးစားတယ်။ ဒါ့ကြောင့် ဒီကနေ့အရေးပေါ်ကာလအခြေအနေ ဆိုက်ရောက်ခဲ့ရတာပါပဲ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ သဘောထားရိုးဖြောင့်စွာနဲ့ နေပြည်တော်မှာရောက်ရှိနေတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို နေရပ်ပြန်ခွင့်ပြုခဲ့တယ်။ ဆူဆူပူပူနဲ့ ဆန္ဒပြတဲ့သူတွေ၊ စက်ရုံမီးရှို့သူတွေကို အနည်းဆုံးအင်အားအနိမ့်ဆုံးအဆင့်နဲ့ ညင်သာစွာဖြေရှင်းခဲ့တယ်။

လမ်းမှားကိုလျှောက်လှမ်းသွားတဲ့ ဝန်ထမ်းတွေ၊ ကျောင်းသားတွေအားလုံးကို ပြန်လည်ခေါ်ယူတယ်။ ပြည်သူတွေကိုလဲပြန်လည်ခေါ်ယူတယ်။ ဒီမိုကရေစီကို လျှောက်လှမ်းမှာဖြစ်လို့ ပါတီတွေဖွဲ့ပြီး ရွေးကောက်ပွဲဝင်ကြမယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေလည်း NCAလမ်းကြောင်းပေါ် ဆက်လျှောက်မယ်။ လက်နက်ကိုင်လမ်းစဉ်စွန့်ပြီး ပါတီထောင် ရွေးကောက်ပွဲဝင်ဖို့ အခွင့်အလမ်းတွေပေးထားပါတယ်။ အရေးပေါ်ကာလဟာ တစ်နှစ် ဒါမှမဟုတ် နှစ်နှစ်အတွင်းပြီးမြောက်ပြီး ရွေးကောက်ပွဲကျင်းပရမဲ့အနေအထားပါပဲ။ ဒါပေမယ့် လွှတ်ပေးလိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်ပထွက်ပြေးတယ်။ စင်ပြိုင်အစိုးရဆိုပြီးဖွဲ့တယ်။ ပြည်သူ့ကာကွယ်ရေးအမည်ခံပြီး ပြည်သူကိုသတ်ဖြတ်နေတဲ့ အဖွဲ့ဖွဲ့တယ်။

"တောမီးလောင် တောကြောင်လက်ခမောင်းခတ်"ဆိုတဲ့အတိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့ကလည်း NUG၊ CRPHရဲ့လက်ဝေခံPDFတွေကို အကြမ်းဖက်သင်တန်းတွေပေးပြီး နိုင်ငံပျက်စီးရေးကို ဦးတည်လုပ်ဆောင်စေခဲ့တယ်။ အမေရိကန်လိုပြည်ပနိုင်ငံတချို့ကလဲ ငွေကြေးတွေ၊ အကြမ်းဖက်နည်းပညာတွေ ထောက်ပံ့ကူညီပေးတယ်။ အကြမ်းဖက်အားလုံးအနေနဲ့ မြန်မာနိုင်ငံမှာသူတို့တွေတည်ဆောက်ထားတဲ့ လမ်းတံတား၊ ကျောင်း၊ ဆေးရုံ၊ တာဝါတိုင်၊ မီးရထားလမ်းတစ်ခုမှမရှိပေမဲ့ သူတို့ဖျက်ဆီးလိုက်တဲ့ပြည်သူပိုင်အဆောက်အအုံတွေကအများကြီးပါပဲ။ PDF တွေအကြောင်းအမျိုးမျိုးပြပြီး သတ်ဖြတ်ခံရတဲ့ ဘုန်းတော်ကြီးတွေ၊ ဆရာဝန်တွေ၊ ကျောင်းဆရာ၊ဆရာမတွေ၊နိုင်ငံ့ဝန်ထမ်းတွေနဲ့အခြားပါတီဝင် ပြည်သူတွေအရေအတွက်ဟာ အလွန်ပဲများပြားပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်ကနေ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့ထိ နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် ရဟန်း၊ သံဃာ ၈၄ ပါး ပျံလွန်တော်မူပါတယ်။ အပြစ်မဲ့ပြည်သူ၊ နိုင်ငံ့ဝန်ထမ်း ၇၂၈၄ ဦး သေဆုံးခဲ့ပါတယ်။ ဖျက်ဆီးခံရတဲ့အဆောက်အအုံ ၁၀၉၃၀ ရှိပါတယ်။ ဖျက်လို့ရတာအကုန်ဖျက်မယ်ဆိုတဲ့ စိတ်ယုတ်မာနဲ့ ပြည်သူတွေသက်သောင့်သက်သာသွားလာနေတဲ့ မီးရထားလမ်းတွေကိုလဲ မိုင်းထောင်၊ မိုင်းခွဲဖျက်ဆီးပါတယ်။ နိုင်ငံပိုင်သတင်းစာတွေမှာ ဖတ်လိုက်ရတာ အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကစပြီး အခုအချိန်ထိ ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲဖျက်ဆီးတာ ၇၉ ကြိမ်၊ ရထားတံတား၊ သံလမ်းများကိုမိုင်းခွဲဖျက်ဆီးတာ ၁၇၁ ကြိမ်၊ ဘူတာအဆောက်အအုံနဲ့ဝန်ထမ်းနေအိမ်တွေကို မီးရှို့ဖျက်ဆီးတာ ၁၆ ကြိမ်ကျူးလွန်ခဲ့ကြောင်း ဩဂုတ် ၁၆ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာတွေမှာ ဖော်ပြထားပါတယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် အကြမ်းဖက်အဖျက်သမားတွေချုပ်ငြိမ်းဖို့ဆိုတာ နိုင်ငံတော်၊ ပြည်သူနဲ့တပ်မတော်တို့စုစည်းညီညွတ်စွာဖြေရှင်းသွားရမှာဖြစ်တယ်ဆိုတာထင်ရှားလှပါတယ်။ဒါ့ကြောင့် လူငယ်တွေအနေနဲ့ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသားတွေကို ငါတို့ကာကွယ်ရမယ်ဆိုတဲ့အသိနဲ့ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် အကြမ်းဖက်အဖျက်သမားတွေပျောက်ကွယ်သွားမှာအမှန်ဖြစ်ပါကြောင်း ရေးသားလိုက်ပါတယ်။

**မန္တလာကိုကိုဝင်း**

# တရုတ်နိုင်ငံတွင် ပြီးခဲ့သည့် ဇွန်လနှင့်ဇူလိုင်လအတွင်း ရာသီဥတုလွန်ကဲမှုကြောင့် စိုက်ပျိုးမှုကုန်ကျစရိတ် မြင့်တက်ခဲ့



**ပေကျင်း ဩဂုတ် ၂၃**

တရုတ်နိုင်ငံတွင် ဇွန်လနှင့် ဇူလိုင်လအတွင်း ရာသီဥတုလွန်ကဲမှုများကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးမှုကုန်ကျစရိတ်များ မြင့်တက်ခဲ့သဖြင့် စိုက်ပျိုးသီးနှံများ ဈေးနှုန်းမြင့်တက်နေကြောင်း Ministry of Agriculture and Rural Affairsဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရာသီဥတု လွန်ကဲမှုကြောင့် စိုက်ပျိုးသီးနှံဈေးနှုန်းများမှာ ဇွန် ၂၅ ရက်မှ ဩဂုတ် ၂၁ ရက်အတွင်း နေ့စဉ်နှင့်အမျှ ဈေးနှုန်းများမြင့်တက်ခဲ့ပြီး ဇူလိုင် ၁၉ ရက် တစ်ရက်မှလွဲ၍ ကျန်ရက်များတွင် စိုက်ပျိုးသီးနှံဈေးနှုန်းများ ဆက်တိုက်မြင့်တက်ခဲ့ကြောင်း၊ ရာသီဥတုလွန်ကဲမှုကြောင့် ကုန်ထုတ်စွမ်းအားကျဆင်းခဲ့ရသကဲ့သို့ အလုပ်လက်မဲ့ ပြဿနာသည်လည်း ကြီးထွားလာပြီး ရာသီဥတုဖောက်ပြန်မှုကို အမြန်ဆုံးတိုက်ဖျက်သွားနိုင်ရန် လိုအပ်နေကြောင်း သိရသည်။

"ဟင်းသီးဟင်းရွက်ဈေးနှုန်းတွေ တော်တော်မြင့်တက်လာတယ်။ အခြေခံလူတန်းစားတွေအတွက် တော်တော်ကို ခက်ခဲတဲ့ အခြေအနေတစ်ရပ်လဲ ဖြစ်ပါတယ်။ ဈေးသွားပြီး ဈေးဝယ်ဖို့တောင် တော်တော်လေးခက်ခဲလာတယ်။ ဟင်းသီးဟင်းရွက်တောင်ဝယ်စားဖို့ အခက်တွေ့နေပြီ"ဟု စားသုံးသူတစ်ဦးဖြစ်သူ တိုတိုင်အိုက ပြောကြားခဲ့သည်။

ရာသီဥတု လွန်ကဲမှုကြောင့် သီးနှံများအထွက်နှုန်းကျဆင်းလာသကဲ့သို့ စိုက်ပျိုးမှုကုန်ကျစရိတ်သည်လည်း မြင့်မားနေခြင်းကြောင့် ဇွန် ၁၇ ရက်မှ ဩဂုတ် ၁၅ ရက်အတွင်း ဟင်းသီးဟင်းရွက်ရောင်းချမှုနှုန်းမှာ တစ်ကီလိုလျှင် ယခင် ၄ ဒသမ ၂၉ ယွမ်မှ ယခုအခါ ၆ ယွမ်ထိ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း Ministry of Agriculture and Rural Affairs ဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။

Ref : Xinhua News

Trs : Sai Sat

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူနှစ်ဦးသေဆုံး

**ဒါကာ ဩဂုတ် ၂၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့်ပြည်သူ သုံးသန်းခန့်ရှိနေပြီးအခြေခံအဆောက်အအုံများနှင့် လူနေအိမ်ခြေတချို့လည်း ပျက်စီးခဲ့ကာ သေဆုံးသူနှစ်ဦးရှိနေကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေဘေးအန္တရာယ်ကြောင့် ပြည်သူတချို့အရေးပေါ်အခြေအနေဖြင့် ဘေးလွတ်ရာရွှေ့ပြောင်းနေရပြီး လူနေအိမ်ခြေအများစုတွင် ရေပမာဏမှာ နှစ်ပေခန့်ထိနစ်မြုပ်နေကြောင်း ဘင်္ဂလားဒေ့ရှ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

"စစ်တမ်းတွေအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ သဘာဝဘေးအန္တရာယ်နဲ့ရင်ဆိုင်နေရတဲ့ပြည်သူ ၃၅ သန်းထက်မနည်း ရှိနေတာတွေ့ရတယ်။ စစ်တမ်းတွေအရ ဘင်္ဂလားဒေ့ရှ်ဟာ သဘာဝဘေးအန္တရာယ်တွေနဲ့ အဆိုးရွားဆုံးရင်ဆိုင်နေရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်"ဟု World Bank Institute ၏သုတေသီအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းနေဆဲဖြစ်သည့်အတွက်ကြောင့် လာမည့် ၂၄ နာရီအတွင်း ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်နေရသည့် ခရိုင်များမှာဖန်နီခရိုင်၊ မော်လ်ဗီဘာဇာခရိုင်၊ ဟာဘီဂန်ခရိုင်၊ ကိုမီလ်လာခရိုင်နှင့် ချက်တာဂွန်ခရိုင်တို့ဖြစ်ကြောင်းလည်းFlood Forecasting and Warning Centre(FFWC)၏ ထုတ်ပြန်သွားခဲ့သည်။

Ref : Xinhua News

Trs : Sai Sat

# အိန္ဒိယနိုင်ငံတွင် ရေလွှမ်းမိုးမှုကြောင့် လူသိန်းနှင့်ချီ၍ အကူအညီများလိုအပ်လျက်ရှိ



**နယူးဒေလီ ဩဂုတ် ၂၃**

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းတွင် ယခုသီတင်းပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံခြင်းများကြောင့် လူပေါင်းသိန်းနှင့်ချီ၍ အကူအညီများလိုအပ်လျက်ရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်ဟုယနေ့သတင်းများအရသိရသည်။

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း ထရီပူရာပြည်နယ်တွင် ရေကြီးမှုနှင့် ရွှံ့မြေပြိုကျမှုများကြောင့် အနည်းဆုံး လူ ၁၁ ဦးသေဆုံးပြီး လူထောင်နှင့်ချီ၍ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ဩဂုတ် ၁၉ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်လျက်ရှိရာ ထရီပူရာပြည်နယ်၏မြို့တော် အာဂါတာလာမြို့အပါအဝင် ဒေသအများအပြား၌ စာသင်ကျောင်းများကိုပိတ်ထားခဲ့ရပြီး အာဏာပိုင်များက ဩဂုတ် ၂၂ ရက်တွင် အနီရောင်သတိပေးချက်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အာဏာပိုင်များအနေဖြင့် ထရီပူရပြည်နယ်အတွင်း ကယ်ဆယ်ရေးစခန်းပေါင်း ၃၀၀ ကျော်ကို ဖွင့်လှစ်ထားပြီး စခန်းများသို့ရွှေ့ပြောင်းနေထိုင်သူအရေအတွက်မှာ ထောင်နှင့်ချီ၍ရှိနေကာ အခြေအနေကို အနီးကပ် စောင့်ကြည့်နေကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို အာရုံစိုက်လုပ်ဆောင်လျက်ရှိကြောင်း ထရီပူရပြည်နယ်ဝန်ကြီးချုပ် မန်နစ်ဆာဟာက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

# အမေဇုန်လင်းပိုင်များ မိုးခေါင်ရေရှားမှုကြောင့် သေဆုံးခြင်းများမှ ကာကွယ်နိုင်ရန် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဘရာဇီးလီးယား ဩဂုတ် ၂၃**

အမေဇုန်ဒေသရှိ လင်းပိုင်များ မိုးခေါင်ရေရှားမှုကြောင့် သေဆုံးခြင်းမှကာကွယ်နိုင်ရန် ဇီဝဗေဒပညာရှင်များ၊ တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့် ရေလုပ်သားများ ပါဝင်သော သုတေသနအဖွဲ့ကသည် ယခုသီတင်းပတ်အတွင်း သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးခေါင်ရေရှားမှုကြောင့် ရှားပါးနို့တိုက်သတ္တဝါလင်းပိုင်များ ရာနှင့်ချီ၍ သေဆုံးခြင်းမှကာကွယ်နိုင်ရန် အဆိုပါ သုတေသနအဖွဲ့သည် လင်းပိုင်တို့၏ ကျန်းမာရေးကိုလေ့လာရန်အတွက် ယာယီဖမ်းယူခဲ့ကာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ပြီးပါက မြစ်အတွင်း ပြန်လွှတ်၍ စောင့်ကြည့်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လင်းပိုင်များကို သုတေသနပြုရာတွင် သွေးစစ်ဆေးခြင်းနှင့် အခြားစစ်ဆေးခြင်းများ ကမ်းပေါ်တွင် ဆောင်ရွက်မည်ဖြစ်ပြီး လင်းပိုင်ခန္ဓာကိုယ်အတွင်း မိုက်ခရိုချစ်ပ်တစ်ခု ထည့်သွင်း၍ ဂြိုဟ်တုမှတစ်ဆင့် ဆက်သွယ်စောင့်ကြည့်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လင်းပိုင်များအပေါ် ထိခိုက်မှုမရှိစေရန် အထူးဂရုစိုက်ဆောင်ရွက်လျက်ရှိကာ လုပ်ငန်းများပြီးဆုံးပါက အမေဇုန်မြစ်ဝှမ်းသို့ လင်းပိုင်များကို ပြန်လည်လွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လင်းပိုင်အကောင်ရေ ၂၀ ကို ခေတ္တဖမ်းယူ၍ သုတေသနလုပ်ငန်းများလုပ်ဆောင်ရန် ရည်ရွယ်ထားပြီး လင်းပိုင်များ၏ ကျက်စားရာ ရေအနက်ပေနှင့် ရေအပူချိန်တို့ကိုကြည့်၍ ရာသီဥတုပြောင်းလဲမှုကို လေ့လာသွားမည်ဖြစ်ကြောင်း အဆိုပါသုတေသနအဖွဲ့ခေါင်းဆောင် မီရီရမ်မာမွန်တယ်က ပြောကြားခဲ့ကြောင်း သိရသည်။

အမေဇုန်မြစ်ဝှမ်းတွင် မိုးခေါင်ရေရှားမှုကြောင့် မြစ်ရေနည်းပါးမှုနှင့်အပူချိန်မြင့်တက်မှုများ မကြာခဏဖြစ်ပေါ်ပြီး ရေထဲတွင် အောက်ဆီဂျင် ပြတ်တောက်မှုဖြစ်သဖြင့် လင်းပိုင်များအပါအဝင် ငါးထောင်ပေါင်းများစွာ သေဆုံးခြင်းများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : AZH

# စပိန်နိုင်ငံ ကော်စတာဘလန်ကာနယ်မြေတွင် သောက်သုံးရေအခက်အခဲဖြစ်နေ

**မက်ဒရစ် ဩဂုတ် ၂၃**

စပိန်နိုင်ငံ ကော်စတာဘလန်ကာနယ်မြေတွင် မိုးခေါင်ရေရှားမှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး ပြည်သူများအနေဖြင့် သောက်သုံးရေအခက်အခဲဖြစ်နေကာ သောက်ရေသန့်ဝယ်ယူရေးကို တန်းစီစောင့်ဆိုင်းနေရသည့် အခြေအနေဖြစ်နေကြောင်း ကော်စတာဘလန်ကာ အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုသွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရရှိသည့် သောက်သုံးရေမှာလည်း သန့်စင်မှုမရှိသောကြောင့် သောက်သုံးရေနှင့်ချက်ပြုတ်ရေးအတွက် အသုံးပြုရန်မသင့်ကြောင်း၊ ထို့ကြောင့် ပြည်သူများ သောက်သုံးရေ ရရှိရေးအတွက် အာဏာပိုင်အဖွဲ့အစည်းက ရေသန့်ဘူးများကို အခမဲ့ဖြန့်ဝေပေးနေကြောင်းကော်စတာဘလန်ကာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"လက်ရှိအခြေအနေကတော့ ရာသီဥတုဖောက်ပြန်မှု အရေးပေါ်အခြေအနေကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ရာသီဥတုလွန်ကဲပြီး မိုးခေါင်ရေရှားမှုကြောင့် ကော်စတာဘလန်ကာမှာ သောက်သုံးရေခက်ခဲတဲ့ပြဿနာနဲ့ ရင်ဆိုင်နေရတယ်။ ကော်စတာဘလန်မှာက နွေရာသီကာလမှာ ဆောင်းရာသီကာလထက် လူဦးရေပိုများနေတာကလဲ သောက်သုံးရေရှားပါးတဲ့ ပြဿနာတစ်ရပ်ဖြစ်ပါတယ်"ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအုပ်စုဖြစ်သည့် Accio Ecologista-Agro အဖွဲ့အစည်းမှပြောရေးဆိုခွင့်ရှိသူ ဂျီအန်ဆာလာက ပြောကြားခဲ့သည်။

ရေသန့်များကို အခမဲ့စနစ်ဖြင့် တစ်ဦးချင်းစီ အကန့်အသတ်ဖြင့် ယူခွင့်ပြုနေသော်လည်း လူဦးရေများပြားသောကြောင့် သောက်သုံးရေစောင့်ယူသူများမှာ အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းနေရသည့် အခြေအနေဖြစ်ကြောင်း သိရသည်။

ကော်စတာဘလန်ကာနယ်မြေသည် ကမ္ဘာလှည့်ခရီးသည်များ နှစ်စဉ်လာရောက်လည်ပတ်လေ့ရှိသည့် နယ်မြေတစ်ခုဖြစ်ပြီး ရာသီဥတု ဖောက်ပြန်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများရှိလာခဲ့ပြီးနောက် ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှုနှုန်း ကျဆင်းခဲ့ရကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

M L

# တနင်္ဂနွေည ကစားမဲ့ပွဲစဉ်တွေထဲက အိမ်ကွင်းအားသာချက်နဲ့ ကစားလာမဲ့ ဘုန်းမောက်၊ တိုရီနိုအသင်း၊ လီဂါနက်စ် အသင်းတို့ကို အားပေးရမှာပါ



တနင်္ဂနွေည ကစားမဲ့ ဥရောပပွဲစဉ်တွေမှာ ခြေရည်တူအသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖို့ကောင်းမှာသေချာပါတယ်။ ပြီးခဲ့တဲ့တစ်ပတ် အဖွင့်ပွဲစဉ်တွေမှာတော့ အသင်းကြီးအချို့ မထင်မှတ်ဘဲ ရှုံးမှတ်တွေဆုံးရှုံးခဲ့သလို စီးရီးအေက နာပိုလီအသင်းကို ဂိုးပြတ်ရှုံးခဲ့တာကို တွေ့ရမှာပါ။ ဒါ့ကြောင့် ဒီတစ်ပတ်မှာ လက်ရှိ ကစားသမားစုဖွဲ့ထားမှုအခြေအနေနဲ့ အဖွင့်ပွဲစဉ်က ကစားပုံကိုကြည့်ပြီး အိမ်ကွင်းအားသာချက်ရှိတဲ့ အသင်းတွေကိုသာ ဦးစားပေးချဉ်းကပ်ရမှာပါ။ ဒါကြောင့် တနင်္ဂနွေညမှာ အိမ်ကွင်းအားသာချက်နဲ့ တိုက်စစ်ကစားပုံကောင်းနေတဲ့ အသင်းတွေကို အားပေးရမှာဖြစ်ပါတယ်။

**ဘုန်းမောက်အသင်းကိုရွေးချယ်ရမှာပါ**

ပရီးမီးယားလိဂ် ပွဲစဉ်(၂) မှာ အကြိုက်တွေ့မိတာကတော့ ဘုန်းမောက်နဲ့ နယူးကာဆယ် အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘုန်းမောက်အသင်းဟာ ပြီးခဲ့တဲ့အဖွင့်ပွဲစဉ်မှာ နော့တင်ဟမ်ကို အဝေးကွင်းဧည့်ခံရပေမဲ့ အပြန်အလှန်ဖိအားပေး ကစားနိုင်ခဲ့လို့ ပွဲချိန် ၈၆ မိနစ်မှာ နောက်ကျချေပဂိုးသွင်းယူခဲ့ပြီး သရေတစ်မှတ်ရခဲ့တာကို တွေ့ရမှာပါ။ နည်းပြအီရာအိုလာ လက်ထက်မှာ ကစားပုံတိုးတက်လာတဲ့ သူတို့အသင်းအနေနဲ့ အခုအပြောင်းအရွှေ့မှာ ဆိုလန်ကီကို ရောင်းချခဲ့ပေမဲ့ အီဗန်နယ်ဆန်၊ဟူဂျီဆန်၊အာရူဂျီတို့ကိုခေါ်ယူအားဖြည့်နိုင်ခဲ့တာကြောင့် ကစားအား ပိုကောင်းလာတယ်လို့ ဆိုရမှာပါ။ လက်ရှိတိုက်စစ်ကိုတော့ ဆီမီညိုဦးဆောင်နေပေမဲ့ အီဗန်နယ်ဆန် ပါလာမယ်ဆိုရင် ဆီမီညိုဟာ တောင်ပံတိုက်စစ်ပိုင်းမှာ ဆင်းကစားနိုင်တာကြောင့် တိုက်စစ်ပိုင်းထက်မြက်လာမှာ သေချာပါတယ်။ ရာသီကြိုခြေစမ်းပွဲအပါအဝင် ပြီးခဲ့တဲ့ ငါးပွဲဆက်မှာ ရှုံးပွဲမရှိသေးဘဲ တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးရခဲ့ပြီး နောက်ဆုံးအိမ်ကွင်း နှစ်ပွဲဆက်နိုင်ပွဲရခဲ့တာကို သတိပြုရမှာပါ။ အသစ်ခေါ်ယူထားတဲ့ အီဗန်နယ်ဆန်ဟာ တိုးအားရှန်းအားကောင်းပြီး အဆုံးသတ်သေချာတဲ့ ကစားသမားဖြစ်တာကြောင့် ဒီပွဲမှာ ပွဲထွက်ခွင့်ရမယ်ဆိုရင်တော့ နယူးကာဆယ်ကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာဖြစ်ပါတယ်။

နယူးကာဆယ်အသင်းဟာ ဝင်ငွေ၊ ထွက်ငွေ စည်းမျဉ်းကြောင့် အခုအပြောင်းအရွှေ့မှာ အဓိက ကစားသမားခေါ်ယူမှုသိပ်မလုပ်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ ခံစစ်ပိုင်းအတွက် လူးဝစ်ဟောကို ခေါ်ယူနိုင်ခဲ့ပြီး အသင်းက ကစားသမားတွေကိုသာ ရောင်းချဖို့ပြင်ဆင်နေတာကြောင့် အသင်းရဲ့ ကစားပုံတည်ငြိမ်ဖို့ အချိန်ယူရအုံးမယ်လို့ ဆိုရမှာပါ။ လက်ရှိအသင်းက ကွင်းလယ်ကစားသမား အန်ဒါဆန်၊ တောင်ပံက မင်တက်ဟ် တို့ကိုရောင်းချခဲ့ပြီးနောက်ပိုင်း အယ်မီရွန်၊ ထရစ်ပီယာတို့ကိုလဲ ရောင်းချဖို့ ပြင်နေတာကို တွေ့ရမှာပါ။ နည်းပြဟိုဝီကတော့ ၄-၃-၃ ကစားကွက်နဲ့ ပုံမှန်ပွဲထွက်နေပေမဲ့ ဒီကစားကွက်မှာ ကွင်းလယ်နဲ့ ခံစစ်ပိုင်းအားနည်းချက်ရှိနေတာကို သတိပြုရမှာပါ။ ကွင်းလယ်မှာ ဂွီမာရေ့နဲ့ တွဲဖက်ကစားနေတဲ့ လောင်းစတက်အနေနဲ့ အားနည်းချက်ရှိနေသလို ခံစစ်မှာလဲ ဖေဘီယန်ရှာ၊ ဘော့မန်း၊ လက်ဆဲလ်လက်စ်တို့ဒဏ်ရာ ရနေတာဖြစ်ပါတယ်။ တိုက်စစ်မှာတော့ ဂေါ်ဒွန်၊ ဂျိုလင်တန်၊ မာဖီ၊ အယ်မီရွန်၊ အစ်ဆက်ဇ်၊ ဘန်းတို့ရှိနေလို့ ဂိုးရဖို့လွယ်ကူနိုင်ပေမဲ့ ဘုန်းမောက်ရဲ့အိမ်ကွင်းအားနဲ့ ဖိအားပေးလာမယ်ဆို ခံစစ်ပိုင်းအားနည်းချက်က ပွဲရဲ့အဖြေကိုပြောင်းလဲသွားမှာသေချာပါတယ်။ နယူးကာဆယ်ဟာ ဘုန်းမောက်အိမ်ကွင်းမှာ ခြောက်ကြိမ်ကစားခဲ့ရာမှာ နှစ်ပွဲသာနိုင်ခဲ့တဲ့ အခြေအနေက ဘုန်းမောက်အိမ်ကွင်းမှာ အနည်းဆုံးသရေကစားနိုင်မှာဖြစ်လို့ အိမ်ရှင်ကိုပဲ ရွေးချယ်ရမှာပါ။

**ဘုန်းမောက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဝီဟမ်း | ၁ | - | ၁ | ဘုန်းမောက် |
| အာဆင်နယ် | ၁ | - | ၁ | ဘုန်းမောက် |
| ဘုန်းမောက် | ၁ | - | ၀ | ဗယ်လ်ကာနို |
| ဘုန်းမောက် | ၃ | - | ၂ | ဂျီရိုနာ |
| နော့တင်ဟမ် | ၁ | - | ၁ | ဘုန်းမောက် |

**နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အူရာဝါ | ၁ | - | ၄ | နယူးကာဆယ် |
| ယိုကိုဟားမား | ၂ | - | ၀ | နယူးကာဆယ် |
| နယူးကာဆယ် | ၄ | - | ၀ | ဂျီရိုနာ |
| နယူးကာဆယ် | ၁ | - | ၀ | ဘရက် |
| နယူးကာဆယ် | ၁ | - | ၀ | ဆောက်သမ်တန် |

**တိုရီနိုအသင်းနဲ့လက်တွဲရမှာပါ**

အီတလီစီးရီးအေပွဲစဉ်(၂) မှာအကြိုက်တွေ့တာကတော့ တိုရီနိုနဲ့ အတ္တလန်တာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ တိုရီနိုဟာ ဇူလိုင်လမှာ နည်းပြသစ်ခန့်အပ်ပြီးနောက်ပိုင်း ကစားကွက်ပိုင်း ပိုကောင်းလာတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ရာသီကြိုခြေစမ်းပွဲစဉ်တွေမှာလဲ ရလဒ်ပိုင်းကောင်းခဲ့ပြီး တိုက်စစ်က သွင်းဂိုးရှစ်ဂိုးထိ ရခဲ့တာကိုကြည့်ရင် ပြီးခဲ့တဲ့ရာသီက ကစားပုံမျိုး မဟုတ်တော့တာကို သတိပြုရမှာပါ။ ဒ့ါပြင် အဖွင့်ပွဲစဉ်မှာ အေစီမီလန်လို အိမ်ကွင်းအားသာချက်နဲ့ ကစားသမားကောင်းတွေရှိတဲ့အသင်းကို နှစ်ဂိုးပြတ်နဲ့ ဦးဆောင်ထားနိုင်ခဲ့ပြီး ပွဲပြီးခါနီးမှ ကစားအားလျှော့ချခဲ့လို့ ချေပဂိုးနှစ်ဂိုး ပြန်ပေးခဲ့ရပြီး သရေကစားနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ အေစီမီလန်ကိုကစားသွားတဲ့ တန်ပြန်တိုက်စစ်က အားရစရာကောင်းခဲ့ပေမဲ့ ခံစစ်ပိုင်းကစားအားကတော့ အနည်းငယ်လိုအပ်ခဲ့တာကို တွေ့ရမှာပါ။ နည်းပြ ဗာနိုလီကတော့ ၃-၅-၂ ကစားကွက်နဲ့ တိုက်စစ်မှာ ဇာပါတာ၊ ဆာနာဘရီယာ တို့ကိုအထောင်ထားခဲ့ပြီး ကွင်းလယ်က လာဇာရို၊ ဘယ်လာနိုဗာတို့ရဲ့ ရှန်းအားတွေနဲ့ ဖိအားပေးခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ ကစားသမားသုံးဦး ဒဏ်ရာရနေပေမဲ့ ချီအဒမ်၊ ဆိုဆာတို့လို ခြေစွမ်းပြကစားသမားနှစ်ဦး ခေါ်ယူခဲ့တာကြောင့် အခုပွဲမှာ ကစားပုံတိုးတက်လာမှာ သေချာပါတယ်။

အတ္တလန်တာအသင်းဟာ ပြီးခဲ့တဲ့ အဖွင့်ပွဲစဉ်မှာ လက်ချီအသင်းကို အဝေးကွင်းမှာ ခြေစွမ်းပိုင်းအသာနဲ့ ကစားနိုင်ခဲ့တာကြောင့် လေးဂိုးပြတ်နဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ တိုက်စစ်က စကာမက်ကာ ဒဏ်ရာကြောင့် ကာလရှည်နားရမှာဖြစ်လို့ စီးရီးအေပြိုင်ပွဲ အတွေ့အကြုံရှိတဲ့ ရီတီဂူကိုခေါ်ခဲ့ပြီး တိုက်စစ်ပိုင်း ဖြည့်တင်းခဲ့တာကို တွေ့ရမှာပါ။ ရီတီဂူဟာ အဖွင့်ပွဲမှာ အသင်းနဲ့ခြေစွမ်းပြပြီး သွင်းဂိုးနှစ်ဂိုးထိ သွင်းယူခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ တိုက်စစ်မှူး လွတ်မန်းအနေနဲ့ ပီအက်စ်ဂျီကို ပြောင်းရွှေ့ဖို့ သေချာနေတာကြောင့် လာမဲ့ပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းအားနည်း သွားမလားဆိုတာ စောင့်ကြည့်ရမှာပါ။ နည်းပြဂတ်စ်ပါရီနီကတော့ ဆူလီမန်နာ၊ ဆာမာဒစ်၊ ဘယ်လာနိုဗာ ဇန်နီအိုလို၊ ဂေ့ါဖရီတို့လို အလယ်တန်းအဆင့် ကစားသမားတွေ ခေါ်ယူအားဖြည့်ခဲ့ပေမဲ့ ရာသီကြို ခြေစမ်းပွဲစဉ်တွေမှာ ရလဒ်ဆိုးရွားခဲ့ပြီး နိုင်ပွဲပျောက်ခဲ့တာကို သတိပြုရမှာပါ။ ဒ့ါပြင် ကိုလာဆီနက်ခ်၊ ဇန်နီအိုလို၊ ဆကာမက်ကာတို့လို ကစားသမားတွေ ဒဏ်ရာရနေတာကလဲ အသင်းကစားအား ကျဆင်းသွားနိုင်ပါတယ်။ အကျောပေးမှုကလဲ သရေရလဒ်ဆို အတ္တလန်တာက အနည်းငယ်ဆုံးရှုံးမဲ့ အခြေအနေမို့လို့ အိမ်ကွင်းအားသာချက်ရှိတဲ့ တိုရီနိုနဲ့ပဲ လက်တွဲရမှာပါ။

**တိုရီနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| တိုရီနို | ၁ | - | ၂ | ခရီမိုနန်စီ |
| လိုင်ယွန် | ၀ | - | ၀ | တိုရီနို |
| မက်ဇ် | ၀ | - | ၃ | တိုရီနို |
| တိုရီနို | ၂ | - | ၀ | ကိုဆင်ဇာ |
| အေစီမီလန် | ၂ | - | ၂ | တိုရီနို |

**အတ္တလန်တာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အယ်ခမာ | ၂ | - | ၂ | အတ္တလန်တာ |
| ပါးမား | ၄ | - | ၁ | အတ္တလန်တာ |
| စိန့်ပေါ်လီ | ၃ | - | ၀ | အတ္တလန်တာ |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၀ | အတ္တလန်တာ |
| လက်ချီ | ၀ | - | ၄ | အတ္တလန်တာ |

**လီဂါနက်စ်အသင်းအနိုင်ရမှာပါ**

လာလီဂါပွဲစဉ်(၂) မှာ အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ လီဂါနက်စ်နဲ့ လက်ပါးမက် အသင်းတို့ပွဲစဉ်ပဲ ဖြစ်ပါတယ်။ လီဂါနက်စ်ဟာ အခုရာသီမှ လာလီဂါကို တန်းတက်ခွင့်ပြန်ရခဲ့ပေမဲ့ အဖွင့်ပွဲစဉ်မှာ အိုဆာဆူနာကို ဖိအားပေးကစားနိုင်ခဲ့ပြီး သရေတစ်မှတ်ရယူခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီ ဆီဂန်ဒါပြိုင်ပွဲမှာ အဆင့်(၁) နဲ့ရပ်တည်ခဲ့ပြီး ဆုဖလားရရှိခဲ့တာဖြစ်ပါတယ်။ ဒ့ါကြောင့် တန်းတက်ခွင့်ရလာချိန်မှာ အသင်းရဲ့ ကစားပုံနဲ့ ကိုက်ညီတဲ့ ကစားသမားအများအပြားအားဖြည့် ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ရာသီကြိုခြေစမ်းပွဲ လေးပွဲမှာလဲ ရှုံးပွဲမရှိခဲ့ဘဲ တိုက်စစ်ပိုင်းက ခုနစ်ဂိုးထိ သွင်းယူနိုင်ခဲ့တာကို ကြည့်ရင် လီဂါနက်စ်အသင်း အရင်နှစ်က ခြေစွမ်းကိုဆက်လက် ထိန်းသိမ်းနိုင်တယ်လို့ ပြောရမှာပါ။ အခုပွဲမှာလဲ ပြိုင်ဘက်က ခြေရည်တူအသင်းဖြစ်နေတာကြောင့် အိမ်ကွင်းအားသာချက်နဲ့ ပွဲချိန်ပြည့်ဖိအားပေးကစားနိုင်ဖို့ သေချာနေသလို ထိပ်တိုက်တွေ့ဆုံမှုတွေမှာလဲ အသာရထားတာကို တွေ့ရမှာပါ။

လက်ပါးမက်အသင်းကတော့ အိမ်ကွင်းပွဲစဉ်တွေမှာ ရလဒ်ကောင်းအောင် ကြိုးပမ်းခဲ့တာကြောင့် ပြီးခဲ့တဲ့ရာသီမှာ တန်းဆင်းဇုန်က လွတ်မြောက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ အသင်းအနေနဲ့ ပရီးမီးယားလိဂ်နဲ့စပိန်ဆီဂန်ဒါကလပ်က ကစားသမားအများစုကို ခေါ်ယူအားဖြည့်ထားပေမဲ့ အဝေးကွင်း ကစားပုံကို ထိန်းသိမ်းနိုင်ခြင်း မရှိသေးပါဘူး။ ရာသီကြိုခြေစမ်းပွဲတွေမှာလဲ အိမ်ကွင်းတစ်ပွဲသာနိုင်ပွဲရခဲ့ပြီး ကျန်ပွဲတွေမှာ ရှုံးပွဲကြုံခဲ့သလို နောက်ဆုံး အဝေးကွင်းသုံးပွဲဆက် ခံစစ်ပိုင်းက ပေးဂိုး ငါးဂိုးထိရှိခဲ့တာကို သတိပြုရမှာပါ။ ပြီးခဲ့တဲ့ အဖွင့်ပွဲစဉ်မှာ ဆီဗီးလားကို နှစ်ဂိုးစီ သရေကစားနိုင်ခဲ့တဲ့ ခြေစွမ်းက အားရစရာကောင်းပေမဲ့ အိမ်ကွင်းမှာ ဖြစ်နေတာကို တွေ့ရမှာပါ။ လက်ပါးမက်အသင်းဟာ အဝေးကွင်းမှာဆို ပုံမှန်အသုံးပြုနေတဲ့ ၄-၂-၃-၁ ကစားကွက်နဲ့ ခံစစ်အသားပေး ကစားခဲ့ပေမဲ့လဲ ပွဲချိန်ကြာလာတာနဲ့ ခံစစ်ပိုင်း အားနည်းချက်ရှိလာတာကြောင့် ရှုံးပွဲကြုံခဲ့ရတယ်လို့ ဆိုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာလဲ တစ်ပွဲသာအနိုင်ရခဲ့တဲ့ ခြေစွမ်းပိုင်း အားရစရာမရှိတာကြောင့် အခုပွဲမှာ အိမ်ကွင်းအားသာချက်နဲ့ အသင်းလိုက်ကစားအားကောင်းနေတဲ့ လီဂါနက်စ်အသင်းပဲ အနိုင်ရသွားမှာပါ။

**လီဂါနက်စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဂါနက်စ် | ၂ | - | ၀ | အယ်ချီ |
| ရှက်ဖီး(w) | ၀ | - | ၀ | လီဂါနက်စ် |
| အိုဗီဒို | ၁ | - | ၂ | လီဂါနက်စ် |
| ဒီပို့တီဗို | ၁ | - | ၃ | လီဂါနက်စ် |
| အိုဆာဆူနာ | ၁ | - | ၁ | လီဂါနက်စ် |

**လက်ပါးမက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လက်ပါးမက် | ၁ | - | ၁ | ဂရန်နာဒါ |
| အင်တာမီလန် | ၀ | - | ၃ | လက်ပါးမက် |
| လက်ပါးမက် | ၄ | - | ၀ | ယာအီဇာ |
| လီဗာပူး | ၀ | - | ၀ | လက်ပါးမက် |
| လက်ပါးမက် | ၂ | - | ၂ | ဆီဗီးလား |

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
# ကြော်ငြာစာအမှတ်(၁/၂၀၂၄)
## (၂၀၂၄ ခုနှစ် ဩဂုတ်လ ၇ ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့ (သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၄ ခုနှစ် ဇွန်လ(၃၀)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင် ရယူနိုင်ပါသည်-

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများ ကို ၇-၈-၂၀၂၄ ရက်မှ ၂၉-၈-၂၀၂၄ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ပြည်နယ်၊ မြို့ နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နှင့် ၃၀ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၈၈၈၃၅၅၈၊ ၀၉-၄၀၁၆၀၅၀၇၁ |


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၀၉ (ရုံးချိန်အတွင်း)


**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမုတ်ပိသဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မအူပင် ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမုတ် ပိသဿာချိန် ၈၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ငါးမုတ် ပိသဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ငါးမုတ် ပိသဿာချိန် ၈၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးမုတ်များကို ပြည်တွင်းဈေးကွက်တွင် ဝယ်ယူမှုများလာခြင်းကြောင့် တင်ပို့အားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"မအူပင်မြို့နယ်က ငါးမုတ်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချအား ကောင်းခဲ့ပါတယ်။ ဇူလိုင်လ တစ်လအတွင်း ငါးမုတ် ပိသဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသပွဲရုံတွေကို မအူပင်မြို့နယ်က ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးမုတ်တွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ငါးမုတ်တွေ ဝယ်ယူမှုများလာတော့ ရေလုပ်ငန်းနဲ့ဆက်စပ်နေသူတွေ အဆင်ပြေနေတာ တွေ့ရပါတယ်။ မအူပင်မြို့နယ်က ထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချရတာ အစစအရာရာ အဆင်ပြေပါတယ်"ဟု မအူပင်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

မအူပင်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးမုတ်များအပါအဝင် ရေထွက်ကုန်များကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ရန်ကုန်ဈေးကွက်မှ တစ်ဆင့် အခြားဒေသများသို့ ပြန်လည် တင်ပို့ရောင်းချလျက်ရှိကြောင်း၊ လက်ရှိ တစ်ရက်လျှင် ငါးမုတ်ပိသဿာချိန် ၁၀၀ မှ ၅၀၀ ကျော်ထိ အရောင်းအဝယ်ဖြစ်နေကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မင်းလှမြို့နယ် လဲပင်ကျင်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း စစ်ဆေး

**မင်းလှ ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လဲပင်ကျင်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့်ဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ လဲပင်ကျင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

မင်းလှမြို့နယ် လဲပင်ကျင်းကျေးရွာ၌ လမ်းအရှည် ၄၁၈ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသော ငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် သုည ဒသမ ၅ သန်း စုစုပေါင်း ငွေကျပ် ၁၀ ဒသမ ၅ သန်းဖြင့် မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာ ပြည်သူလူထုကိုယ်တိုင် ဇွန် ၂၅ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက လဲပင်ကျင်းကျေးရွာရှိ ပြည်သူများ၏ သွားလာရေးလွယ်ကူစေမည်ဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးထံမှ သိရသည်။

**ကိုညို**

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ပြိုက်မက်မောစွာ အသုံးပြုနေသော

ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။


(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။

ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊
Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ Internet Bill ပေးဆောင်ခြင်း၊
E-Top up Bill ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊ ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း



အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်-၆၅၄ ရှိ မြန်မာ- တရုတ် ပရဆေးဆိုင်အမှုဆောင်အဖွဲ့ ၁။ တန်ချောင်ရိပ် (ခ) ဦးအောင်ကျော်ရင် ၂။ ဦးပိုနီ (ခ) ဦးအောင်ဝင်း ၃။ လိုရန်ကွေး (ခ) ဦးမျိုးအောင် ၄။ ကောင်ဖတ်ချန် (ခ) ဦးသန်ချောင်း တို့က မြန်မာ-တရုတ် ပရဆေးဆိုင်အစုရှယ်ယာရှင်များ၏ (၂၇-၃-၂၀၂၄)နေ့တွင်ကျင်းပသော သင်းလုံးကျွတ်အစည်းအဝေးမှတ်တမ်းဖြင့် ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်-၆၅၄ ဟုခေါ်တွင်သော သုံးထပ်တိုက် အဆောက်အအုံ၊ ယင်းအဆောက်အအုံရှိ မြန်မာ-တရုတ်ပရဆေးဆိုင်၊ ဆေးဆိုင်အမည်၊ ဆေးပစ္စည်းများ၊ လုပ်ငန်း သုံးပစ္စည်းများ၊ ပရိဘောဂများအားလုံးတို့ကို ရောင်းချ၍ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်သဘောတူပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပထမအရစ် ရောင်းဖိုးငွေပေးချေပြီးဖြစ်ပါသည်။ ပထမအရစ် ရောင်းဖိုးငွေပေးစာချုပ်တွင် မြေပိုင်ရှင် နိန်ရန်ဝေကွမ်းဘုရားကျောင်းဂေါပကမှ သက်သေလက်မှတ်ရေးထိုးပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော တရားဝင်စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန္ဒာသိန်း (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၈)
တိုက်-၉/၁၁၊ အခန်း(၂၀၂-အေ)၊ ဒုတိယထပ်၊
၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ အကွက်အမှတ် (၈၅/၄)၊ တောင်ဥယျာဉ်တွင် တည်ရှိသော အကျယ်အဝန်း တောင်မြောက် (၂၈-ပေ၊ ခြောက်လက်မ)၊ အရှေ့အနောက်(မြောက်ဘက်ခြမ်း) (၃၅-ပေ)၊ အရှေ့အနောက် (တောင်ဘက်ခြမ်း)(၃၃-ပေ၊ ၆ လက်မ) အကျယ်အဝန်းရှိမြေကွက်နှင့် မြေကွက်ပေါ်ရှိ ထရံကာသွပ်မိုး (၂)ထပ်အိမ်အဆောက်အအုံ၊ ရေမီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဦးရဲထွန်း (၁၄/ဖပန(နိုင်)၀၀၅၃၇၄) (ဇနီး) ဒေါ်သင်းသင်းချို (၉/မရတ(နိုင်)၁၁၀၂၆၀) တို့မှ စာချုပ်အဆက်စပ်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိဘဲ ရောင်းချခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းဇော်ဦး (၉/နထက(နိုင်)၀၈၈၄၃၅)မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါနေအိမ်မြေကွက်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန်းထွန်းအောင် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၃၄၉)
မှန်တန်းရပ်၊ နယ်မြေ(၁)၊ အမရပူရမြို့နယ်
မန္တလေးမြို့။ 09-445947474

## ပျောက်ဆုံးကြောင်း

ဝိုင်းမော်မြို့နယ်၊ ခတ်ချိုရပ်ကွက်နေ မခင်ခင်သိန်း(ဘ)ဦးအောင်သန်း(ခ)မျိုးမြင့် (၁/ဝမန(နိုင်)၁၀၁၇၂၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-341805)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၇၅၁၃၇၂၆၃

အဖိုးတန်

ရေချိုကို

ချွေတာကြပါစို့

## ဖခင်အမည်မှန်

မလှိုင်မြို့၊ မိသားစု ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 မှ မသန့်ဖြူဇင် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုင်းမြင့်မောင် ဖြစ်ပါကြောင်း။

ဦးစိုင်းမြင့်မောင် (၅/ဝလန(နိုင်)၀၉၆၀၃၉)

## အမည်မှန်

မလှိုင်မြို့နယ်၊ အလက (သဲကန်)၊ Grade-1 တွင် ပညာသင်ကြားနေသော (ဘ) ဦးစန်းမြင့်အောင် (၉/မလန(နိုင်)၁၃၁၅၁၃)၏သမီး မစိုင်းမန် ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မသီရိပြည့်စုံ ဖြစ်ပါကြောင်း။

မသီရိပြည့်စုံ

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ စာအုပ်စာပေများသည် လူ့မိတ်ဆွေများဖြစ်ပြီး စာပေမြင့်မှ လူမျိုးတင့်မည်ဖြစ်...

❖ စာပေသည် နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေး...

❖ "ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်"ဆိုသည့် သတိပေးဆိုရိုးစကားအတိုင်းလိုက်နာပြီး ယဉ်ကျေးမှု မပျောက်ပျက်အောင်၊ ခိုင်မြဲတည်တံ့အောင် ဆက်လက်တည်ဆောက်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ပြုလုပ်သော ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု ဆုနှင်းသဘင်အခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာဆောင်ရွက်ထားရှိမှုများကို စစ်ဆေး၊ တောင်ငူမြို့တပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးအခြေအနေများကို သွားရောက်ကြည့်ရှုအားပေး



နေပြည်တော် ဩဂုတ် ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

**ပြည်ပမှ စက်သုံးဆီသင်္ဘောများအစီအစဉ်အတိုင်း ဆိုက်ကပ်လျက်ရှိပြီး ပုံမှန်ဖြန့်ဖြူးမှုအပြင် တိုးမြှင့်ဖြန့်ဖြူးမှုကြောင့် အရောင်းဆိုင်များ၏ဖြန့်ဖြူးမှု ပုံမှန်အခြေအနေသို့ ရောက်ရှိခဲ့ပြီး စက်သုံးဆီဈေးနှုန်းများလည်း ယခင်ထက် လျော့နည်းကျဆင်း**

စာမျက်နှာ- ၂၀